www.burmeseclassic.com

စိန်မိုးယံစာပေ

# ဖိုးပုည

# ၁၂ နာရီ

XII

BURMESE CLASSIC

IX

III

VI

## 12 : 00 O' Clock

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပျောက်ဆုံးသွားတဲ့ယှူတစ်ယောက် | ၉ |
| ၂။ | သံသယမီးတောင် | ၁၇ |
| ၃။ | သရဲမီးလုံး | ၂၃ |
| ၄။ | အရိပ်မည်းကြောင့် ကြောင်တစ်ကောင်သေ | ၃၂ |
| ၅။ | ထူးဆန်းတဲ့အရက်ပွဲတော် | ၄၁ |
| ၆။ | ငှက်ဆိုးထိုးသံ | ၅၀ |
| ၇။ | ကျော်သုံးကျော် | ၅၅ |
| ၈။ | နတ်ပွဲကိုအခွင့်အရေးယူပြီး | ၆၅ |
| ၉။ | မဟူရာညကိုအဖော်ပြု၍ | ၇၃ |
| ၁၀။ | ကြီးမားတဲ့ရန်ပွဲတစ်ခု | ၇၇ |
| ၁၁။ | မြို့ကလာတဲ့ဧည့်သည်များ | ၈၄ |
| ၁၂။ | ချောင်းအော်သံ | ၉၁ |
| ၁၃။ | ဝံပုလွေအန္တရာယ် | ၉၉ |
| ၁၄။ | ဝံပုလွေဟန်ဆောင်သောလူ | ၁၀၃ |
| ၁၅။ | ရွာအစွန်စံအိမ်ကြီးကို ထွက်လာခဲ့ခြင်း | ၁၁၁ |
| ၁၆။ | အခန်းတွင်းမှ ကြောင်နက် | ၁၂၃ |
| ၁၇။ | မာန်ဟုန်ကင်းနေသောစိတ်များ | ၁၂၉ |
| ၁၈။ | အားကိုးရသူကြီးရယ် | ၁၃၃ |
| ၁၉။ | ကယ်သူဝေးလို့ အသက်သေနိုင် | ၁၃၅ |
| ၂၀။ | ကျွန်ုပ်နှင့် ထူးဆန်းတဲ့အကောင်ကြီး | ၁၃၉ |
| ၂၁။ | အိမ်ရှေ့ကိုယ်တော်နှင့် ဝတီ | ၁၄၁ |
| ၂၂။ | အခန်းတွင်းမှ အကောင်များ | ၁၄၅ |
| ၂၃။ | ဆယ့်နှစ်နာရီ | ၁၄၉ |
| ၂၄။ | သရဲငိုလာပြီ | ၁၅၅ |
| ၂၅။ | အမိုက်ဇာတ်သိမ်းသွားသူများ | ၁၅၇ |




www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၂၅၆၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၀၆၉၀၇၀၉
၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။
စီစဉ်သူ - ကိုမြိုး(စိန်မိုးသံစာပေ)
မျက်နှာဖုံးနှင့်အတွင်းဝန်ဆို -K.T.E
ထုတ်ဝေသူ - ဦးကျော်သန်း(ရဲအောင်စာပေ)
အမှတ်(၂)၊ ချွန်း(၁) လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးနှင့် - ဦးကျော်စိန် (ကျောက်စိမ်းစာပေ)
အတွင်းပုံနှိပ်သူ အမှတ်(၁၇၁) ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ကျပ်

မင်းပုညာ ၈၉၅.၈၃
၁၂နာရီ။
ရဲအောင်စာပေစာပေ၊ ၂၀၀၉။
၁၆၃-စာ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
(၁) ၁၂နာရီ။





# ၁၂နာရီ ၏ ဒါန်း




လကွယ်ည. . .

ငင်းညကို ရောက်ရှိသည်နှင့် နေထိုင်သူတွေအတွက် မကောင်းဆိုးဝါးများနှင့် ရင်ဆိုင်ရသလို ခံစားနေရသည်။ ထိုသူများသည် လကွယ်ညကို မရောက်ပါစေနှင့်ဟု အမြဲမပြတ် ဆုတောင်းနေကြသည်။

သဘာဝကြီးက ဖန်တီးထား၍ တောင်းသည့်ဆုများက အရာမထင်။

ညသည် ပိန်းမှောင်မိုက်သည်ဟု ထင်နေကြသည်။ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တာရာများ မရှိသလောက် ကင်းမဲ့နေသည်။

တွေ့နေ့တွေက တစ်ရွေ့ရွေ့ ဖြတ်သန်းသွားလာ လှုပ်ရှားနေသည်။ ညဥ့်နက်ပိုင်းကိုကူးနေ၍ နောက်တစ်နေ့ဆိုတာကိုရောက်ရှိရန် ကြိုးစားနေသည်။ ညအမှောင်ကို အဖော်ပြုကာ မည်းမည်းအရာကြီးသည် ရွာစဉ်လမ်းမအတိုင်း သွားနေသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်"

ရွာတောင်ပိုင်းက ဆယ့်နှစ်နာရီ သံချောင်းခေါက်သံဖြစ်သည်။ သံချောင်းခေါက်သံသည် အဝေးကကြားနေရသည်။

"အား. . . အမလေး"

"ကယ်ကြပါဦး"

ထစ်မထွက်ပေါ်လာသည့် အသံသည် နေထိုင်သူများ အတွက် ကျက်လှန့်ခြောက်ခြားစရာ တစ်ခုဖြစ်နေသည်။

ကြားလိုက်ရသူများ ရင်ထဲမှာ နှမြောတသ ကြေကွဲစရာများ ဖြစ်ပေါ်လာသည်။

"သွားပြန်ပြီ တစ်ယောက်တော့"

ဟု ပြောလိုက်ကြသည်။ မနက်လင်းသည်နှင့် ဘယ်သူ ဖြစ်ကလည်းဆိုတဲ့ သတင်းကိုသာ နားထောင်ရတော့မည်။

♛♛♛♛♛







အထက်ဖော်ပြလိုက်သည်။ ဖြစ်ရပ်သည် ကျွန်တော့်တွင် ထွန်းလွှာထူးဆန်းနေသည်။ လောကမှာ ဤမျှလောက် ထူးဆန်းတာတွေ ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် မျှော်လင့်မထားခဲ့ပေ။

ထိုကဲ့သို့ဖြစ်တတ်တာတွေ ရှိနေပါလားဆိုတာကိုလည်း မမြင်တွေ့ခဲ့ဘူးပေ၊ ၎င်းဖြစ်ရပ်ကိုတွေ့ဆုံဖို့ရာ ခရီးတစ်ခုကို ထွက်ဖြစ်ခဲ့လိုက်တာ ဖြစ်သည်။ ကျွန်တော်သည် ငယ်ရွယ်စဉ် မှတ်မိတဲ့အရွယ်ကတည်းက မှတ်တမ်းရေးတတ်တဲ့ အကျင့်ရှိသည်။

တစ်နေ့တာ ဖြတ်သန်းလာခဲ့ရတာတွေကို အမြဲတမ်းရေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့. . .

စာမေးပွဲ ဖြေဆိုပြီးတဲ့. . .

ကျွန်တော်နဲ့ ဟိုက်စကူးကျောင်းကို အတူတက်နေတဲ့ သူငယ် ချင်းက သူ့ရွာကိုအလည်လိုက်ရန် ဖိတ်ခေါ်သည်။ ကျောင်းပိတ်ရက် အပန်းဖြေခရီးထွက်ရန် မိဘများထံခွင့်ပန်ပြီး လိုက်ရန်ဆုံးဖြတ် ခဲ့သည်။

ကျွန်တော်နှင့်အတူ ကျောင်းနေဘက်သူငယ်ချင်းသုံးယောက် ပါသည်။ ထိုခရီးကို လိုက်ပါတဲ့အတွက် အတွေ့အကြုံတစ်ခု လိုက်သည်။ ကျွန်တော့်ဘဝတစ်လျှောက် မေ့ပျောက်လို့မရတဲ့ ဖြစ်ရပ်များသာဖြစ်သည်။ ထိုအတွေ့အကြုံများကို စာမျက်နှာ တစ်မျ ဝေတင်ရေးသားလိုက်မိပေတော့သည်။

♛♛♛♛♛





# အခန်း

# -၁-



## ပျောက်ဆုံးသွားတဲ့ လူတစ်ယောက်

ပဥ္စရူပရွာလေးသည် လွန်စွာအေးချမ်းသည်။

ရှေးနှစ်ပေါင်းများစွာက တည်ရှိသည့် ရွာကလေးဖြစ်သည်။

အိမ်အိုအိမ်ဟောင်းကြီးများ လွန်စွာပေါများသည်။ ကြီးမားတဲ့ အပင်ကြီးများရှိသည်။ ကျယ်ဝန်းတဲ့ခြံကြီးရဲ့အလယ်မှာ ဆောက်ထားတဲ့ အိမ်ကြီးများက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကို ပြန်လည်ရောက်ရှိနေသလို ခံစားရသည်။ ခြံကြီးတွေရဲ့ အတွင်းမှာ အပင်ပေါင်းများစွာရှိနေ သည်။ အပြင်ကကြည့်လျှင် အတွင်းကအိမ်ကို အလွယ်တကူ မမြင် တွေ့နိုင်။ သစ်ပင်ကြီးများ ဖုံးအုပ်ထားသည်။

ရွာတွင်နေထိုင်သူများသည် လွန်စွာရိုးသားကြသည်။ လယ်

www.burmeseclassic.com



သာကိုင်းအလုပ်များနှင့် အချိန်တွေကုန်နေကြတာကြောင့် တစ်ခြားအကြောင်း သတိမပြုမိပေ။ ကျောင်းကန်စေတီများက ရွာဦးထိပ်မှ ခန့်ညားစွာတည်ရှိနေသည်။ အေးဆေးစွာ နေထိုင်တတ်တဲ့ ရွာကလေးဟာ ယခုတော့ ကျိမ်စာသင့်သလို ဖြစ်နေသည်။ ထိုရွာသားများအတွက် ထိတ်လန့်တုန်လှုပ်စရာများဖြစ် ကြုံတွေ့နေရသည်။ တစ်နေ့သော တွင်ညတစ်ညြီး ထိုဖြစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။ ထိုဖြစ်ရပ်များကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြလိုက်ရပါသည်။

အမှောင်ထုများကို ခံတုန်၍ လှည်းလေးယောက်တို့သည် ရွာတောင်ပိုင်း အလှူက ပြန်လာကြသည်။ အလှူဆိုသည်မှာ ဒေါ်သုဆိုသည့် မိန်းမကြီးသေဆုံးသွားသည်။ လှည်းများ ဖဲကစားပြီးပြန်လာသည်။

"ဒီအဖွားကြီးက အကျိုးမပေးဘူးကွာ"

"ဟုတ်တယ်ကွာ. . . တစ်ရက်မှ မနိုင်သေးဘူး။ အမြဲရှုံးနေတာပဲ"

"ငါတို့ကို ဘယ်လောက်ထိများ မုန်းနေသလဲ မသိဘူး"

ကျေးရွာမှ လူတစ်ယောက် ပျောက်ကွယ်သွားလျှင် ဖဲရိုက်ကြတာဟာ ဓလေ့တစ်ခုလို ဖြစ်နေသည်။ ရွာရှိလူအများနှင့် တစ်ခြားရွာကလူများသည် ထိုကိစ္စကိုကြားလိုက်သည်နှင့် ငွေကြေးများကိုယူလာကြသည်။ ဖဲဝိုင်းထိုင်ကြသည်။ အနိုင်ရလျှင် မိသားစုကိုပြန်ပေးတတ်သည့်ထုံးစံမရှိ။ ကုန်သွားသည့်အခါ ပြန်တောင်းတတ်သည်။

တစ်ချို့လူများက အသုဘ ရက်လည်ပြီးတာတောင် မပြန်။ လေးငါးရက် နေထိုင်တတ်သည်။ ရွာသားများသည် အသုဘမှ မကျေနပ်ချက်များကို ပြောဆိုနေကြသည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်"

နာရီသံချောင်းသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။





သံချောင်းသည်(၁၂) နာရီ သံချောင်းခေါက်သံဖြစ်သည်။ ရွာသားများသည် စကားပြောလာကြရင်း မိမိတို့အိမ်များရှေ့ရောက်လျှင် ဝင်သွားကြသည်။ နောက်ဆုံးနှစ်ယောက်သာ ကျန်နေသည်။ ရွာလယ်ပိုင်း ဦးပုညိရှေ့ကို ရောက်ရှိလာကြသည်။

"အား. . . အမလေး"

"ကယ်ကြပါဦးဗျာ"

နှစ်ယောက်ထည်း တစ်ယောက်အော်သံ ဖြစ်သည်။

၎င်းသည် အော်သံနှင့်အတူ မြေပေါ်ကို လဲကျသွားသည်။ အပေါ်တစ်ယောက်သည် လဲကျသူအား ကြည့်လိုက်သည်။ ထိုလူသည် အော်ဟစ်ရင်း အနောက်ကိုပါသွားသည်။ အဖော်ပါလာသူသည် ကယ်တင်ရန် စိတ်ကူးမပေါ်။ အထိတ်တလန့်ထွက်ပြေးသွားသည်။

အမှောင်ထုများကြောင့် လမ်းစကို သဲသဲကွဲကွဲ မြင်တွေ့ချင်မှမြင်မှ ခလုတ်တိုက်ပြီး လဲကြသည်။ ဒဏ်ရာက ပြင်းထန်ပေမယ့် ဂရုမစိုက်နိုင်။ အသက်ဘေးက လွတ်အောင်သာ ပြေးနေရသည်။

'ကယ်ပါဦး'ဟု အော်သံများသည် တိတ်ဆိတ်မှုများကို ဖြိုခွဲထွက်ပေါ်နေသည်။

"အသက်ကြီးသူများက အော်သံကို ကြားနေရသည်။ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး အကူအညီတောင်းသူထံ ဦးတည်နေသည်။ မီးတုတ်များကြောင့် တစ်ရွာလုံး လင်းထိန်နေသည်။

"ဟေ. . . ဘာဖြစ်တာလဲ"

"ကျုပ်တို့လဲ အဲဒါကို သိချင်လို့ ထွက်လာတာ"

"လာဗျာ. . . လိုက်ကြမယ်"

"သတိတော့ ထားကြပါ"

"ဟုတ်တယ်. . . ဒီအသံက ထူးဆန်းနေတယ်"

ရွာသားများသည် အသံလာရာကို ဦးတည်နေသည်။ လက်

ထဲ မှာ ဓားလှံ၊ တုတ်များ အသင့်ကိုင်လာကြသည်။ အန္တရာယ်ပေးလို့ ကတော့ တစ်ယောက်တစ်ချက် လက်တည့်စမ်းတာနှင့် ပြီးပြတ်သွား နိုင်သည်။

အချိန်မတော် အကူအညီတောင်းသူ ရှိရာကို ရွာသားများ လိုက်နေကြသည်။ ၎င်းသည် အသုဘအိမ်ကိုသာ ဦးတည်ပြေးနေ သည်။ ရွာသားများကလိုက်နေသည်။ ထိုအထဲမှာ ရွာသူကြီး ဦးမြတ် လှလည်း ပါဝင်နေသည်။

"သူကြီး. . . ကျုပ်တို့က သူကြီးကိုလာခေါ်တာ"

"ဘာဖြစ်တာလည်း ဟေ"

"အဲဒါတော့ မသိရသေးပါဘူး. . . သူကြီး"

"စောစောက ဘယ်သူ့အသံလဲ"

"ကျုပ်တို့ကတော့ ကျော်တင့်အသံလို့ ထင်တယ်"

"ဟေ. . . ဟုတ်လား အခုဘယ်ကိုရောက်သွားပြီလဲ"

"အသုဘအိမ်ဘက်ကို ပြေးပါတယ် သူကြီး"

"လိုက်ကြကွာ"

"ဟုတ်ကဲ့ သူကြီး"

၎င်းတို့သည် အသုဘအိမ်ကို ဦးတည်နေသည်။

ကျော်တင့်သည် အပျော်အပါးကို လွန်စွာ ဝါသနာပါသည်။

ယခုလိုအချိန်မတော် ဖြစ်ရတာဟာ ထိုရွာအတွက် ပထမဆုံး အကြိမ်သာ ဖြစ်သည်။ ရွာလူကြီးဦးမြတ်လှအပါအဝင် တခြား ရွာ သားများ အသုဘအိမ်ကို ရောက်ရှိသွားကြသည်။

"အုန်းသန်းကို မည်းမည်းအကောင်ကြီး ဆွဲသွားတယ် တဲ့"

♛♛♛♛♛





# ကြား လိုက် ရ တဲ့

အသံသည် သူကြီးအပါအဝင် ရွာသားအချို့ ထိတ်လန့်တုန်လှုပ် သွားသည်။ မျက်မြင်မတွေ့ကြ၍ ကျော်တင့်စကားကို ဘယ်လိုလုပ်ပြီး ယုံကြရမှာလဲ။

"မင်းပြောတာ သေချာတယ်နော်"

"ဟုတ်ကဲ့ သေချာပါတယ် သူကြီး"

အုန်းသန်းနှင့် ကျော်တင့်တို့ဟာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်နေ၍ အငြိုးနှင့်သတ်လိုက်သည်ဟု သတ်မှတ်ရန် ခက်နေသည်။ ကျော်တင့်တို့သည် အသုဘအိမ်မှာ ဖဲရိုက်ပြီး ပြန်လာကြသည်။ တခြားသူငယ်ချင်းတွေက သူတို့အိမ်ရှေ့အရောက်တွင် နေခဲ့ကြသည်။

ကျော်တင့်နှင့် အုန်းသန်းတို့က အိမ်နီးချင်းတွေမို့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ဦးပုခြံအရောက်တွင် အုန်းသန်းအား ခြေထောက်ကနေ ဆွဲသွားသည်။ ဦးပုခြံသည် ကျယ်ဝန်းသည်။ လွန်စွာကြီးမားသည့် အပင်ကြီးများကြောင့် တောဖြစ်နေသည်။ ဦးပုခြံသည် အိမ်ကြီးနှင့် ခြံသာရှိသည်။ နေထိုင်သူ လူများမရှိသည်မှာ နှစ်ပေါင်းများစွာ ကြာနေသည်။

"ဒါဆို အုန်းသန်းအလောင်းကို ရှာကြမယ်။ ကျော်တင့် မင်းသူတို့ကို ဦးစီးပြီး ခေါ်သွားရမယ်"

"ဟုတ်ကဲ့ သူကြီး"

"အားလုံးသတိထားကြ၊ အန္တရာယ်ကိုလျှော့တွက် မရဘူး"

"အဲဒီအတွက် မစိုးရိမ်ပါနဲ့သူကြီး"

ရွာသားများသည် ဦးပုခြံကို သွားရောက်ရန် လူစုလေးစု ခွဲလိုက်ကြသည်။ ထိုအထဲတွင် လူကြီးက နှလုံးပြူး သေနတ်ကြီးကို ထမ်းပြီး ရှေ့ကထွက်လာကြသည်။

ဦးပုခြံသည် လူမနေတာက တစ်ကြောင်း၊

ထူထပ်တဲ့ အပင်များရှိနေတာက တစ်ကြောင်း၊ အကြောင်းများစွာ ရှိနေသည်။ ခပ်ပေါ့ပေါ့ လုပ်လို့မရကြောင်း သေချာမှာလိုက်သည်။ မီးတုတ်များသည် လူတိုင်းကိုင်ထားသည်။ အမှောင်ထုများကို ဖျောက်စီးနေစေသည်။

"ဒီနေရာမှာပဲ သူကြီး"

အားလုံး ကျော်တင့်ပြသည့်နေရာကို ကြည့်လိုက်ကြသည်။

သစ်ရွက်တွေ ကြေမွနေဆဲ။

ဆွဲသွားတဲ့ လမ်းကြောင်းကို အထင်းသားတွေ့နေရသည်။

"ဟုတ်တယ် သူကြီး၊ ဒီမှာလမ်းကြောင်းတွေ့တယ်"

"အဲဒီနေရာကို လိုက်ကြ"

သူကြီးစကားကို နားထောင်ကြသည်။ လမ်းကြောင်းအတိုင်း





လိုက်ကြသည်။ တစ်ချို့ရွာသားများက သစ်ရွက်ခြောက်များကို မီးရှို့ကြသည်။ အလင်းရောင်ပိုထွက်လာသည်။ လက်ထဲတွင် တုတ်၊ ဓားလှံများစွာ ရှိနေကြသည်။

ခြံထဲတွင် စကားသံများ ဆူညံနေသည်။

"သူကြီး ဒီမှာသွေးစတွေ့တယ်"

"ရှေ့မှာ လမ်းကြောင်းမရှိတော့ဘူး"

ရွာသားများသည် သွေးတွေ့တဲ့နေရာတွင် ရပ်နေကြသည်။

တစ်ချို့အနီးပတ်ဝန်းကျင်ကို ရှာဖွေနေကြသည်။

သွေးစတွေ့တဲ့နေရာသည် အိမ်ကြီးနှင့်မနီးမဝေး သရက်ပင်ကြီးအောက်မှာ ဖြစ်သည်။ အားလုံးသည် သရက်ပင်ကြီးကို ပတ်ကြည့်နေကြသည်။ သရက်ပင်မှာ သွေးစများ တွေ့ရပြန်သည်။

"သူကြီး ဒီနေရာမှာပဲ ပျောက်သွားတယ်"

"ဟာ ဒီမှာ လုံချည်တွေ့ပြီ"

ရွာသားတွေသည် လုံချည်ကို ယူလာကြသည်။ အုန်းသန်းသည် ပြင်းထန်တဲ့ ဒဏ်ရာရရှိနေသည်ဆိုတာ လုံချည်က သက်သေပြနေသည်။

"ဒီအကောင်ကြီး ဒီခြံထဲမှာရှိနေတယ်"

"ဟုတ်တယ်. . . အဲဒီလိုပဲ ကျုပ်ထင်တယ် သူကြီး"

"ဟေ့. . . ရှာကြ၊ သတိတော့ထားကြ"

ရွာသားများသည် ခြံကြီးကိုဝိုင်း၍ ရှာဖွေနေကြသည်။ ခြေသံများ စကားပြောသံများ ဆူညံနေသည်။ သစ်ရွက်များ မီးရှို့ထားသည်။ ခြံသည် လင်းထိန်နေသည်။

"ဂိုး"

"ဖျောင်း. . . ဖျောင်း"

"ဝုန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသည့် အသံတစ်ခု

ထိုအသံသည် ဝန်းကျင်ကို ဆူညံစေသည်။ အသံလာရာကို ကြည့်နေကြသည်။ တောင်ပံခတ်သံလိုလို၊ လေတိုက်သံလိုလို အသံများ ထွက်ပေါ်လာသည်။

အသံကြောင့် သတိထားလိုက်ကြသည်။

"ဘာလဲကွ"

"သစ်ကိုင်း ကြိုးကျတာကွ"

"ဒါဆိုအဲဒီအပင်ကိုကြည့်ကွာ၊ အပင်ပေါ်မှာများလား"

"သတိထား အရဲတင်းမလုပ်ကြနဲ့. . ."

တစ်ချို့သည် သစ်ပင်ကို ဝိုင်းလိုက်ကြသည်။ တစ်ချို့လူများက တစ်ခြားနေရာတွေကိုရှာဖွေနေကြသည်။ ခြံထဲတွင် ဆူညံနေသည်။ နှစ်အတန်ကြာက ရှိနေတဲ့ သစ်ရွက်ခြောက်များကို ညတွင် မီးလောင်၍ ကုန်သလောက်ရှိနေသည်။

ရွာသွားများသည် မီးတုတ်အားကိုးနေလျှင် အရေးကြုံလျှင် အသုံးဝင်မှာစိုးရိမ်၍ ထိုကဲ့သို့ပြုလုပ်ခြင်းသာဖြစ်သည်။ ခြံကြီးသည် ဧကလောက် ကျယ်ဝန်းသည်။ အချိန်သည် နံနက်ပိုင်းကို ရောက်ရှိလာသည်။


အမှောင်ထုများ ပျောက်ကွယ်စပြုလာသည်။ အလင်းရောင်များ အရှေ့ရပ်မှထွက်ပေါ်လာသည်။ ကျော်ဘင့်ပြောတဲ့ အကောင်ကြီးကို မတွေ့ရပေ။ အဆွဲခံလိုက်ရတဲ့ အုန်းသန်းကိုလည်း တွေ့ရခြင်းမရှိ၊ တစ်ခြံလုံး နေရာမရှိအောင် ရှာဖွေပြီးသည်။ ထူးခြားမှုမရှိ၍ ထိုသူများအတွက် စိတ်ပင်ပန်းလာသည်။ မျှော်လင့်ချက်များ ကုန်ဆုံးကုန်ကြသည်။ ၎င်းကိစ္စကို သူကြီးဦးမြတ်လှအတွက် စဉ်းစားစရာ တစ်ခုဖြစ်နေသည်။

♛♛♛♛♛





–၂–



ထံထထမီးတောင်

အုန်းသန်းပျောက်ဆုံးမှုသည် ပဥ္စရူပရွာအတွက် လွန်စွာ ထူးဆန်းနေသည်။ ရွာသားများက အမျိုးမျိုးပြောဆိုကြသည်။ ၎င်းပျောက်ဆုံးမှုသည် ရိုးရိုးသားသားမဟုတ်ဟု ထင်မှတ်နေကြသည်။

အုန်းသန်း၏မိသားစုများက ၎င်းပျောက်ဆုံးသွားတဲ့အတွက် ကျေနပ်မှုတွေနဲ့ အတူစိတ်နာကြသည်။

အုန်းသန်း၏ ညီဖော်သန်းက သူကြီးကို ပြဿနာရှာခဲ့သည်။

မိသားစုသည် မသေသေးဟုသတ်မှတ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အုန်းသန်းအတွက် ကျော်တင့်တို့သူငယ်ချင်းများ စိတ်ထိခိုက်နေကြသည်။

အုန်းသန်းရှိစဉ် ၎င်းတို့အတွက် ဘာမဆိုဖြစ်သည်။

ထိုအတူ အုန်းသန်း၏ညီ ဖော်သန်းသည် နေ့စဉ်ဓားကိုသွေးနေသည်။

အုန်းသန်းကိုဒုက္ခပေးသူကိုတာသိလျှင် ဓားခုတ်သတ်ရန် ဆုံးဖြတ်ထားသည်။

သူကြီးကိုလည်း အသိပေးထားသည်။ သဘောကောင်းတဲ့သူကြီးက ရွာမှာပြဿနာမဖြစ်စေချင်။ သူကိုယ်တိုင်ဦးဆောင်နေကြောင်း ပြောထားသည်။

သူကြီးဦးမြတ်လှသည် ရွာမှာ ပြဿနာ ဖြစ်တာကို မကြိုက်။ အေးအေးဆေးဆေး ပြောပြသည်။ ထိုသို့ပြောမရရင် ထိတ်တုံးနှင့် ဆုံးမအပြစ်ပေးသည်။

မည်သို့ပင်ဖြစ်ပါစေ ရွာသားများကတော့ ထိုကိစ္စကို သတိထားနေကြသည်။

"အဲဒါပဲ ငါတို့တော့ စဉ်းစားရခက်သွားပြီ"

"ဘာလဲကွာ မင်းစကားက"

"အုန်းသန်းပျောက်သွားတာကိုလေကွာ"

"ဟုတ်တယ် ကျော်တင့်ပြောတာဟုတ်တယ်"

"ပိုဆိုးတာက ငါကွ၊ ငါနဲ့အတူပြန်တုန်းဖြစ်ရတာ"

ကျော်တင့်က ထိုသို့ပြောလိုက်သည်။

မျိုးထွန်းနှင့်ဘဲကြီးတို့ မရိုးသားတဲ့စိတ်ဖြင့်ကြည့်လိုက်သည်။ တကယ်ပဲ ဟုတ်မှန်နေသည်။

အုန်းသန်းမိသားစုက ကျော်တင့်ကို ဖမ်းရန် တောင်းဆိုကြသည်။ အထောက်အထားခိုင်လုံမှုမရှိ၍ အရေး ယူခြင်းမရှိ။





"အဲဒီတုန်းက မင်းက ဘာလို့ဝင်မကယ်တာလဲ"

"ဒီမေးခွန်းကို တစ်နေ့မေးလာလိမ့်မယ်လို့ ငါကြိုတင်တွက်ထားပြီးသားပဲကွာ"

"မဟုတ်သေးဘူး၊ ငါက မင်းကိုအပြစ်တင်တဲ့သဘောနဲ့ မေးတာမဟုတ်ဘူးကွာ"

"ဘယ်လိုပဲဖြစ်ဖြစ် ဒီမေးခွန်းက အမှန်တကယ်မေးသင့်တဲ့ မေးခွန်းပဲ"

ကျော်တင့်တို့စကားပြောနေချိန်တွင် ရုတ်တရက်အသံတစ်ခု ထွက်လာသည်။

အသံပိုင်ရှင်သည် အုန်းသန်း၏ ညီငယ်ဖော်သန်းဖြစ်သည်။ အရက်ကိုအလွန်အကျွံသောက်ထားသည်။ ကိုယ်ခန္ဓာ ထိန်းချုပ်မရအောင် ယိမ်းယိုင်နေသ ်။

ဖော်သန်းသည အုန်းသန်းကို မှီသေလေးစား ချစ်ခင်အားကိုးသည်။ ၎င်းမရှိတော့ ဖော်သန်းအတွက် ကြေကွဲစရာဖြစ်သည်။ အားကိုးမှုတွေ ပျက်သုန်းသွားသည်။

အုန်းသန်းကိုသတ်သွားသူကို ပြန်ပြီးသတ်ရန် ဆန္ဒတွေ ပြင်းထန်နေသည်။ မျိုးထွန်းနှင့် ဘဲကြီး၊ ကျော်တင့်တို့သည် ဖော်သန်းကို အံ့သြစွာကြည့်နေကြသည်။ ဖော်သန်းသည် ၎င်းတို့ရှေ့ကို လာရောက်ရပ်နေသည်။

"ဘယ်လိုပြောလိုက်တာလဲ ဖော်သန်း"

"မှန်တာကို မေးတာလေဗျာ၊ ကိုဘဲကြီးက ဘာလို့ ကြားကနေရတာလဲ"

"ဖော်သန်း မင်းမူးနေရင် ပြန်တော့ကွာ"

"ကျွန်တော်အရက်သောက်ရတာ အစ်ကိုအုန်းသန်း သေဆုံးရတာကို ဝမ်းနည်းလို့၊ အစ်ကိုအုန်းသန်းမရှိတာ ကျွန်တော်နဲ့ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့မိသားစုအတွက် အများကြီးဆုံးရှုံးရတယ်။ အဲဒီလူကိုတွေ့ရင် သတ်ပစ်မှာ''

''မင်းလိုပဲ ငါတို့လည်းကြေကွဲရတာပဲကွာ''

''တော်စမ်းပါဗျာ၊ ခင်ဗျားတို့စကားတွေက အပေါ်ရံပါ''

ကျော်တင့်တို့အဖွဲ့သည် ဇော်သန်းစကားကို ဒေါသထွက်နေကြသည်။ အသက်ခြင်းကွာခြားနေတာကြောင့် စိတ်ကိုထိန်းထားရသည်။ တစ်ခြားလူသာဆိုလျှင် ဇော်သန်းအတွက် ပြင်းထန်စွာခံစားရမှာသေချာသည်။

သောက်နေတဲ့အရက်ကို ဆက်မသောက်ချင်ဖြစ်နေသည်။

ဇော်သန်းထိုနေရာက ထွက်သွားစေချင်သည်။

ဘဲကြီးသည် ထိုင်ရာက ထလိုက်သည်။

''ဟေ့ကောင် မင်းအခုထွက်သွားစမ်း''

''မထွက်တော့ ဘာလုပ်ချင်လဲ''

နှစ်ယောက်သား ဒေါသဖြင့် ပူးကပ်လိုက်ကြသည်။ မျိုးထွန်းနှင့် ကျော်တင့်တို့ ထိုင်ရာကထလိုက်ကြသည်။

၎င်းတို့သည် ဘဲကြီးကိုထိန်းလိုက်ကြသည်။

တကယ်တော့ ဇော်သန်းနှင့် ဘဲကြီးတို့ဟာ ညီအစ်ကိုဝမ်းကွဲဖြစ်သည်။

ကျော်တင့်နှင့် အုန်းသန်းက ယောက်ဖတော်စပ်သည်။ အုန်းသန်းညီမကို ကျော်တင့်ကယူထားသည်။

၎င်းတို့ မိတ်ဆွေ အဆင့်ကိုကျော်သည်။

အုန်းသန်းသည် ၎င်း၏ညီမကို ကျော်တင့်နှင့် လက်ထပ်ပေးစားထားသည်။

''အစ်ကိုဘဲကြီး စိတ်ထိန်းပါဗျာ''

''ဒီကောင်က မလောက်လေးမလောက်စား ငါ့တို့ကို စော်





ကားနေတယ်၊ အဲဒါကို မခံနိုင်လို့ပါ''

''ကျွန်တော်တို့က တစ်ခြားလူတွေ မဟုတ်ကြဘူးလေဗျာ''

''ခင်ဗျားတို့နဲ့ ဘာမှမတော်ဘူး၊ ကျွန်တော် အစ်ကိုသာ အရေးကြီးတယ်၊ အဲဒါကိုတာ မှတ်ထား''

''ဟာ. . . ဒီကောင် တော်တော်စော်ကားတာပဲ''

''ကဲကွာ''

''အား''

''ဝုန်း''

ဘဲကြီးသည် ဒေါသကိုမထိန်းချုပ်နိုင်ဘဲ ဇော်သန်းကို ထိုးလိုက်သည်။

ဇော်သန်းသည် အနောက်ကိုလဲကျသွားသည်။ ကျော်တင့်နှင့်မျိုးထွန်းတို့သည် ဘဲကြီးကို ချုပ်ထိန်းလိုက်သည်။

ဇော်သန်း၏ပါးစပ်မှ သွေးများထွက်ကျလာသည်။

ဘဲကြီး သည် သဘောကောင်းသည်။ မဟုတ်တာလုပ်တာကိုမကြိုက်။ ဇော်သန်းသည် အုန်းသန်းအတွက် ၎င်းတို့ကိုရန်ပြုနေသည်။

ဘဲကြီးသည် ဇော်သန်းအပါအဝင် မိသားစုတွေကို ထိန်းသိမ်းခဲ့ရသူ။

ယခုလည်း ထိန်းသိမ်းနေသည်။

ဇော်သန်းက ပြန်ပြောတာ ကို ဒေါသထွက်ပြီး ထိုးလိုက်ခြင်းဖြစ်သည်။

ဇော်သန်းသည် ဒေါသဖြစ်ပြီး တိုက်ခိုက်ရန်စိတ်ကူးမိသည်။ ထယ်နိုင်ဖြစ်နေ၍ ခက်ခဲနေသည်။

ဇော်သန်းသည် ဘဲကြီးကို ရှုးရှုစွာကြည့်လိုက်ပြီး ထွက်ကျလာတဲ့သွေးများကို သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သတိထား ကျွန်တော်အကြောင်းကို မကြာခင်

သိရစေမယ်''

ထိုသို့ပြောပြီး ဇော်သန်းပြန်သွားသည်။

ကျော်တင့်တို့သည် ထိုဆိုင်တွင် ကျန်ရစ်ခဲ့ပြီး အရက်က ဆက်လက်သောက်နေကြသည်။

♛♛♛♛♛





# အခန်း -၄-



ထရဲမီးလုံး

''နင် ငါ့ယောက်ျားကိုသတ်တဲ့အကောင် နင့်ကိုငါ သူကြီးနဲ့ တိုင်မယ်''

မအေး၏ ဒေါသသံဖြစ်သည်။

မအေးသည် ဇော်သန်းကို ရန်တွေ့နေသည်။ မအေး၏ စကားသည် ဇော်သန်းအတွက် ကံဆိုးမိုးမှောင်ကျပြန်သည်။

ကြားရတဲ့သတင်းစကားသည် ဇော်သန်းအတွက် ဖေသုံ့နိုင်ရာဖြစ်သွားသည်။ ဇော်သန်းသည် ၎င်းတို့ကို ကြိမ်းမောင်းခဲ့တာ မှန်သည်။

www.burmeseclassic.com



၎င်းတို့ကိုသတ်ရန် ဓားရှည်ကိုသွေးခဲ့သည်။

''အစ်ကိုကျော်တင့်ကို ကျွန်တော်မသတ်ဘူး အမေအေး''

''မယုံဘူး၊ နင်ဘယ်လိုပြောပြောမယုံဘူး။ နင့်ကိုငါကြိုပြီးတားခဲ့တယ်။ အခု ငါ့မှာကလေးသုံးယောက်နဲ့ ဒုက္ခရောက်တော့မယ်''

ဇော်သန်းဘယ်လို တောင်းပန်ပေမယ့် မယုံကြည်နိုင်အောင်ဖြစ်နေသည်။ ဇော်သန်းသည် အရက်ဆိုင်မှာရန်ဖြစ်ပြီး ပြန်လာတဲ့နေ့ကစပြီ ဓားကိုနေ့စဉ်သွေးနေသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မအေးကိုယ်တိုင် ဇော်သန်းကို နားချသည်။ ၎င်းသည် ဘယ်သူ့စကားကိုမှလက်မခံ။ ဓားကိုသာ သွေးနေသည်။ ၎င်းတို့ရန်ဖြစ်ပြီး တစ်ပတ်လောက်တွင် ကျော်တင့် အိမ်ကပျောက်သွားသည်။

ဖြစ်ရပ်က ကျော်တင့်သည် ဘကြီးတို့နှင့်တစ်ဖက်ရွာကို စပါးဖိုး ပိုက်ဆံသွားပေးသည်။ ပြန်လာတာနောက်ကျသည်။ မအေးသည် ကျော်တင့်ကို စောင့်နေသည်။ ညဆယ်နာရီကျော်တော့ ဘကြီးတို့ကိုသွားမေးသည်။

ကျော်တင့်ပြန်သွားကြောင်း ပြောသည်။ ကျော်တင့်ကို လိုက်ရှာကြသည်။ ဖြစ်ချင်တော့ ဇော်သန်းက ထိုညက အိမ်မှာမရှိ။

ဇော်သန်း၊ ကျော်တင့်ကိုသတ်သည်ဟု ထင်မှတ်ကြသည်။ ဇော်သန်းသည် မနက်လင်းမှ ဓားကြီးကိုင်ပြီးပြန်လာသည်။ မေးလိုက်တော့ လယ်ထဲမှာအိပ်သည်ဟု ပြောကြားသည်။ ဇော်သန်းအဖြေသည် နိုင်လုံမှုမရှိဟု အားလုံးကသတ်မှတ်ကြသည်။ ဇော်သန်းရှင်းပြသည်။ ဘယ်သူမှ လက်မခံ။

''အစ်မအေး ကျွန်တော့်အစ်ကို ကျော်တင့်ကိုမသတ်တာ အမှန်ပါ။ ကျွန်တော် တကယ်မသတ်ပါဘူး''

''ဟော့ကောင် ဇော်သန်း။ မင်းဘာမှမပြောနဲ့၊ ဘာမှမပြော





နဲ့တော့၊ မင်းအခု ဒီနေရာက ထွက်သွား''

ဘကြီးဝင်ရောက်ပြောလိုက်သည်။ ၎င်းလက်ထဲတွင် ဝါးလုံးပိုင်းတစ်ခုကို ဆုတ်ကိုင်ထားသည်။

ဘကြီးသည် ဇော်သန်းကိုစိတ်ဆိုးနေသည်။

အုန်းသန်းသေဆုံး။ ပျောက်ဆုံးရသည်မှာ ကျော်တင့်နှင့်မဆိုင်။ ကျော်တင့်ကြောင့်ဖြစ်ရတာမဟုတ်ဟု ဇော်သန်းကို အကြိမ်ကြိမ်ပြောပြထားသည်။ ယခုကျော်တင့် သေဆုံး။ ပျောက်ဆုံးသွားသည်။ ဇော်သန်းအပေါ် အပြစ်ဖို့ကြလာသည်။

မအေးသည် ၎င်းယောကျ်ားအတွက် ကြေကွဲနေသည်။ ဇော်သန်းကို နာကြည်းမုန်းနေသည်။ ဇော်သန်းအား ရှေ့ကထွက်သွားရန်ပြောနေသည်။ သူလုပ်တာမဟုတ်၍ တောင်းပန်နေသည်။

ဇော်သန်း တောင်းပန်မှုကို မည်သူမှလက်မခံ။

(သံသယဆိုတာ လူသားတွေအတွက်

လွန်စွာကြောက်စရာကောင်းသည်။

သံသယ မဖြစ်အောင်ကြိုးစားရင်

အကောင်းဆုံးဖြစ်သည် . . .။

ယခုဇော်သန်းအပေါ်ဖြစ်ပေါ်နေတဲ့ပြဿနာဟာ မဆင်ခြင်တဲ့လုပ်ရပ်တစ်ခုကြောင့် ဖြစ်သည်။

ဇော်သန်းသည် ကြေကွဲသည့်မျက်နှာနှင့် မအေးရှေ့မှာ ထိုင်ချလိုက်သည်။

''အစ်မအေး ကျွန်တော်တောင်းပန်ပါတယ်၊ အစ်ကိုကျော်တင့်ကို ကျွန်တော်တကယ် မသတ်ပါဘူးဗျာ''

''သွား. . . သွား နင်ငါ့အနားကိုမလာနဲ့၊ နင့်စကားကို ငါမယုံဘူး။ နင်ဟာ လူသတ်ကောင်၊ လူသတ်ကောင်''

''ကျွန်. . . ကျွန်တော် တကယ်မသတ်ပါဘူး အစ်မရာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဇော်သန်း။ မင်းဒီနေရာ အခုထွက်သွားလို့ ပြောနေတာ မကြားဘူးလား"

"အစ်ကို ဘဲကြီး၊ ကျွန်တော် အစ်ကိုကျော်တင့်ကို တကယ် သေတ်ပါဘူးဗျာ၊ အစ်မကိုပြောပေးပါအုံးဗျာ"

"အဲဒါတွေ ငါမသိဘူး၊ အခုမင်း ထွက်သွားတာကိုပဲ မြင်ချင်တယ်"

ဇော်သန်းသည် ဘဲကြီးနှင့်မအေးတို့ကို တောင်းပန်နေသည်။

မျက်ရည်များသည် မျက်နှာတစ်ခုလုံး ပြည့်နှက်နေသည်။ အားလုံးသည် သောက မျက်ရည်ကိုယ်စီထွက်နေကြသည်။

ရွာသားများသည် မိသားစုတွေအတွက် မည်သို့ကူညီဖြေရှင်းပေးရမလဲဆိုတာ စဉ်းစားရခက်နေသည်။

အများကိုကျူးလွန်သူက ဇော်သန်းလား။

စွပ်စွဲနေသူက မိသားစုသာ။

ဇော်သန်းနှင့်မအေးက မောင်နှမအရင်း ကျော်တင့်က ဇော်သန်း၏ယောက်ဖ။

"ဟေ့ လူသတ်ကောင် မင်းအခုထွက်သွားလို့ပြောနေတာ မကြားဘူးလား"

"မသွားဘူးဗျာ၊ ကျွန်တော်ကို ဘာလုပ်မလဲ"

"ဟာ . . . ဒီကောင်"

"ဟေ. . . ဟေ. . . မောင်ဘဲကြီးမလုပ်နဲ့"

ထွက်ပေါ်လာတဲ့အသံကြောင့် ဘဲကြီးလက်များရုပ်သိမ်းသွားသည်။ အသံပိုင်ရှင်မှာ သူကြီးဦးမြတ်လှဖြစ်သည်။

သူကြီးသည် နှလုံးပြူးသေနတ်ကြီးထမ်းပြီး ရောက်လာသည်။





တပည့်များ အနောက်မှာပါလာသည်။

"ဒီ ပြဿနာကို ဒီလိုဖြေရှင်းလို့ရမယ် ထင်နေလား၊ စဉ်းစားကြပေးပါကွာ၊ မောင်ဇော်သန်း"

"ဗျာ. . . သူကြီး"

"မင်း မသတ်တာသေချာရင် အဲဒီညက မင်းဘယ်မှာလဲ"

"ကျွန်တော် သူကြီးသားချက်ကြီးတို့နဲ့ အရက်သောက်ပြီး သူကြီးရဲ့ တဲမှာပဲအိပ်ပါတယ်"

"ဟုတ်ပါတယ် သူကြီး၊ ဇော်သန်း ကျွန်တော်တို့နဲ့အတူ အိပ်ပါတယ်၊ ကိုအုန်းသန်းအကြောင်းပြောတယ်။ နောက်တော့ အရက်သောက်ပြီး အိပ်ပျော်သွားပါတယ်"

"မင်းပြောတာ သေချာတယ်နော်"

"အစ်ကိုချက်ကြီးကို မေးကြည့်ပါသူကြီး"

သူကြီး၏ လူယုံမြဖေက ပြောလိုက်သည်။

မြဖေဟာ သူကြီးရဲ့ လူယုံ။

ရွာသားများ အားကိုးရသူ။

ပြဿနာဖြစ်လို့ သူကြီးက ဒဏ်ခတ်ဖို့ရည်ရွယ်ရင် မြဖေက ဝင်ရောက်ကာကွယ်ပေးသည်။

ရွာအတွက် လွန်စွာအကျိုးပြုသူ။

"ကဲ ကြားကြတယ်မဟုတ်လား။ ပြဿနာမဖြစ်ကြနဲ့တော့ ဒီကိစ္စကို ငါကိုယ်တိုင်ဦးစီးမယ်။ ကဲဇော်သန်း ငါနဲ့လိုက်ခဲ့"

ဇော်သန်းသည် သူကြီးနောက်ကိုလိုက်ရသည်။

တကယ်တော့

ဇော်သန်းတို့မှာ အဖေမရှိတော့ အမေတစ်ယောက်သာရှိသည်။ ထေနာသည်မိခင်ဖြစ်နေ၍သာ သားသမီးကိစ္စကို ဝင်ရောက်မစွက်ဖက်နိုင်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ အမှတ်တမဲ့နေခဲ့တဲ့ ရွာသားများက အုန်း သန်းတို့ပျောက်ပြီးနောက် အရာရာကိုသတိထားလာကြသည်။

ထိုနေ့ ရွာသားများသည် ရွာနောက်ခပ်လှမ်းလှမ်းကို ကြည့် နေကြသည်။

ထိုမြင်ကွင်းကို လွန်စွာအံ့သြနေကြသည်။

အိမ်ပေါ်မှာ ကလေးပါမကျန် လမ်းပေါ်ရောက်နေကြသည်။

"တော်တော်ထူးဆန်းတာပဲ။ အဲဒီမီးလုံးကဘာကြီးလဲ"

"စုန်းမီးလား"

"သရဲမီးလုံးနဲ့ တူတယ်"

နီရဲတဲ့မီးတစ်လုံးသည် ရွာနှင့်တစ်မိုင်လောက်မှာ ဖြစ်သည်။ မီးလုံး၏အမြင့်မှာ ဆယ်နှစ်တောင်လောက်ဖြစ်သည်။

ထိုမီးလုံးကြီးသည် တစ်ရွေ့ရွေ့သွားနေသည်။

"သရဲမီးလုံးပဲ ဖြစ်ရမယ်၊ စုန်းမီးလုံးတော့ မဖြစ်နိုင်ဘူး"

ရွာလူကြီးတစ်ယောက်က ဝင်ရောက်ပြောလိုက်သည်။

ထိုစကားဆုံးသည်နှင့် ရွာသားတွေအတွက် အံ့သြစရာဖြစ် သွားသည်။ သရဲမှာ မီးလုံးရှိသည်ဆိုတာ မကြားဘူးပေ။

"အဘသော် သရဲကမီးလုံးရှိလို့လား"

"အကောင်ကြီးသွားရင် ရှိတာပေါ့ကွာ"

"အဲဒီအကောင်ကြီးတွေက လူတွေကိုခြောက်လား"

"သူတို့က လူတွေကိုမခြောက်ဘူး။ အခုအဘတို့တွေ့နေတယ် ဆိုတာ သူကပြနေတာမဟုတ်ဘူး၊ သူ့လမ်းသူသွားလို့တွေ့နေတာ"

"ဒါဆို ဒီအကောင်ကြီးက ကြီးမှာပေါ့နော်"

"အဘတို့ကြားဖူးတာ ဒီအကောင်ကြီးဝိုင်ကွေ့ ညောင်ပင်ကြီး မှာနေတယ်။ လပြည့်လကွယ်ရောက်ရင် ထွက်တယ်၊ ရှင်းအော





ပြောရရင် ကုလားဘုရားညောင်ပင်ကြီးကိုသွားတာ။ သူနေတဲ့ နေရာ ကနေ ကန်ညီနောင်ကိုတစ်လှမ်း၊ ကုလားလျှိုကို တစ်လှမ်း၊ ဘုရား ညောင်ပင်ကိုတစ်လှမ်း၊ သုံးလှမ်းပဲလှမ်းတယ် ဆိုတဲ့သဘောပေါ့ ကွာ"

ရွာသားများသည် အဘသော်စကားကို လက်ခံယုံကြည်နေ သည်။ ဝိုင်ကွေ့ညောင်ပင်နှင့် ကုလားဘုရားညောင်ပင်ဟာ သုံးမိုင် လောက်ဝေးကွာသည်။ ၎င်းနေရာများသည် ထိုဒေသမှာ အထင်ကရ နေရာများဖြစ်သည်။

၎င်းတို့က ကုလားသရဲများဟု သတ်မှတ်ခေါ်ကြသည်။

တကယ်ရှိသလားဟု မေးကျလျှင် ဘယ်သူကမှ တိတိကျကျ ပြောတတ်ကြအောင် ဖြစ်နေသည်။ လူကြီးများစကားကို နောက် လူငယ်တွေက ယုံကြည်နေကြသည်။

"ဒါနဲ့ အဘသော် စုန်းဆိုတာ ဘယ်နှစ်မျိုးရှိလို့လဲ"

"တိမ်ညွှန်စာစုန်း၊ ဝမ်းတွင်းစုန်း၊ မကောင်းစားတဲ့စုန်းတွေ လည်း ရှိသေးတယ်။ အဲဒီထဲမှာ တိမ်ညွှန်စားစုန်းဆိုတာ ကောင်းကင် ပေါ်ကိုသာက်နေတယ်၊ ခုနကမီးလုံးကြီးလိုပေါ့၊ သူက ကောင်းကင်ပေါ်ကို တက်ကြတယ်၊ ဝမ်းတွင်းစုန်းဆိုတာတော့ ကြောက်စရာအကောင်းဆုံး စုန်းပေါ့ကွာ"

"အဲဒီလူတွေကို ဘယ်လိုလုပ်သိမလဲ အဘသော်"

"သိရခက်တယ်ကွာ"

ဦးဘသော်သည် သူ့သိရှိ ကြားဖူးတာလေးတွေကို ပြန်လည် ပြောပြနေသည်။ လူငယ်များက လွန်စွာစိတ်ဝင်စားကြသည်။

တောအရပ်နေထိုင်သူများသည် တောအရပ်ကအကြောင်း များကိုတော စိတ်ဝင်စားကြသည်။

ရွာလူကြီးများကလည်း အဆင့်ဆင့်ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မို"

"ဂိုး"

"ဟာ. . . ငှက်ဆိုးထိုးတယ်၊ ရွာမှာဘာဖြစ်မလဲ မသိဘူး"

"ဒို့ရွာ ကျိမ်စာသင့်နေသလားမသိဘူး"

ထွက်ပေါ်လာတဲ့အသံကြောင့် ရွာလူငယ်များ စိုးရိမ်သွားကြသည်။ ကျေးရွာနေထိုင်သူများသည် ငှက်ဆိုးထိုးသံကြားလိုက်တာနှင့် အထိတ်တလန့်ဖြစ်ကုန်သည်။

ငှက်ဆိုးဟာ နိမိတ်ကောင်ဟုသတ်မှတ်သလို

မကောင်းဆိုးဝါးကောင်ဟု သတ်မှတ်ထားပြန်သည်။

"ဟော့ ပြန်ကြမယ်"

"ငှက်ဆိုးဆိုတာ ဘယ်လိုအကောင်ကြီးလဲ အဘသော် သူအော်ရင် လူဘာလို့ပျက်စီးသွားတာလဲ"

"ငှက်ဆိုးအော်ရင် ရွာနာတယ်၊ လူတွေပျက်ဆီးတယ်လို့ အဘသော်လည်းကြားဘူး။ တကယ်တော့ ငှက်ဆိုးဆိုတဲ့အကောင်ပုံစံဟာ ဇီးကွက်ငှက်နဲ့တူတယ်။ ဇီးကွက်ကိုတော့ လာဘ်ကောင်လို့ပြောပြီး အဲဒီငှက်ကို ဘာလို့မကောင်းဘူးလို့ ပြောကြတာလဲ။ အဲဒါက မင်းတို့အတွက်စဉ်းစားစရာလို့ မှတ်ထား။ တစ်ချို့က လင်ကောင်ပိုးငှက်လို့ခေါ်တယ်ကွယ့်"

"အဲဒီငှက်အော်ရင် လူသေတယ်ဆိုတာ မဟုတ်ဘူးပေါ့"

"ရှေ့လူကြီးတွေရဲ့စကားကို မဆန့်ကျင်ဘူး။ တစ်ချို့လူကြီးတွေက အစာဖမ်းရင်လည်း အဲဒီလိုအော်တယ်လို့ပြောဖူးတယ်"

အဘသော်စကားသည် လူငယ်တွေအတွက် စဉ်းစားစရာတစ်ခု ဖြစ်သွားသည်။

ငှက်ဆိုးသည် နောက်ထပ်အော်ဟစ်သံမကြားရတော့ပေ။

"ဒါနဲ့အဘသော် သရဲကခြောက်တယ်ဆိုတာ တကယ်လား။





ဘာလို့ ခြောက်ရတာလဲ"

"ဒီအသက်အရွယ်ရှိပြီ တစ်ခါမှတော့ အခြောက်မခံဘူးသေး မင်းတို့မေးခွန်းကို မဖြေတတ်ဘူး။ သရဲတကယ်ရှိမရှိ ဆိုတာ [illegible]ကိုစောကို မေးတာအကောင်းဆုံးပဲ"

"အဘိုးစောက တကယ်သိလား"

"သိတာပေါ့ကွာ။ သရဲနဲ့တောင် နပန်းလုံးဖူးတယ်လို့ ပြောဖူးသယ်"

လူငယ်များသည် အဘိုးစောဆီကို သွားခြင်စိတ်များ ပေါ်လာသည်။

"အဘိုးစောတကယ်သိလား"

အဘိုးစောသည် တကယ့်လူနောက်တစ်ယောက်။

ဟုတ်ဟုတ်မဟုတ်ဟုတ် တစ်ဖက်သားစိတ်ဝင်စားအောင်ပြောသည်။ တကယ်လည်း လေ့လာမှုအားကောင်းသည်။ စာပေ[illegible]န်များကို အချိန်တိုင်းလေ့လာလိုက်စားသည်။

အဘသော်နှင့် လူငယ်များသည် မီးလုံးအနီကြီးများကို ကြည့်တော့ဘဲထွက်ခဲ့ကြပေ၏။



www.burmeseclassic.com

ရုတ်တရက် မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။ ထွက်ပြေးရင်လည်း မလွတ်၊ ရှောင်တိမ်း၍လည်း မရ၊ အနက်ရောင် အရာဝတ္ထုကြီး အရှိန်နှင့် အုပ်လာသည်။





**အရိပ်ညည်းပြော်ခဲ့ ကြောင်တစ်ကောင်ဇဝ**

ဇော်သန်းသည် သောကများကိုရင်မှာပိုက်ပြီး တစ်ယောက်တည်း လမ်းလျှောက်လှမ်းနေသည်။ အချိန်မတော်၍ လူများသည် နေထိုင်ရာအိမ်ကိုရောက်ရှိနေကြသည်။

၎င်းသည် လက်ထဲမှာဓါးရှည်ကိုဆုတ်ကိုင်ပြီး လျှောက်နေသည်။ အရက်သောက်ထား၍ စိတ်ကကြွနေသည်။

ဇော်သန်း၏ အနောက်တွင် အရိပ်မည်းကြီးတစ်ခု လိုက်နေသည်။ ၎င်းအရိပ်မည်းကြီးလိုက်နေသည်ကို သတိမထားမိအောင်







**အ**

**ခန်း**

**၅**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ထိုသို့လျှောက်လှမ်းရင်း ဦးပုခြံကိုရောက်ရှိလာသည်။

ဇော်သန်းအတွက် သတိထားစရာဖြစ်နေသည်။ အုန်းသန်းကိုခွဲသွားသည်မှာ ထိုခြံထဲကဟု ပြောသည်။

လျှောက်လှမ်းရင်း ခြံ၏တစ်ဝက်ရောက်လာသည်။

ပတ်ဝန်းကျင်မှာ လှုပ်ရှားကင်းမဲ့တိတ်ဆိတ်နေသည်။

ဇော်သန်းနားထဲမှာ ခြေသံတစ်ခုကိုကြားလိုက်ရသည်။

ကြက်သီးများထလာသည်။ ၎င်းအနောက်ဘက်မှာ တစ်စုံတစ်ခု လိုက်လာသည်။

ဘယ်လက်မှာကိုင်ထားတဲ့ဓါးကို ညာလက်ကို ပြောင်းကိုင်လိုက်သည်။

ခြေလှမ်းများနှေးလာသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

အရိပ်မည်းကြီးအနားကို ရောက်လာသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

လက်ကြီးတွေက ဇော်သန်းထံ ဦးတည်လာသည်။

''မင်း လားကွ သရဲဆိုတာ''

''ဖုန်း''

''အု''

ဇော်သန်းသည် ဓါးရှည်ဖြင့် တအားလွှဲခုတ်လိုက်သည်။

''ဟီး... ဟီး... ဟီး... ''

ကျယ်လောင်သော ရယ်သံထွက်လာသည်။

ထိုအကောင်ကြီးကို ခုတ်မိသွားမှန်းသိ၍ ဆက်လက်ခုတ်နေသည်။

အကောင်ကြီးသည် ဇော်သန်းကိုခုခံနိုင်စွမ်းမရှိ၍ ထွက်ပြေး





သည်။ ဇော်သန်းသည် အနောက်ကလိုက်ခုတ်နေသည်။

''ဟေ့ကောင်သရဲ ငါကိုခြောက်လေကွာ၊ ဘာလို့ ပြေးနေတာလဲ လာလေကွာ''

ဇော်သန်းက အော်ခေါ်ပြီးလိုက်နေသည်။ အရိပ်မည်းကြီးသည် အိမ်အမည်းကြီးရှိရာကို ဦးတည်ပြေးနေသည်။

၎င်းအသံကြောင့် ရွာသားတစ်ချို့ အိပ်ယာက နိုးလာကြသည်။

''ဟာ....ဘယ်သူ့အသံပါလိမ့်''

''အေး ငါတို့လည်းနားထောင်နေတာ''

''ဟာ ဦးပုခြံထဲက ဘယ်သူလဲမသိဘူး လာ မြန်မြန်သွားကြစို့''

ရွာသားများသည် မီးတုတ်ကိုယ်စီနဲ့ ပြေးလာကြသည်။ ဇော်သန်းသည် အနောက်ကနေလိုက်နေသည်။ အရိပ်မည်းကြီးသည် ဦးပုအိမ်ပေါ်တက်ပြေးသည်။

''ဟေ့ကောင်သရဲ ငါ့ကိုခြောက်လေကွာ။ ဘာလို့ပြေးတာလဲ မင်းသရဲမဟုတ်ဘူးလား''

ဦးပုခြံတစ်ခုလုံး မီးရောင်များထိန်လင်းနေသည်။ ရွာသားများသည် အရက်လေးမျက်နှာမှ ခြံထဲကိုဝင်ရောက်ကုန်ကြသည်။

''ဟေ့ ကောင်ဘယ်ကိုပြေးလဲ''

''အိမ်ပေါ်တက်ပြေးတယ်''

တစ်ချို့ကလည်း ဦးပုအိမ်ရှိရာကို ဦးတည်နေကြသည်။

တစ်ချို့က မူးလို့ဟုထင်မှတ်နေကြသည်။

မည်ကဲ့သို့ထင်ထင် ဇော်သန်းကတော့ ဦးပုအိမ်ကြီးကို ဦးတည်နေသည်။ ရွာသားတစ်ချို့လိုက်ပါသွားသည်။

''ဟေ့ ကောင်ဇော်သန်း အတင့်မရဲနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကောင်ကြီး ဒဏ်ရာရသွားတယ်"

"ဘယ်ကိုပြေးလဲ"

"အိမ်ကြီးပေါ်ကိုတက်ပြေးသွားတာတွေ့လိုက်တယ်"

"ဟုတ်ရဲ့လားကွာ"

"သေချာပါတယ်ကွာ"

ရွာသားများသည် ဦးပုအိမ်ပေါ်ကို တက်ရန်ကြိုးစားကြသည်။ အိမ်ကြီးအဲဘေးတွင် မီးများလင်းထိန်နေသည်။

ရွာသားများပိုင်းနေကြသည်။

"ဟော့ကောင်တွေ သတိထားကြကွာ"

"သူကြီးကလဲဗျာ ကျုပ်တို့လူအများပဲ ဒီသရဲကတစ်ကောင် ထဲဗျာ၊ ဘာမှကြောက်နေစရာမလိုဘူး"

ထိုသို့ပြောပြီးအိမ်ကြီးပေါ်ကိုတက်လိုက်ကြသည်။

"ဟေ့ ဒီမှာသွေးစတွေ့တယ်"

"ဟ ဟုတ်တယ် ဒီမှာသွေးစက်တွေ"

ကြမ်းပြင်ပေါ်ကျနေတဲ့ သွေးစက်များကို ဝိုင်းကြည့်နေကြ သည်။ ဇော်သန်းပြောစကားသည် ရွာသားများအတွက်ယုံ ကြည်စရာ ဖြစ်ကုန်သည်။

"ဒီအကောင်ကြီး ဒီအိမ်ပေါ်မှာနေတာသေချာတယ်ကွ ရှာကြ ဟေ့"

"မလွတ်စေနဲ့ ဟေ့ မိအောင်ဝိုင်းထားကြ"

တို့ရွာကိုဒုက္ခပေးတဲ့အကောင် အလွတ်ပေးလို့ဘယ်ရမလဲ"

ရွာသားများသည် အိမ်ကြီးကို ဝိုင်းထားကြသည်။ မီးတုတ် များကြောင့် တစ်အိမ်လုံးလင်းထိန်နေသည်။

"ကျွီ ...ကျွီ... ကျွီ"

အခန်းတစ်ခုအတွင်းကို ရောက်ရှိသွားသည်။ လင်းနို့ အ

...တောင်ပေါင်းများစွာ ပျံသန်းထွက်လာသည်။ အကောင်ကြီးတဲ့ ...င်းနို့ငှက်များသည်။ လူတွေကို ကိုက်ခဲကြသည်။

၎င်းတို့ကို မီးတုတ်တွေနဲ့လိုက်၊ ဓါးတွေနှင့်ခုတ်နေသည်။ ...ခန်းတစ်ခုလုံး တိုက်ပွဲတွေဖြစ်နေသလို ထင်ရသည်။

"ဂျိမ်း . . . ဝုန်း"

တစ်ဖက်မှာ ကျယ်လောင်တဲ့အသံတစ်ခု ထွက်လာသည်။

"ဟေ့ သတိထားကြ"

ပြောဆိုပေမယ့် အိမ်ကြီးပေါ်မှာတော့ ရှုပ်ထွေးနေကြသည်။ ...စ်ယောက်ကိုတစ်ယောက် သတိထားနေကြသည်။

လင်းနို့များက တစ်အိမ်လုံးပြည့် ပျံသန်းနေသည်။

ရွာသားများသည် တွေ့လိုက်ရတဲ့အကောင်ကို မရှာဖွေနိုင် ...င်းနို့ကောင်တွေကိုသာ တိုက်ခိုက်နေကြသည်။

လူမနေတာ နှစ်ပေါင်းများစွာကြာမြင့်လာ၍ လင်းနို့များနှင့် ...ခြားတိရစ္ဆာန်များ နေထိုင်ကျက်စားနေသည်။

"မောင်ထွန်းအနောက်မှာ"

"ဟာ"

အနီးရှိတွေ့လိုက်သူက အော်ဟစ်ပြောလိုက်သည်။

ရုတ်တရက်မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။ ...ပြေးရင်လည်း မလွတ်၊ ရှောင်တိမ်း၍လည်းမရ၊ အနက်ရောင် ...တွေက အရှိန်နှင့်အုပ်လာသည်။

မောင်ထွန်းသည် ဘယ်လက် ကမီးတုတ်ကိုင်ပြီး ညာလက်က ...ထားတဲ့ လေးတောင်လောက်ရှည်တဲ့ ဓါးရင်းတုတ်ဖြင့် ရိုက်လိုက် ...သည်။

"ဖျောင်း"

ဓါးရင်းတုတ်သည် ထိုအကောင်ကို ပိုင်နိုင်စွာ ထိမှန်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဝှန်း"

အကောင်ကြီးသည် လေပေါ်ကို လွှင့်စင်ထွက်သွားပြီး တစ်လုံးနှင့် ထိမှန်ပြီးပြုတ်ကျသွားသည်။

"ခွီး...."

ကြမ်းပြင်ပေါ် ပြုတ်ကျသွားတဲ့အကောင်ကြီးသည် ခွီး ဟောက်လိုက်သည်။

သော်င်းဒန်သည် ထိုအကောင်ကြီးကို အရှိန်ပြင်းစွာ ချလိုက်သည်။

ပြင်းထန်တဲ့ အသံကြီးထွက်ပေါ်လာသည်။

စောစောကအကောင်သည် ရရှိတဲ့ဒဏ်ကြောင့် ထို တွင်သေဆုံးသွားသည်။ မောင်ထွန်းသည် ထိုအကောင်ကြီး ကြည့်လိုက်သည်။

"ဟာ ကြောင်ကြီးကွာ"

"ဟေ ဟုတ်လား"

"ယူကွာ"

"ဟော့ အလောမကြီးနဲ့ အန္တရာယ်ရှိနိုင်တယ်"

"သေသွားပါပြီကွာ ချက်စားဖို့ယူသွားမယ်"

မောင်ထွန်းသည် ကြောင်နက်ကြီးကို ခြေနစ်ခြောင်းဆွဲ လိုက်သည်။ ကြောင်ကြီးသည် နှစ်ပိဿလောက်လေသည်။

ကျန်သူများကတော့ အိမ်ကြီးကိုနေရာအနှံလိုက်ရှာနေ သည်။ အိမ်ပေါ်တွင်သွေးစက်များကို တွေ့ရှိရပြီး ဘယ်နေရာ ပျောက်ကွယ်သွားသည်ဆိုတာ မသိရပေ။

"ကဲဟော့ မတွေ့ရင်ပြန်ကြမယ်"

အားလုံးစုလိုက်ကြသည်။





ပျောက်သွားတဲ့လူက ဘယ်နေရာ ရောက်သွားသည်ဆိုတာ မသိအောင်ဖြစ်သွားကြသည်။

"မောင်ထွန်း ဒီအကောင်ကြီးကို မယူသွားရင်ကောင်း မယ်"

"ဘာဖြစ်လို့လဲ သော်င်းဒန်ရ၊ ဒီအချိန်ကြောင်သားက အလွန် ဆုတာကွာ၊ ငါ့အတွက်အကောင်းဆုံးပဲ၊ မင်းတို့လည်း လာစားကြ လေကွာ"

"အေးပါကွာ ပြောမရလဲရပါတယ်"

အားလုံးသည် ဆက်မပြောတော့

မောင်ထွန်းသည် လွန်စွာ အစားကျူးသည်။ အသားတစ် ကောင်သာရလျှင် အချိန်မရွေးချက်ခြင်းစားတတ်သည်။ ယခု တား ရသည်မှာ ဇော်သန်းပြောတဲ့အကောင်က ကြောင်အဖြစ် အသွင် ပြောင်းလိုက်တာလား...

မကောင်းဆိုးဝါး ဖြစ်မှာစိုးရိမ်း၍ ပြောလိုက်ခြင်းဖြစ်သည်။

"ခွိ ဝေါင်း"

"အမလေး"

အထိတ်တလန့်ထွက်ပေါ်လာတဲ့အသံကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မောင်ထွန်းသည် ကြောင်ကိုလွှတ်ချလိုက်သည်။

ဘေးနားကသူသည် ကြောင်အကုတ်ခံလိုက်ရသည်။ ကြောင် သည် ခြေဦးတည့်ရာကိုပြေးနေသည်။

"ဟော့ကောင်တွေမလွှတ်စေနဲ့"

ကျန်သူများသည် ကြောင်နက်ကြီးအနောက်ကို လိုက်ကြ သည်။

ကြောင်ကြီးသည်ပြေးရင်းနှင့် သစ်ပင်ကြီးတစ်ပင်ပေါ်ကို မြေ



www.burmeseclassic.com

www.burmeseclassic.com



တက်သည်။

ထိုအချိန်တွင် မြင့်လွင်က ဝါးရင်းတုတ်ဖြင့် ရိုက်လိုက်သည်။

"ဝေါင်း"

"ဖုန်း"

အော်သံနှင့်အတူ မြေပေါ်ပြုတ်ကြလာသည်။

တချို့လူများက ကြောင်ကိုဒါးချက်ပေါင်းများစွာ ရိုက်ချလိုက်သည်။ ကြောင်နက်ကြီးသည် လဲကျသွားသည်။

"သေသွားပြီ"

"အဲဒီအကောင်ကို ကြိုးနဲ့တုတ်ပြီး ဆွဲခဲ့ကွာ"

သူကြီးဦးမြတ်လှစကားကို လက်ခံလိုက်ကြသည်။ ကြောင်ကို ခါးမှကြိုးနှင့်တုတ်ချည်လိုက်သည်။အချိန်သည် ညဉ့်နက်နေသည်။ ဇော်သန်းကြောင့် အလုပ်ရှုပ်ကုန်ကြသည်။ ရွာရှိခွေးများသည် ဆူညံနေသည်။

ရွာမြောက်ပိုင်း ခွေးဟောင်သံသည် ရိုးရိုးသားသားမဟုတ်ဘူးဆိုတာ သိနေကြသည်။ သူကြီးဦးမြတ်လှသည် အားလုံးကို သတိရကြရန် မှာကြားလိုက်ပေတော့သည်။





-၅-



ထူးဆန်းတဲ့အရယ်ပွဲတော်

ဇော်သန်း မျက်မြင်တွေ့လိုက်ရတဲ့ မည်းမည်းအကောင်ကြီး ည် ရွာသားများအတွက် စိတ်ဝင်စားစရာဖြစ်နေသည်။

၎င်းအကြောင်းကို ရွာသားများ အချိန်ပြည့်ပြောနေကြသည်။ ဇော်သန်းကိုလည်း ချီးကျူးနေသည်။

ရွာဦးနေထိုင်သူများသည် ဦးပုခြံကြီးကို ဖျက်ဆီးရန် ဆုံးဖြတ်ကြသည်။ ရှေးဟောင်းပစ္စည်းများကို မြတ်နိုးတတ်တဲ့သူကြီးက ယ်ုံဖြတ်ချက်ကိုလက်မခံ။ ဦးပုအိမ်ကြီးသည် နန်းတော်ကြီးတမျှ

www.burmeseclassic.com



ခန့်သွားနေသည်။

ဇော်သန်းသည် ရွာတောင်ပိုင်းကိုသွားရန် ထွက်လာသည် ကိုထွန်းဒိုအိမ်ရှေ့ကို ရောက်လာသည်။

"အဒေါ်ခင်လှလက်က ဘာဖြစ်တာလဲ"

"ဓါး ခုတ်မိတာပါဟယ်"

ဇော်သန်းသည် ဒေါ်ခင်လှစကားကို ကြားလိုက်ရသည်။

ထိတ်လန့်သွားသည်။ ဒေါ်ခင်လှကို သေချာကြည့်လိုက် သည်။ ညက ဓါးနှင့်ခုတ်လိုက်တာဟာ ဒေါ်ခင်လှကိုလား။ ငှင်းတ တွေးပြီး ဒေါ်ခင်လှကို အကဲခတ်လိုက်သည်။

"ဘယ်လိုလုပ်ပြီး ခုတ်မိတာလဲ အဒေါ်ခင်လှ"

"အော် ဒါက ဒီလိုကွယ့်၊ ညက ဆေးသောက်ပြီး စောစေ အိမ်သွားတယ်။ မောင်ဇော်သန်းပဲ သရဲလို့အော်တယ်မဟုတ်လား"

ဒေါ်ခင်လှသည် ထိုသို့ပြောပြီး မျက်နှာကိုလွှဲလိုက်သည်။

ငှင်းသည် ဒေါ်ခင်လှကို ကြည့်လိုက်သည်။ ဒေါ်ခင်လှ မျက်နှာသည် ပုံမှန်အနေအထားမဟုတ်မှန်း သိလိုက်သည်။

"ဟဲ. . . ဘာလို့အဲဒီလောက်ကြည့်နေတာလဲ"

"အော် ဒီလိုပါ အဒေါ်ခင်လှ၊ ဒဏ်ရာက တော်တော်ပြင် ထန်လားလို့ ကြည့်နေတာပါ၊ ဆရာမြမောင်ဆီ ခေါ်သွားမလို့ပါ"

ဆရာမြမောင် အသံကြားလိုက်သည်နှင့် ဒေါ်ခင်လှ မျက်နှာ ပျက်သွားသည်။

တုန်လှုပ်သွားသည်။

ဆရာမြမောင်သည် ပရောဂဆရာဟု နာမည်ကျော်ကြား သည်။

ငှင်းထံလာရောက်ဆေးကုသ သူသည် ဘာကြောင့်ဖြစ်တယ် ဘယ်လိုရောဂါဆိုတာ မျက်နှာကြည့်လိုက်ယုံနှင့်သိနေသည်။ ဒီဖေ





ပညာကို ကျွမ်းကျင်စွာတတ်မြောက်နေသည်။ ဆေးကုသသူများက မဟုတ်မမှန်လိမ်ညာပြောဆိုရန် ခက်နေသည်။

တချို့လူများက ဆရာမြထံဆေးကုရန် စိုးရွံ့နေကြသည်။

ထို့အတူ သီလ၊ သမာဓိနှင့်ပြည့်စုံနေသည်။ ဆေးကုသမှု ခံယူသူများကို မည်မျှပေးရမည်ဟု တောင်းဆိုတတ်သူမဟုတ်။ စေတနာရှိသလောက်ပေး။ မပေးလျှင် ပြဿနာမရှိ။

အငြိုးထားတတ်သူမဟုတ်။

ပိုရှိတောင်းသည်က လူဆေး ကုသမှုကလွဲပြီး တစ်ခြားကိစ္စ များကို စိတ်ဝင်စားတတ်သူမဟုတ်။

ရွာမှာ ဘာဖြစ်နေသလဲဆိုတာကို သိနေသည်။ ထုတ်ဖော်ပြော လေ့မရှိ။ အကူအညီတောင်းမှတာ ပြောတတ်သည်။

"သတ္တဝါတွေဟာလွန်စွာ ထူးဆန်းစရာကောင်းလှပါလား"

ထိုစကားကိုတာ ပြောလေ့ရှိသည်။ ဆိုင်တာတွေကို မပြော တတ်ပေ။

ယခုရွာမှာဖြစ်နေတာတွေကို သိနေသည်။ ဆရာမြမောင်က မပြော။

ရွာသားများကလည်း ဂရုစိုက်ပြီး အကူအညီမတောင်းကြ။

"ဒီလောက်လည်း မပြင်းထန်ပါဘူးကွယ်၊ ညက တဲဘေးမှာ ပြီး အိပ်တာ၊ မင်းပဲအသိပဲလေ၊ ဒီရက်မှာကြားနေရတာတွေက ကောင်းဘူးကွယ်၊ အဒေါ်ကလည်း အိမ်မှာတစ်ယောက်တည်းနေ ရတာမဟုတ်လား။ လက်ကိုနည်းနည်းထိသွားတာပါကွယ်၊ မစိုးရိမ် ရပါဘူး။ မောင်ဇော်သန်း အဒေါ်ပြန်လိုက်အုံးမယ်"

"ဟုတ်ကဲ့ပါ အဒေါ်၊ အနာကိုလည်း ဂရုစိုက်နေအုံး"

"အေး. . . အေး. . . အေးပါကွယ်"

ဒေါ်ခင်လှသည် နှုတ်ဆက်ပြီးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်သန်းသည် ဒေါ်ခင်လှအား ကြည့်ပြီးကျန်ရစ်ခဲ့သည်။

ဒေါ်ခင်လှရရှိနေတဲ့ ဒဏ်ရာအပေါ် သံသယဖြစ်နေသည်။ ဒဏ်ရာရသည်ဆိုတာ ရိုးသားရဲ့လား။

မိန်းမတစ်ယောက်တည်း နေရတယ်ဆိုတော့ ဓါးဘေးမှာထားပြီးအိပ်တာ အဆန်းမဟုတ်။ ဖြစ်သင့်ပါတယ်ဟု တွေးနေသည်။

"ဟေ. . .ဇော်သန်း ဘာလုပ်နေတာလဲ လမ်းမလယ်မှာ"

"ဌေးကိုရာ လန့်သွားတာပဲ"

ဌေးကိုအနောက်ကရောက်ရှိလာတာကို သတိမထားမိ အောင်ဖြစ်နေသည်။ ဇော်သန်းသည် ဒေါ်ခင်လှပြောတဲ့အတိုင်း ဖြစ်ပါစေဟု စဉ်းစားနေသည်။ ၎င်းအတွက် ပတ်ဝန်းကျင်ကို ဂရုစိုက်ရန် မေ့သွားသည်။

"ဘာမှမဟုတ်ပါဘူးကွာ"

"ထားလိုက်ပါတော့၊ ဒါနဲ့ မင်းမောင်ထွန်းတို့အိမ်မသွားဘူးလား"

"ကျက်နေပါပြီကွာ၊ ဒီကောင်ကြီး စောစောက အရက်သွားဝယ်တယ် မင်းကိုခေါ်ပြီးလာခဲ့ဖို့ ငါ့ကို မှာလိုက်တယ်။ စောစောသောက်စားကြမယ်တဲ့"

"ဒီကောင်တွေကြောက်လို့နေမှာ"

"လာကွာ စောစောစားရတော့ ပိုကောင်းတာပေါ့"

ဇော်သန်းနှင့်ဌေးကိုတို့သည် မောင်ထွန်းကို့အိမ်ကို ထွက်လာခဲ့ကြသည်။ ကျန်ခဲ့တဲ့ညက ဦးပုခြံထဲကရတဲ့ကြောင်ကြီးကို ချက်ပြီး အရက်နှင့်မြည်းရန် ဖိတ်ခေါ်ထားသည်။

ရွာရှိလူငယ်လူလတ်တော်တော်များများ မောင်ထွန်းအိမ်သို့ သွားကြသည်။ မောင်ထွန်းတို့အဖွဲ့က တာဝန်ယူချက်ကြသည်။

ဇော် သန်းကြောင့် ကြောင်တစ်ကောင်ရသလို သရဲကိုတိုက်ခိုက်တဲ့အတွက် ဂုဏ်ပြုခြင်းဖြစ်သည်။





ဇော်သန်းကတော့ အစ်ကိုရင် အုန်းသန်း၊ အစ်မ ယောက်ျား (ယောက်ဖ) ကျော်တင့်တို့ ပျောက်ဆုံးသွားတဲ့ကိစ္စနဲ့ ပါတ်သက်ပြီး ဇကျေနပ်၍တရားခံကိုအသက်နှင့်ရင်းပြီး ရှာဖွေနေသည်။

မောင်ထွန်းတို့အဖွဲ့က ဇော်သန်းတို့ပျော်ရွှင်စွာ ကြိုဆိုကြသည်။ စားသောက်ဝိုင်းလေးကို စလိုက်ကြသည်။

"ဒါနဲ့ ဇော်သန်း"

"ဘာလဲမောင်ထွန်း"

"ဟိုနေ့က မင်းဘယ်လိုပုံစံနဲ့တွေ့တာလဲ ငါတို့ကိုပြောပြပေးပါကွာ"

"ဒီအကောင်ကြီးက ကံဆိုးတာလား၊ ငါက ကံကောင်းတာလားမသိဘူး။ ငါက အိမ်ကိုပြန်တယ်။ ဦးပုခြံကိုရောက်တော့ သတိထားမိတယ်။ နားထဲမှာ ခြေသံလိုလိုကြားလိုက်တယ်။ အဲဒီအချိန်မှာဓါးကိုညာလက်ကိုပြောင်းပြီး ကိုင်လိုက်တယ်။ အနောက်ကိုလှည့်ကြည့်တော့ လက်မည်းကြီးနှစ်ခုက ငါ့ဆီကိုဦးတည်လာတယ်။ ငါလည်းလက်ထဲကဓါးနဲ့ ခုတ်လိုက်မိတယ်"

"အဲဒီအကောင်ကြီး မင်းကိုဘာလုပ်လဲ"

ဇော်သန်းသည် အရက်ကိုတစ်ချက် မော့သောက်လိုက်သည်။ အားလုံးက ဇော်သန်းစကားကို စိတ်ဝင်စားကြသည်။ လက်ထဲမှာကိုင်ထားတဲ့ အရက်၊ အသားတုံးများ ပါးစပ်ထဲမ ရောက်နိုင်အောင်ဖြစ်နေသည်။

ဇော်သန်းသည် ကြောင်သားတစ်တုံးကို ယူစားလိုက်သည်။

"ဓါးနဲ့ခုတ်မိတော့ ဘာမှမလုပ်တော့ဘူး။ ဟီး ဟီး ဟီး ဆိုရယ်ပြီး ထွက်ပြေးသွားတယ်။ အစတော့ ငါလည်းကြောက်နေတယ်။ အဲဒီကောက်ကြီးလည်းပြေးရော ငါမကြောက်တော့ဘူး။ အနောက်



www.burmeseclassic.com

www.burmeseclassic.com



ကနေလိုက်တော့တယ်။ ပါးစပ်ကလည်း အော်တာပေါ့ကွာ''

"ဒါနဲ့မင်းမျက်နှာကို မြင်လိုက်ရလား''

"အဲဒီတော့ မမြင်လိုက်ရဘူး ဘာကြောင့်မှန်းတော့မသိဘူး။ သရဲမျက်နှာကို အရမ်းကိုမြင်ချင်တယ်''

"အဲဒါ အနာဆုံးပဲကွာ။ မင်းသာမြင်လိုက်ရရင် ငါတို့အတွက် ဗဟုသုတတစ်ခု တိုးတာပေါ့ကွာ''

ဒွေးကိုစကားကို ထောက်ခံကြသည်။

ရွာသားများသည် သရဲဆိုတဲ့မကောင်းဆိုးဝါးအကောင်ရဲ့ မျက်နှာကို မြင်ချင်ကြသည်။

လူကြီးတွေက သရဲဟာခြောက်သည်။

သရဲခြောက်တာကို ကြုံဖူးချင်ကြသည်။

ဒါဟာ ရိုးသားသူများရဲ့ စရိုက်ဖြစ်သည်။

တစ်ချို့လူကြီးတွေက သရဲအခြောက်ခံရသူဟာ 'ကံ' နိမ့်လို့ဟု ပြောကြသည်။

''ဟိုငယ်တုန်းက 'လရောင်ချို' သရဲဆိုတာရှိတယ်လို့ပြောသံကြားဖူးတယ်၊ တကယ်ဆိုးတဲ့အကောင်ကြီးပေါ့၊ ဘကြီး စောကို မေးရင်သိနိုင်တယ်''

"ဟုတ်လား။ အဲဒီကောင်ကြီးက ဘယ်မှာနေလဲ''

''ရွာစွန်လက်ပန်တောက အိမ်ကြီးမှာလို့ကြားဖူးတယ်''

''ဒီလောက်နှစ်တွေကြာရင် ရှိပါတော့မလားကွာ''

''ရှိချင်လည်းရှိမယ်၊ မရှိရင်လည်းမရှိဘူး။ ဘယ်သူမှ အတတ်မပြောနိုင်ဘူး''

"မောင်ထွန်းပြောတာကို လက်ခံတယ်''

မောင်ထွန်းတို့အဖွဲ့သည် တစ်ယောက်တစ်မျိုး မှတ်ချက်များပေးနေကြသည်။





ငင်းတို့သည် ထိုရွာလေးမှာ မွေးဖွားကြီးပြင်းလာသူများဖြစ် သည်။

ရွာလူကြီးများက တိုက်ဆိုင်တဲ့အခါ ရွာရဲ့အကြောင်းများကိုပြော တတ်သည်။ ထိုသို့ပြောသည်မှာ ခြောက်လှန့်ခြင်းမျိုးမဟုတ်။ သတိရှိဆိုတာ ပြောခြင်းသာဖြစ်သည်။

လူငယ်များက မကြုံဘူးကြ၍ ပုံပြင်တစ်ပုဒ်လိုဖြစ်နေသည်။

အခုပြောနေကြတဲ့ 'လရောင်ချို' သရဲရှိတဲ့အိမ်ကြီးဟာ ြောက်ဘက် မိုင်ဝက်လောက်ဝေးတဲ့ လက်ပံတောကြီးအတွင်းမှ ကြီးအကြောင်း ဖြစ်သည်။ လက်ပံပင်တွေရှိနေတဲ့ ခြံကြီးသည် ကလောက် ကျယ်သည်။ ရှေးဟောင်းအိမ်ကြီးတစ်လုံးကို ခြံ ယ်ဗဟိုတွင် ဆောက်လုပ်ထားသည်။

ငင်းလက်ပံခြံကြီးသည် တစ်ချိန်က နာမည်ကျော်ခြံကြီးတစ် သည်။

ခြံကြီး၏အရှင်သခင်သည် မင်းအနွယ်တော် မွေးဖွားနေထိုင် တဲ့ ခြံကြီးဖြစ်သည်။

ထိုအနွယ်တော်မိသားစု ကွယ်လွန်ပြီးနောက် လေးနှစ်လောက် ပြင့်ပြီး လရောင်ချိုခေါ်တဲ့ လူတစ်ယောက်ရောက် ရှိနေထိုင် ည်။

''ဘာပဲဖြစ်ဖြစ် အဲဒီသရဲကောင်ကို မမိတာတော်တော် နာ ယ်ကွာ''

''ဒါကတော့ အမှန်ပဲ''

''ငါသရဲမျက်နှာကိုမြင်ချင်တယ်''

''ဟေ့. . ကောင်လေးတွေ မဟုတ်တာတော့ မပြောကောင်း မပြောကြနဲ့ကွယ်''

''အဘိုးထူးကလည်း ကျွန်တော်တို့က တကယ်ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com







လူငယ်များသည် အရက်ရှိန်ကြောင့် ဘယ်ဟာကိုမှ ထိ
ချုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

အဘိုးထူးသည် မပြောရန်တားမြစ်သည်။

အမြဲတမ်း နားထောင်တတ်ကြသည်။ ယခုတော့ နာ
ထောင်ပေ။

ငင်းတို့စကားပြောနေချိန်တွင် အရိပ်မည်းတစ်ခု အနောက်
ရောက်နေသည်။ ဝိုင်းဖွဲ့အရက်သောက်သူတွေ မတွေ့ကြပေ။

စကားပြောရင်း အရက်ကိုတာ သောက်နေကြသည်။

''ဟာ. . . ဘာလိုဖြစ်တာလဲ''

''ဟာ. . . ဟာ. . . ဟာ''

''သရဲ. . . သရဲ''

အားလုံး တုန်လှုပ်အံ့ဩတုန်ကြသည်။

အရက်ခွက်များသည် လှုပ်ပြီးတစ်ဖက်ကိုရွေ့ကုန်သည်။

တချို့ခွက်တွေ မှောက်ကုန်သည်။

စောစောက သရဲအကြောင်းကို အာရှင်ရှင်ပြောနေသူ
မပြောနိုင်အောင် ဖြစ်ကုန်ကြသည်။

တချို့က အရက်အိုးတွေကို ကိုင်ထားကြသည်။

ကျန်သူများက အရက်ခွက်တွေကိုကိုင်ထားကြသည်။

''ဘယ်အကောင်လာနောက်ပြန်တာလဲ''

''ငါ့လေးခွ ဘယ်မှာလဲ ပေးစမ်း''

''ငါတို့ကို ဘာကောင်တွေမှတ်သလဲ''

လေးခွဆွဲသူ ဓါးဆွဲသူတွေနှင့် အလုပ်ရှုပ်ကုန်ကြသည်။

တချို့မြင်ရာကို ရမ်းပစ်ကြသည်။

လေသီး (လောက်စာလုံး) များသည် တိုင်များ၊ သစ်ပင်များ
ကို ထိမှန်ကုန်သည်။



''အူး. . . အူး''

ခွေးအူသံ ခွေးဟောင်သံများ တစ်ရွာလုံးဆူညံသွားသည်။

တစ်ဖုန်းဖုန်း၊ တစ်ဝုန်းဝုန်း ပြေးလွှားသံများ ဆူညံစွာထွက်
ပေါ်သွားသည်။ မည်သည့်အရာများ ပြေးလွှားသည်ဆိုတာ မည်သူမှ
မသိအောင် ဖြစ်နေ၏။ အရက်သောက်သူများ နားထဲမှာ ထိုအသံ
ကိုကြားသူရှိသလို၊ မကြားသူများလည်း ရှိသည်။

''ဟေ့. . . ပြန်ကြမယ်၊ အိမ်က မျှော်လောက်ပြီ''

''ကောင်းတယ် ဒီအခေါက် အရက်သောက်ရတာ မကောင်း
ဘူး''

''ဟေ့. . . ကလေးတွေ တစ်ယောက်ခြင်းခွဲမသွားနဲ့ စုပြီး
သွားကြ ကြားလား''

''ဟုတ်ကဲ့ပါ''

အဘိုးထူးသည် မောင်ထွန်း၏အဖေဖြစ်သည်။

အဘိုးထူးသည် အသက်အရွယ်ကြီးသည်။

လူတွေအကြောင်း ဘဝအကြောင်းကို ကောင်းစွာသိနေ
သည်။ ဌေးကို၊ ဇော်သန်းတို့အဖွဲ့များသည် သုံးလေးယောက်စုပြီး
ပြန်ကြသည်။ တချို့ကရွာအစွန် ပြန်ရမည့်ငင်းတို့ကို မပြန်ရန်နှင့်
အိမ်တွင် အိပ်ရန်ပြောလိုက်သည်။ အားလုံးသည် နေအိမ်ကို
အသီးသီးပြန်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း — ၆ —



ဓာတ်ဆိုးထိုးထံ

"ဟား ဟား ဟား"

ရယ်သံများသည် ဝန်းကျင်ကို လွှမ်းမိုးထွက်ပေါ်လာသည်။

"အဘိုးစောပြောတာ တကယ်စိတ်ဝင်စားစရာပဲနော်"

"စိတ်ဝင်စားစရာဖြစ်အောင်ပြောတာကိုကွာ"

"အဘိုးစော ဒါဒီအကောင်ကြီး ပြန်မလာတော့ဘူးလား"

"ပြန်လာချ င်လာလို့ရတယ် မလာချင်ရင်လည်းရတာပဲ"

အဘိုးစောစကားသည် လူငယ်များအတွက် အံ့ဩစရာဖြစ်





သည်။ အဘိုးစောသည် မည်သည့်အရာကို ရည်ရွယ်ပြီး ပြောလိုက်သဲဆိုတာ စဉ်းစားမရပေ။

အဘိုးစောသည် ညဘက်အနားယူတဲ့အခါ ရွာလူငယ်များကို ကောင်းနှောင်ဖြစ်များကို ပြောပြတတ်သည်။

လူငယ်များက စိတ်ဝင်စားစွာ နားထောင်ကြသည်။

အဘိုးစောသည် စကားပြောလွန်စွာကောင်းသည်။ မဟုတ်တာ ရာတ်အောင်ပြောတတ်သည်။ ညဘက်အလုပ်နားသည်နှင့် အဘိုး အိမ်ကိုရောက်ကြသည်။ ရွာထဲမှာ ဆိုးသွမ်းတဲ့လူငယ်တွေကို အောင်ပြောတဲ့နေရာမှာ နှစ်ယောက်မရှိ။ မိဘများက ပြောမရ သမီးကို အဘိုးစောအားတိုင်ကြားသည်။ အဘိုးစောနှင့်တွေ့ ငံ ထိမ်မာသွားတတ်ကြသည်။

"အဘိုးစောပြောတာ ကျွန်တော်တို့ နားမလည်ဘူး။ ဘာ သိုင်လဲ"

"ဝတ္ထုထဲကလိုပေါ့ကွာ။ ဒုတိယပိုင်းကိုဆက်ဖတ်ပါလိုပေါ့"

"ဒါဆို တစ်ပိုင်းကျန်သေးတယ်ဆိုတဲ့သဘောလား"

"ကျန်သေးတာပေါ့ကွာ"

"အိနဲ့အဘိုးစော အခုပြောတာအဘိုးစောရဲ့ မျက်မြင်လား"

အဘိုးစောသည် ရေနွေးကြမ်းကိုမှုတ်ပြီးသောက်နေသည်။ မေးခွန်းများကို ဖြေကြားခြင်းမရှိ။

ရွာမှာရှိတဲ့သူများက အဘိုးစောပြောလာခဲ့မယ့် စကားများကို နားနေကြသည်။ အဘိုးစောသည် အချိန်ဆွဲနေသည်။ ရေ သောက်ပြီးနောက် အသင့်ချထားတဲ့ဆေးပြင်းလိပ်ကိုယူပြီး ညှိသည်။ ဆေးပြင်းလိပ်ကို သုံးလေးဖွာ ဖွာရှိုက်နေသည်။

"အဘိုးစော ကျွန်တော်မေးတာဖြေအုံးလေ"

"နောက်ဆက်တွဲပြောစရာများရှိသေးတာပေါ့လေ။ လာရောင်ချီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့အဘိုးတို့တိုစွက်ပိုပြီး စိတ်ဝင်စားစရာအခန်းတွေ ရောက်နေပြီ

"အဲဒါဆို အခုပြောပြလေ"

"ဒီနေ့တော့ နေအုံးလေကွာ၊ အချိန်ကလဲ ညဉ့်နက်

လေ။ မင်းတို့မနက်အလုပ်သွားကြအုံးမယ်မဟုတ်လား"

"စောပါသေးတယ် အဘရာ"

"ရွာမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မင်းတို့လဲအသိပဲလေ

အဘိုးစောပြောမှ အားလုံးသတိရသွားကြသည်။ပဥ္စလုပ်ရွာ

သည် ယခုနှစ်မှာ မကောင်းဆိုးဝါးတွေနှင့် ကြုံတွေ့နေရသည်။

ဘက်တွင် ငှက်ဆိုးထိုးသံများ၊ ခွေးဟောင်သံများ၊ ကျွဲနွားတိရစ္ဆာန်

အထိတ်တလန့်ဖြစ်နေသည်။ ဒီကြားထဲ ချောင်းကအော်သေး။

ပြဿနာကိုဖြေရှင်းရန် ခက်နေကြသည်။ လူငယ်များသ

အဘိုးစောစကားကို လက်ခံပြီးပြန်ရန် ဆုံးဖြတ်လိုက်သည်။

"အစ်ကိုစောအိမ်ကို သူတော်စင်တစ်ယောက်လာတယ်

"ဟုတ်တယ်မောင်ညွန့်ခင်"

"ဘာကိစ္စတဲ့လဲ၊ ကျွန်တော်ကတော့ လွန်စွာထူးဆန်းတ

လို့ ထင်တယ်ဗျာ။"

"မောင်ညွန့်ခင်ပြောတာမှန်တယ်။ သူတော်စင်ကြီးက လွ

ထူးဆန်းတဲ့သူပဲ၊ လူငယ်တွေရှိတုန်းပြောရတာပေါ့။ သူကြီးကိုလ

ပြောထားတယ်။ ဒီရွာမှာရှိတဲ့ လူတော်တော်များများ ခန္ဓာပျက်

မယ်တဲ့။ ကဝေတွေ ဒုက္ခပေးနေတယ်တဲ့"

"အဲဒီလောက်ပဲလား၊ အစ်ကိုစော။ ကဝေတွေဘယ်မှာ

တယ်ဆိုတာ ပြောသွားသေးလား"

"အဲဒါတော့ အစ်ကိုစောအပြစ်ပါကွာ။ အဲဒီကိစ္စကို

မိဘူး။ သူတော်စင်ကြီးက မေးသေးတယ်။ ငါကပြောစရာမရှိဘူး

လို့ ပြန်သွားတယ်ကွာ"





"အဲဒါက အနှစ်နာဆုံးပဲဗျာ"

"သိဝ်မှန်တာပေါ့ကွာ၊ မကောင်းဆိုးဝါးတွေကို မနှိမ်နင်းနိုင်

တော့ဘူး"

ပြီးသွားပြီပဲအစ်ကိုစော ပြောနေလဲ အတိုပဲ။ သတိထားဖို့ပဲ

လိုတော့တာပေါ့"

လူများသည် ကဝေဆိုတာကို သတိထားလိုက်ကြသည်။ ရွာ

မှာ ကြုံတွေ့နေရတာတွေဟာ မကြားဘူးတဲ့အရာများ ဖြစ်သည်ဟုထင်

မှတ်နေကြသည်။ လူကြီးများသည် ထိုကိစ္စကို သတိထားဆောင်ရွက်ရန်

စိတ်ကူးကြသည်။ ရွာလူကြီးကတဆင့် ပလိပ်ထဲအကြောင်းကြားရန်

တိုင်ပင်ကြသည်။ ၎င်းတိုင်ပင်မှုကို သူကြီးကလက်မခံ ကိုယ်တိုင်ဖြေရှင်း

ရည်ဟု ပြောလာသည်။

"ကဝေဆိုတာ ဘာလဲအဘိုးစော"

"မကောင်းတဲ့နည်းလမ်းနဲ့ လူသတ်သမားကို ပြောတာပေါ့

ကွာ"

"အဲဒီလူကို ဖမ်းလို့မရဘူးလား အဘိုးစော"

"ရတာပေါ့။ ဒါပေမယ့် ခက်တာပေါ့။ သူတို့က အောက်လမ်း

ဆရာကောင်တွေဖြစ်နေရင်တော့ ပိုပြီးခက်မယ်ကွာ"

အားလုံးသည် တစ်နေရာကိုကြည့်လိုက်ကြသည်။ မျက်လုံးများ

ချင်း အရာတစ်ခုဖြစ်သွားသည်ကို သတိထားမိကြသည်။တစ်ယောက်

နှင့်တစ်ယောက် မျက်လုံးချင်းစကားပြောကြသည်။ လေ၊ မိုးများကို

ချိန်မိကြသည်။ အရေးကြုံလျှင်ဖြေရှင်းရန် လွယ်ကူသည်။

"အစ်ကိုစော သတိထားမိလား"

စကားပြောနေတာကိုလာပြီး နားထောင်သူက တစ်ယောက်

ဆို့ ထင်တယ်။

"ဟုတ်တယ် ကျွန်တော်လည်း အဲဒီလိုပဲထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး ဗိုး"

ငှင်းအချိန်မှာ ငှက်ဆိုးတစ်ကောင် ထိုးသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ အားလုံးတုန်လှုပ်ကုန်ကြသည်။ တောရွာဓလေ့ အရ ငှက်ဆိုးသည်မကောင်းသောတိရစ္ဆာန်ဖြစ်ပြီး ၎င်းထိုးသည့် အသံသည် ရွာအတွက်နိမိတ်မကောင်းဟု သတ်မှတ်ထားကြသည်။

"ငှက်ဆိုးထိုးတယ်အဘ"

"သတိထားကြပေါ့ကွာ၊ ဒါနဲ့သတိပေးရအုန်းမယ် ရွာမှာ နတ်ပွဲရှိတယ်။ အဲဒီနတ်ပွဲကိုသွားရင် အချိန်မနှောင်းစေနဲ့ကြားလား"

"ဟုတ်ကဲ့ပါအဘစော"

"ဟော့ ဒီမှာ ဒီမှာသတိထားပြီးသွားကြကွယ်"


"စိတ်ချပါအဘိုးစော"

လူငယ်လူလတ်များသည် အဘိုးစောအိမ်ကနေ ပြန်လာကြ ပေတော့သည်။





# သ ခွန်း —၇—



ချော်ထုံးချော်

ပဥ္စယူပရွာသည် နတ်ပွဲကျင်းပနေ၍ ရွာသားတွေအတွက် ပျော်ရွှင်စရာဖြစ်နေသည်။ နတ်ပွဲသည် တစ်နှစ်ကိုတစ်ကြိမ်ကျင်း ပသည်။ ရွာလယ်ပိုင်း ဒေါ်စန်းမော်အိမ်က ဖြစ်သည်။ ၎င်းသည် ငပိ များရောင်းချပြီးသည်နှင့် ရသည့်အမျက်ငွေများကို သုံးရက်တိုင်တိုင် နတ်ပွဲကျင်းပသည်။

ထိုည (၇)နာရီမှစပြီး နတ်ပွဲကိုစတင်ကျင်းပသည်။

မဏ္ဍပ်အတွင်းမှာ အနီးနားရွာမှ ပရိသတ်များနှင့် ပြည့်နေ သည်။ ဆိုင်းတီးသံများသည် ဆူညံစွာထွက်ပေါ်လာသည်။ ယခင် နှစ်များက နတ်ဆရာဦးအောင်ရှိန်ကိုသာခေါ်သည်။ ဆရာဦးအောင်

www.burmeseclassic.com



ရှိန်သည် "လာဟေ့"ဆရာအဖြစ်လူသိများသည်။ နတ်တွေကို "လာတော့"ဟုခေါ်ပြီး နတ်ဝင်သူများသည် လာရောက်ကြည့်သူတွေထဲက ဝင်ရောက်ပူးတတ်သည်။ ထိုနှစ်တော့ အဲဒီလိုမဟုတ်။ လှလှပပ နတ်အင်္ကျီများကို ဝတ်ဆင်ပြီးကကြသည်။ နတ်စစ်တယ် မစစ်ဘူးဆိုတာ မသိကြပေမယ့် ရွာသားများက နတ်အစစ်ဝင်ပူးတာမဟုတ်ဟု မှတ်ချက်ချကြသည်။

ဘယ်လောက် စီးပွားရေးဆန်းလိုက်သလဲ နတ်ပူးချင်သူများ ငါးကျပ်တစ်မတ်ပေးရင် ကလို့ရသည်ဟု ပြောကြသည်။

ကွာခြားသည့်အချက်က ဆရာဦးအောင်ရှိန်တုန်းက ပထမဆုံး ရွာတော်ရှင်ကို ခေါ်သည်၊ ဒုတိယတွင် ကွင်းပိုင်၊ တတိယနယ်ပိုင် ဒါတွေကိုခေါ်သည်။ ယခုနတ်ပွဲက ပထမဆုံး ကိုကြီးကျော်ကိုခေါ်ပြီး ကျော်လေးကျော်ကို စားပွဲသောက်ပွဲနှင့် ကျင်းပသည်။ ရွာသားများသည် နတ်ပွဲကိုအငြိမ့်ပွဲကြည့်ရတဲ့ သဘောထားပြီး ကြည့်ကြသည်။

"ဒီမှာ ကျွန်တော်တို့လည်း ကချင်လို့ပါ"

"သားတို့က ဘယ်ရွာကလဲ"

"ဒီရွာကပါ"

"ဟဲ့ မောင်အောင်ထူးတို့ပါလား။ ဘာလုပ်မလို့လဲ"

"အရီးစန်းမော် ကျွန်တော့်အစ်ကိုတွေက ဝင်ချင်တယ်လို့ ပူဆာနေလို့ပါ"

"မင်းအမေဆူနေပါအုံးမယ်ကွယ်"

"အမေဆူတာ နောက်၊ အခု အစ်ကိုဇော်သန်းတို့ ဝင်ချင်တာကထိန်းမရတော့ဘူး။ သူတို့အကြောင်းကို အရီးလဲသိသားနဲ့"

"ကနားစီး အဲဒါကျွန်မတို့နဲ့ ဆွေမျိုးမကင်းဘူး"

"သမီးတော်ရဲ့လူတွေလား။ ရပါတယ်၊ အမေစီစဉ်ပေးပါမယ်"

ကနားစီးမောင်ဝင်းက မောင်အောင်ထူးရဲ့ အစ်ကိုဝမ်းကွဲများ





ကို ခေါ်လိုက်သည်။

၎င်းတို့သည် အဝတ်လဲခန်းကို လိုက်ပါသွားကြသည်။

အောင်ထူးသည် သုံးယောက်စာပိုက်ဆံပေးပြီး ကျန်ရစ်ခဲ့သည်။ ၎င်းတို့အထဲတွင် မောင်အောင်ထူးသည် ရွာသူကြီး အများစုရဲ့ ချစ်ခင်ခြင်းကို ခံရသူဖြစ်သည်။

အပြင်တွင် နတ်ကသူများနှင့် ဆူညံနေသည်။ နတ်ပွဲကြည့်သူများက တဖြည်းဖြည်းနှင့် ပြည့်လာသည်။ ပွဲခင်းကြီးတစ်ခုလုံး စည်ကားလာသည်။ မောင်အောင်ထူးတို့သည် နတ်ပွဲရဲ့အဓိကနေရာမှာ ထိုင်လိုက်သည်။ ဒေါ်စန်းမော်ရဲ့ခင်ပွန်းက ဇော်သန်းကို တွေ့သွားသည်၊ အားလုံးက ဇော်သန်းဝင်ရောက်ထိုင်တာကို မကြိုက်တဲ့အမူအရာများဖြင့် ကြည့်နေကြသည်။

ဖြစ်နိုင်ရင် မောင်းထုတ်ချင်သည်။

ဇော်သန်းက ခေသူမဟုတ်။ ပြဿနာတစ်ခု တက်လာလျှင် အသယ်ခုဖြစ်အောင် ထပ်မံလုပ်တတ်သည်။ ထို့ကြောင့် ရွာသားများက မီးတုတ်ဇော်သန်းဟုခေါ်ကြ သည်။

"ဟေ့ မောင်ဇော်သန်း တစ်ယောက်လည်းလားကွ။ မင်းအမေတွေရော"

"သူတို့က နောက်ညမှလာမယ် ဦးလေး။ အစ်ကိုတို့ ပူးချင်တယ်ဆိုလို့"

"အော် ဟုတ်လား ဒါနဲ့ မင်းညီလေးပြန်လာပြီလား"

"ရန်ကုန်မှာပဲ။ ကျောင်းပိတ်သွားပြီလို့စာရေးတယ်။ ဒီရက်ထဲမှာ ပြန်လာမယ်ပြောတာပဲ"

"နောက်ဆုံးနှစ်လားကွဲ့"

"မဟုတ်ဘူးဦးလေး တစ်နှစ်ကျန်သေးတယ်"

"ဒီကလေးက တော်တော် ရှည်မှန်းချက်ကြီးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး။ ဦးလေးဟိုမှာလေ"

"အော်. ဘယ်သူတွေလဲလို့. အစ်မမယ်ပွားရဲ့သားတွေပဲ"

အဝတ်များလဲပြီး ဝတ်လာသူများကိုကြည့်နေကြသည်။

နတ်ပူးမည့်သူသုံးယောက်သည် ဇော်ကြီး၊ ကျော်ကြီး၊ အောင်ကြီးတို့ ဖြစ်သည်။ အရက်သောက်တဲ့နေရာမှာ ပြိုင်စံရှားများဖြစ်သည်။ ဇော်ကြီးဟာ အဆိုးဆုံး။ ဘယ်အရာမဆိုလုပ်ရဲသူတစ်ယောက်ဖြစ်သည်။

၎င်းတို့သည် စည်းဝိုင်းထဲကို ဝင်လိုက်ကြသည်။

"သားတို့က ဘယ်ကိုတော်တွေလဲ"

"ကျွန်တော်တို့က ကျော်တွေပါ"

"ကဲ ရွာစားရေ ကျော်လေးကျော်တဲ့"

"ကျော်လေးကျော်မဟုတ်ဘူး ကျော်သုံးကျော်"

ဇော်ကြီးက အနောက်ကိုလှည့်ပြီး ပြောလိုက်သည်။

ကျော်ကြီးတို့သည် ပိုးချည်ထိုးဖြင့် နတ်တွေဝတ်ဆင်ထားတဲ့ပုံစံဝတ်ဆင်ရတာကို ကျေနပ်ပျော်ရွှင်နေသည်။

"ရေနံပိုင်တစ်ကိုး ပိုင်ဆိုင်ဆိုးပါတဲ့ အဘစောင်းတော်ရှင် ရေနံပိုင်ဦးရှင်ကြီး ကြွတော်မူပါ"

သီချင်းဆိုနတ်ပင့်ဆရာက ခေါ်လိုက်တဲ့အချိန်တွင် ဆိုင်းသံဗုံသံများ ဆူညံစွာထွက်ပေါ်လာသည်။

"ဟေ့ ဟေ့ ဟိုးဟိုး ခဏနေဦး"

ဇော်ကြီးသည် ဘုရားကိုဦးနိုက် အာရုံပြုတာကို ရုတ်သိမ်းလိုက်သည်။

ဆိုင်းသမားတွေဘက်ကို မျက်နှာမူလိုက်သည်။ ဇော်ကြီးရဲ့လုပ်ရပ်ကို အားလုံးနားမလည်အောင်ဖြစ်သွားကြသည် နတ်ပင့်ကွင်းလုံးဝတင်နေမှ မည်သည့်အတွက် ရပ်နိုင်းရတာလဲ။ ကနားစီးနှင့်နတ်ပင့်





သူများ အံသြကုန်ကြသည်။ ဇော်ကြီးကို ကြည့်လိုက်သည်။

"ဘာမှားသွားလို့ပါလိမ့်"

"ကျွန်တော်တို့က ရေနံပိုင်ဦးရှင်ကြီးမဟုတ်ဘူး။ ကိုကြီးကျော် ကျော်သုံးကျော်ဗျ"

"မှားသွားလို့ပါ ပြန်ခေါ်ပေးပါ"

"ဟုတ်ကဲ့ ပရိသတ်တို့ရေ ကိုကြီးကျော်တဲ့ဗျာ။ တော်တော်ကိုမူးကြမဲ့ပုံစံပဲ"

"ဘာဗျ"

"မ မဟုတ်ပါဘူး။ တော်တော်မြူးကြမယ့်ပုံလို့ပြောတာပါ"

နတ်ပင့်သူစကားကို လာရောက်ကြည့်သူများ ဝါးကနဲ ရယ်လိုက်ကြသည်။

နတ်ပင့်သူသည် မျက်နှာပြောင်တိုက်ပြီး ဟာသစကားလုံးများပြောဆိုလိုက်သည်။ ကိုယ်တစ်ချက်ပြင်လိုက်သည်။

"အထက်အညာ နေရာတကာမှ ထန်းပင်ထန်းလက် ဟန်ချက်ညီတဲ့၊ ကိုကြီးကျော် ခေါ် ဘဘကျော်နဲ့ ကျော်လေးကျော်"

"မဟုတ်ဘူး ကျော်သုံးကျော်ကိုယ်တော်ကြီးတို့ ဤမဏ်လာရွှေ့ကို အပူဇော်ခံကြွရောက်တော်မူပါဘုရား . . . ဘုရား"

ထိုသို့ခေါ်လိုက်သည်။ ဗိုင်းကြီးမှထွက်ပေါ်လာတဲ့အသံသည် ဆူညံသွားသည်။ ဆိုင်းသံကြား၌ တစ်ချို့လူများ ထကချင်စိတ်များထွက်ပေါ်လာသည်။ ကျော်ကြီး၊ ဇော်ကြီးတို့က ထကကုန်သည်။ မော်ကြီးကတော့ ဘုရားအာရုံပြုနေသည်။ ထိုအချိန်တွင် ဇော်ကြီးက ထက်နှစ်ဖက်ကိုဆွဲပြီး ခါရမ်းလိုက်သည်။ မော်ကြီးသည် ဇော်ကြီးတို့လိုထခုန်နေသည်။

"ဟေ့ ဒါမှမော်ကြီးကွ"

လက်ခုတ်တီးအားပေးသံများ ဆူညံစွာထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးဆောင်သား ကခုန်နေကြသည်။

ဆိုင်းတီးသံများ ဆူညံစွာထွက်ပေါ်နေသည်။

"ဟော့ ကိုယ်တော်ကြီးကို ဘာကြောင့်ခေါ်ရတာလဲ"

"ခုနစ်ရက်သားသမီးတွေ ပူဇော်ခံရန် ပင့်ဆောင်တာပါ ကိုယ်တော်ကြီး"

"အေး အေး ကိုယ်တော်ကြီးက အသက်ကြီးလာတော့ မောတယ်ကွဲ့ ဆက်သစမ်းပါအုံးကွဲ့"

"ဟော့ မြန်မြန်ဆက်ကြလေ"

"လာပါပြီ ကိုယ်တော်ကြီး"

အရက်ပုလင်းတွေကို လာရောက်ပေးကြသည်။

ဖော်ကြီးတို့သည် အရက်ပုလင်းကို ခါးမှကိုင်ပြီး မော့သောက်နေကြသည်။

"အဖေကြီးဖြေးဖြေးသောက်ပါ လာရတာဝေးတော့ မောပါတယ်"

"အား အခုမှအမောပြေသွားတယ်ကွဲ့"

"ဖေကျော်ကြီး ကောင်းရဲ့လား"

"အမောပြေသွားတယ်ကွဲ့။ ဟဲ့ သမီးတော်ကြီးကော ကွဲ့"

"ရှိပါတယ် အဖေကြီး"

"ဖေကြီးပျော်တယ်ကွဲ့"

"ပျော်ပါတယ် အဖေကြီး"

"သမီးတော်တို့ အခုထက်စီးပွားပိုတတ်စေရမယ်"

"စောင့်ရှောက်ပါ အဖေကြီး။ နောက်နှစ်ဒီထက်ပိုပြီး လှူဒါန်းပါ့မယ်"

"ဟဲ့ သမီးတော်ရဲ့ သူကြီးမရှိ[illegible]ဖြစ်လဲ"

"ရွာဆူပါတယ် အဖေကြီး"





"အမြည်းမရှိတော့ရောကွဲ့"

"အာပူပါတယ်"

"အဲဒါဆို အမြည်းလိုတယ်ကွဲ့"

"ဟုတ်ကဲ့ပါ အဖေကြီး"

နတ်ပွဲအလှူရှင် ဒေါ်စန်းမော်သည် ကြက်ကျော်များကို ယူပြီး ကျော်ကြီးတို့ကိုပေးလိုက်သည်။

ကျော်ကြီး၊ ဖော်ကြီး၊ မော်ကြီးတို့သည် အရက်သောက်လိုက် ကြက်သားကြော်စားလိုက်နှင့် ပျော်ရွှင်နေကြသည်။

"ဒီနေ့တော့ ကျော်ကြီးတို့ပွဲဟေ့"

"ကျော်ကြီးရေ ငါတို့ဒီမှာရှိတယ်ကွာ"

ရွာခံတွေက တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြသည်။ တစ်ချို့လူတွေက ရယ်နေကြသည်။ တစ်ချို့က မင်းတို့တကယ်ပူးနေတာလား။ ပူးတာဘယ်လိုလဲဟုမေးနေကြသည်။ ၎င်းတို့ကတော့ အရက်၊ ကြက်ကြော်နှင့် ပျော်ရွှင်ကျေနပ်နေကြသည်။

"ငါတို့တောင်စားလို့ မဝသေးဘူးကွာ"

"ဒါဆိုလဲ ဝအောင်စားကွာ"

၎င်းတို့က ပြန်မပြောပဲကျေနပ်နေကြသည်။

"ကဲ့ ရွာစားရေ ဖေကြီးပျော်မယ်ကွဲ့"

"ဖေဖေကျော်ကြီး ဘာကိုလိုလို့ဝဲ၊ ဖေဖေကျော်ကြီး ဘာကိုလိုလို့ဝဲ"

"အရက်ပုလင်းလိုလို့ဝဲ"

သီချင်းစာသားပြီးဆုံးသည်နှင့် ကျော်ကြီးတို့သည် ကနေကြသည်။

အရက်သောက်လိုက်၊ ကြက်ကြော်စားလိုက် ကလိုက်နှင့် ပျော်စွာအခသင်ပြေနေကြသည်။ ဆိုင်းများက အဆက်မပြတ်တီးနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ဇော်ကြီးတို့ ကရတာမောလာသည်။ မော်ကြီးသည် အကမှ ရပ်ပြီး ဝိုင်းကြီးဆရာကိုအရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။ ဆိုင်းအဘိုးများရယ်သွားသည်။

"ဖေကြီးကျော် သားတော်လည်း ဖေကြီးကျော်ရဲ့သားတစ်ယောက်ပဲလေ"

"ပေးရသေးတာပေါ့ကွဲ့"

အရက်များကို ငှဲ့ထည့်ပေးလိုက်သည်။

ဆိုင်းသမားများပျော်ရွှင်နေကြသည်။

အားလုံးက အရက်သောက်လိုက် စားလိုက်နှင့် အေးဆေးနေကြသည်။ မော်ကြီးကတော့ ဘေးကပ်နေသည်။

"ကဲ ဖေကြီးကြက်တိုက်ချင်တယ်သကွဲ့"

"ရတာပေါ့ ဖေကြီးကျော်နဲ့ သားတော်လောင်းမယ်"

"လောင်းတာပေါ့"

"အသပြာ ငါးထောင်ကြေးလောင်းမယ်"

"လောင်းမယ် ကဲ ငွေဖလားနဲ့ ကြက်ဟော်များပေး"

မော်ကြီးသည် အရက်ပုလင်းနဲ့ကြက်ကြော်ကိုပေးပြီး ကြက်နှင့် ဖလားကိုကိုင်လိုက်သည်။

"ကဲ စကြမယ် ရှာစားရေ"

ဝိုင်းကြီးက စလိုက်သည်။ မော်ကြီးသည် ကြက်တစ်ဖက် ဖလားတစ်ဖက်နှင့် ကနေသည်။ ငွေဖလားလေးကို ရွာသားများအတွက် အလှူခံနေသည်။

မိသမျှငွေများကို ဖလားအတွင်းကို ထည့်နေကြသည်။ ဖလားထဲမှာ ငွေအကြွေအများအပြားရောက်ရှိနေသည်။

"မော်ကြီးရေ အဖေကြီးမ်လုံးကြီးနဲ့လာပြီကွ ပြေးတော့"





"ဟေ ဟုတ်လား"

ထွက်ပေါ်လာတဲ့အသံကြောင့် မော်ကြီးတို့ထိတ်လန့်တုန်လှုပ်ကြသည်။ ကျော်ကြီးနဲ့ဇော်ကြီးတို့ ထွက်ပြေးကုန်ကြသည်။ ကြီးသည် ကြက်နှင့် ငွေဖလားကိုပစ်ချပြီး ထွက်ပြေးသည်။

"အမလေး ငါ့ကြက်ဖကြီးကြိုးကုန်ပါပြီ"

ကနားစီးသည် မော်ကြီးပစ်ချလိုက်တဲ့ ကြက်ဖရုပ်ကို ပြေးကောက်လိုက်သည်။

"ဟဲ့ ဟဲ့ ငါ့အဝတ်အစားတွေပေးခဲ့ပါအုံး"

ကနားစီးက အော်ပေမယ့် ကျော်ကြီးတို့ကတော့ ပြေးကုန်ပြီ။ ၎င်းတို့နှင်းသွား၍ အော်ဟစ်ကျန်ရစ်ခဲ့ကြသည်။ ကျော် ကြီးသည် မဏ္ဍပ်အပြင်ဘက်ကိုရောက်ကုန်သည်။ မော်ကြီးရဲ့အဖေကလုံးကြီးနှင့်ဝင်ရောက်လာသည်။ ၎င်းတို့သည် မော်ကြီးရဲ့အဖေကိုထိတ်လန့် ကြောင့်ရှုံ့ကုန်ကြသည်။

မိသားစုတွင် မော်ကြီးအဖေကို ကြောက်ရွံ့ကြသည်။ ၎င်းကိုကြားယုံနှင့် မခံနိုင်ကြပေ။

"ဟိုကောင်တွေ ဘယ်ရောက်ကုန်ပြီလဲ"

"ပြေးကုန်ပါပြီ အဘိုးမောင်ထူး"

"ဒီကောင်တွေ ငါနဲ့တွေ့မယ်"

စကားဆုံးသည်နှင့် ပြန်ထွက်သွားသည်။

"ဟောကောင်တွေ ဘယ်လိုလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ ပြေးကြမယ်"

"ဒီမှာ နတ်အဝတ်အစားတွေနဲ့"

"အဲဒါနောက်မှရှင်းမယ် လောလောဆယ်လွတ်အောင် ပြေးဖို့ကြီးတယ်"

"ဟောကောင်မော်ကြီး ငါအရမ်းမူးနေပြီကွာ မပြေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး"

"မီသွားရင် မလွယ်ဘူးကွာ။ အဘိုးမောင်ထူးလက်ချက်

မြင်းတယ်။ အဲဒါမင်းလဲသိသားနဲ့"

"ဟော ဟိုမှာလာနေပြီ ပြေးကြမယ်"

မော်ကြီးပြောပြီးသည်နှင့် ထွက်ပြေးသည်။ ကျော်ကြီး၊

ကြီးတို့လည်း ပြေးကုန်ကြသည်။ လကွယ်နေ့ဖြစ်၍ အမှောင်ထု

ကြီးစိုးနေသည်။ မော်ကြီးတို့ကြောင့် နတ်ပွဲကိုခေတ္တရပ်နားထာ

သည်။ တိတ်ဆိတ်မှုများနှင့်အတူ မှောင်မိုက်မှုက လွှမ်းမိုးနေသည်

ဆယ်နှစ်နာရီ သံချောင်းခေါက်သံ ကျယ်လောင်စွာထွ

ပေါ်လာသည်။ မော်ကြီးတို့သည် အဘိုးမောင်ထူး အရိုက်ခံရမှာ

ကြောက်ရွံ့ပြီးပြေးနေသည်။ ၎င်းတို့အနောက်က မည်းမည်း

လိုက်လာသည်။ မော်ကြီးတို့က အဘိုးမောင်ထူးထင်မှတ်ပြီး ပြေး

ကြသည်။ စိုးရိမ်စိတ်များလွှမ်းမိုးနေသည်။

"ဝေါ့"

"အား . . . အမလေး"

အော်ဟစ်သံထွက်ပေါ်လာသည်။

ခွေးဟောင်သံများ ဆူညံစွာလွှမ်းမိုးသွားသည်။

မော်ကြီးတို့ကတော့ ရှေ့ကိုသာ အာရုံစိုက်ပြီးပြေးနေကြ

တော့သည်။







အခန်း ၊ ၈

နတ်ဝွဲထိုအခွင့်အရေးထျဖြီး

ထွက်ပေါ်လာတဲ့ဖြစ်ရပ်သည် ရွာသားများအတွက် ထိတ်လန့်

ချယ်စရာ ဖြစ်သွားသည်။

ကြေကွဲစရာများ တိုးပွားလာကြပြန်သည်။

၎င်းကြေကွဲမှုများက အဘိုးမောင်ထူး အပြစ်ဖို့ခံနေရသည်။

ိုးမောင်ထူးသည် ငြင်းပယ်နေသော်လည်း လူငယ်များရဲ့လုပ်ရပ်

ထင်ရောက်နောက်ယှက်၍ ယခုလိုကြေကွဲစရာနှင့် ကြုံတွေ့ရ

ည်ဟု ပြောဆိုကြသည်။

သာယာပျော်ရွှင်နေကြတဲ့ ရွာလေးအတွက် လှုပ်လှုပ်ရှရှဖြစ်

ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုများရဲ့ အပြစ်ကိုခံနေရတဲ့ အဘိုးမောင်ထူးသည် ကြေကွဲစွာခံစားနေရသည်။

"အကိုမောင်ထူး အခုဘာဆက်လုပ်မလဲ"

"အစ်ကိုလဲ အဲဒါကိုစဉ်းစားနေတာညီမလေး"

"စဉ်းစားလို့မရဘူး လုပ်မှကိုဖြစ်မှာ အခုကျွန်မသား ဖော်ကြ ပြန်မလာတော့ဘူး"

"လိုက်ရှာနေကြပါတယ်ကွယ် သူတို့ပြန်လာအောင် စော ကြည့်ပါအုံးကွယ်"

ကျွန်မသိနေတယ် အစ်ကိုမောင်ထူး။ ကျွန်မသားဖော်ကြ ဟာ ဘယ်သူ့အိမ်မှာမ ညအိပ်တတ်သူမဟုတ်ဘူး။ ဘယ်လောက် ရင်းနှီးပါစေ အိမ်မှာပဲပြန်အိပ်တဲ့သူ။ ညဆယ်နှစ်နာရီမှာ အော တစ်ခုကြားရတယ်။ ခွေးဟောင်သံတွေလည်း ဆူညံသွားတယ်။ အဲ အထဲက သိလိုက်ရတယ်"

"စိတ်ကိုထိန်းပါ ညီမအေးမှူ ဟော ဟိုမှာပြန်လာကြပြီ"

ကျော်ကြီး၊ မော်ကြီး ရွာသားများပြန်လာကြသည်။

ရွာရဲ့အကြီးအကဲ အဘိုးစော၊ အဘိုးညွန့်ခင်၊ အဘိုးစံမြင့် ရွာသူကြီးတို့ရောက်ရှိလာသည်။ ဒေါ်အေးမှူသည် ရွာလူကြီးများ အားကိုးကြီးစွာ ကြည့်လိုက်သည်။

"သားမော်ကြီး ဘာထူးလဲ"

မော်ကြီးသည် ကြေကွဲစွာဖြင့် ဒေါ်အေးမှူကိုကြည့်ပြီး ခေါ် ခါရမ်းလိုက်သည်။ မျက်ဝန်းအိမ်မှ မျက်ရည်များထွက်ကျလာသည်

"သားမော်ကြီး ဘာထူးလဲ အမေ့ကိုဖြေပါအုံးသားကြီးရယ်

"ဒီလုံချည်ပဲတွေ့ခဲ့တယ် အမေ"

မော်ကြီးသည် ထုတ်ယူခဲ့တဲ့လုံချည်အား မိခင်အား ပေးလို သည်။





ဒေါ်အေးမှူသည် လုံချည်ကိုကြည့်လိုက်ပြီး သတိလစ်လဲကျ သွားသည်။

"အမေ အမေ အမေ"

အနီးရှိသူများသည် ဒေါ်အေးမှူအား ပွေ့ချီထိန်းချုပ်ထား ကြသည်။

ဒေါ်မေးမှူသည် သားသမီးရှစ်ယောက်အနက် ဖော်ကြီးကို အချစ်ဆုံးအားကိုးဆုံး။ ဖော်ကြီးသည် မိသားစုများတွင် လိမ်မာသော သူတစ်ယောက်ဖြစ်သည်။

ဒေါ်အေးမှူမကြုံက်တာကို ဘယ်တုန်းကမှ လုပ်ဖူးလေ့မရှိ။ ပြောလိုက်တဲ့စကားကို မြေဝယ်ကျနားထောင်တတ်သည်။

ယခုလိုဖြစ်သွားတဲ့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုဟု ထင်မှတ်နေသည်။ အားလုံးသည် ဒေါ်အေးမှူကိုအိမ်ပေါ်ကို ပွေ့ချီ သွားကြသည်။

"အခုလိုဖြစ်ရတာ အဘိုးမောင်ထူးကြောင့်ဖြစ်ရတာ"

"ဘာပြောတယ်ကွ မင်းတို့ကိစ္စ ငါနဲ့ဘာဆိုင်လို့လဲ"

"ကျွန်တော်တို့ နတ်ကတော အဘိုးမောင်ထူးလိုက်ရိုက်လို့ ဖြစ်သွားတာ"

"ဟော့ကောင်မော်ကြီး မင်းပါးစပ်ပိတ်ထားရင်ကောင်းမယ်"

အဘိုးမောင်ထူးသည် တောင်ဝှေ့ကိုဆွဲယူလိုက်သည်။

အဘိုးမောင်ထူးသည် ဒေါ်အေးမှူရဲ့အဖေ၊ ဖော်ကြီးတို့ရဲ့ အဘိုးတော်စပ်သည်။ အဘိုးမောင်ထူးသည် လွန်စွာစိတ်ကြီးသည်။ ပြောစကားကို နားမထောင်လို့ကတော့ တောင်ဝှေ့ဖြင့် လိုက်ရိုက် သည်။

ယခုဖော်ကြီးသေဆုံးရသည်မှာ တောင်ဝှေ့နှင့်လိုက်ရိုက်လို့ ဖြစ်ရသည်။

www.burmeseclassic.com



"မောင်ထူးကလဲကွာ။ စိတ်ကိုထိန်းမှပေါ့။ မင်းလဲအသက်ကြီးပြီပဲ"

"အစ်ကိုစောမှမသိပဲ။ ဒီကောင်တွေသိပ်ကိုဆိုးတယ် ပြောလို့ရော့။ အဲဒီလောက်ထိန်းနေတာတောင် မနိုင်ဘူး"

"မင်းလုပ်လို့ အခုလိုမဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့။ ကျော်ကြီး မင်းကိုအဘိုးမေးတာ မှန်မှန်ဖြေစမ်း"

"ဟုတ်ကဲ့ အဘိုးစော"

"မင်းနဲ့ဇော်ကြီးတို့ဘယ်မှာလမ်းခွဲသွားတာလဲ"

"အဘိုးစောအိမ်ထိ အတူတူပဲ အဲ့ဒီမှာ အဘိုးမောင်ထူးလာတာတွေ့တော့ ဦးပုခြံလမ်းကြားအတိုင်း ပြေးကြတယ်။ ဇော်ကြီးဘယ်နေရာမှာကျန်ခဲ့မှန်းမသိဘူး။ ကျွန်တော်တို့က လိုက်လာတယ်လို့ထင်နေတာ"

"မောင်ထူး ကလေးပြောတာဟုတ်လား။ မင်းဘယ်နေရာထိလိုက်လဲ"

"သူတို့ထွက်ပြေးကုန်တော့ ကျွန်တော်အဲဒီမှာပဲ ကျန်နေခဲ့တယ်။ စန်းမော်တို့က ရေနွေးကြမ်းသောက်ပါအုံးဆိုလို့ အဲဒီမှာပဲနေခဲ့ရတယ်ဗျာ"

"ခင်ဗျားသူတို့အနောက်ကလိုက်မလာဘူးလို့ ပြောတာလားမောင်ထူး"

"ဟုတ်တယ်အစ်ကိုစော"

"အဘိုး ဘာလို့ကျွန်တော်တို့ကို လိမ်ညာနေတာလဲ။ အဘိုးမောင်ထူးလိုက်လာတာ ကျွန်တော်ရောအစ်ကိုကျော်ကြီးတို့ မြင်တယ် အစ်ကိုဇော်ကြီးကတောင် အဘိုးလိုက်လာပြီအိမ် ကိုအရင်ရောက်အောင်ပြေးမယ်ဆိုပြီး ပြေးခဲ့တာ"

မော်ကြီးစကားနှင့် အဘိုးမောင်ထူးစကားများသည် လွန်စွာ





ကွာခြားမည်ဟုထင်မှတ်နေသည်။ အဘိုးမောင်ထူးသည် ဒေါသဘယ်လောက်ပင်ထွက်နေပါစေ ရေနွေးကြမ်းလေးသောက်ပါအုံးဟုခေါ်လိုက်သည်နှင့် ချက်ချင်းကိုလက်ခံတတ်သည်။

မော်ကြီးက ၎င်းတို့အနောက်မှာ လိုက်လာသည်။ ထိုကဲ့သို့ပြောလာသည်။

အဘိုးစောသည် ဆေးလိပ်ကိုဖွာရှိုက်ရင်း စဉ်းစားနေသည်။ ကွာခြားမှုနှစ်ခုကြားမှာ မည်းမည်းနှင့်လိုက်လာသည်။

အားလုံးသည် တိတ်ဆိတ်နေကြသည်။ အဘိုးစောပြောလာသည့်စကားကို စောင့်စားနေကြသည်။ ရိုသေလေးစားတတ်တဲ့ ရွာသားများသည် အသက်ကြီးစကားကို အသက်ငယ်များက နားထောင်ကြသည်။

"ငါသဘောပေါက်ပြီ သဘောပေါက်သွားပြီ"

"ဘာသဘောပေါက်တာလဲ အစ်ကိုစော"

"အုန်းသန်း။ ကျော်တင့်တို့ကိုဆွဲတာ ဒီခြံပဲ။ အကောင်မည်းမည်းကြီးတဲ့ အခုဇော်ကြီးကိုဆွဲတာလဲ အဲဒီအကောင်ကြီးပဲဖြစ်ရမယ်။ အချိန်ကိုတွက်ကြည့်တော့ ဆယ်နှစ်နာရီပဲ။ ဒီအချိန်မှာပဲ အဲဒီလိုဖြစ်နေတယ်"

"အဘိုးစောပြောတာမှန်တယ်"

"အဲဒါဘာကောင်ကြီးလဲ အဘိုးစော"

"လူတော့မဖြစ်နိုင်ဘူး မကောင်းဆိုးဝါးတစ်ကောင် ဆိုတာသေချာနေတယ်"

"အဲဒီအကောင်ကြီးကို ဘယ်လိုလုပ်ဖမ်းကြရင်ကောင်း မလဲအစ်ကိုစော"

"တစ်နေ့တော့ မိမှာပေါ့ကွာ။ ဘယ်နေ့ဆိုတာကိုတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကတော့ ဒီအကောင်ကြီးကို မြန်မြန်မိစေချင်ပြီ"

"မနေ့ညက ဒေါ်အေးကြည်တောင်ပြောနေသေးတယ်"

"ဘာပြောတာလဲ"

"ညဆယ်နှစ်နာရီမထိုးခင်က မည်းမည်းအကောင်ကြီး ဦးပုခြံထဲဝင်သွားတယ်တဲ့ မျက်လုံးကြီးနှစ်လုံးက ကြောက်စရာပဲ"

"မင်းတကယ်ပြောတာလား စိုးနိုင်"

"ဟိုမှာ ဒေါ်အေးကြည်လာနေပြီ မေးကြည့်ရင်ကောင်းမယ်"

"သိပ်ကောင်းတာပေါ့။ ဟဲ့ အေးကြည်"

"ရှင် အဘစော"

"ဒီကိုလာစမ်းပါ ငါမေးစရာရှိလို့"

မအေးကြည်သည် အဘိုးစောရှေ့မှာ လာရောက်ရပ်လိုက်သည်။

"မနေ့က ဦးပုခြံထဲကို မည်းမည်းအကောင်ကြီးဝင်သွားတာတွေ့တယ်ဆို"

"ဟုတ်ကဲ့ တွေ့လိုက်ပါတယ် အဘစော။ မနေ့က အစ်ကို့တင်မောင်အိမ်ကို ပိုက်ဆံသွားပေးပြီးပြန်လာတော့ တွေ့လိုက်တာပါ"

"ဘယ်လိုပုံစံလဲဟဲ့"

"လူပုံစံတော့မဟုတ်ဘူး တိရစ္ဆာန်တစ်ကောင်လိုပဲ"

"နင့်ကိုမတွေ့ဘူးလား"

"အဲဒီအကောင်ကြီးက အဘစိန်မောင်ခြံဘက်ကနေပြီး အဲဒီခြံထဲကိုဝင်သွားတာ မျက်လုံးကြီးတွေကကြောက်စရာပဲ"

"ကျန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ကျွန်တော်တွေ့တာက





ဝက်ကြီးလိုပဲ"

ကိုသန်းငွေ၏စကားဖြစ်သည်။

ကိုသန်းငွေသည် ညဘက်သိပ်အိပ်သူမဟုတ်။ ခွေးဟောင်သံကြားတာနှင့် ထကြည့်တတ်သည် ထူးခြားမှုများကို အရင်ဆုံးသိနေသည်။

"ဝက်ကကြီးလို့လား မောင်သေန်းငွေ"

"ကြီးတယ် အဘိုးစော။ ရွာမြောက်ပိုင်းကနေ တောင်ပိုင်းကိုသွားတာ ထူးခြားတာက အဲဒီအကောင်ကြီးက ဦးခေါင်းမတွေ့ရဘဲ နားရွက်ကြီးနှစ်ခုက စကောကြီးတစ်ချက်လောက်ကြီးတယ်"

"အဲဒီအကောင်က ဘာအသံများကြားလဲ"

"ဟူး ဟူးလို့ အသံများကြားနေရတယ်အဘ"

"ဟာ မင်းအဲဒီလိုကြားတာအမှန်ပဲလား မောင်သန်းငွေ"

အဘိုးစောမေးခွန်းသည် အားလုံးအတွက် လွန်စွာအံ့ဩကုန်သည်။ အဘိုးစောမျက်နှာကို ကြည့်လိုက်ကြသည်။

မောင်သန်းငွေအဖြေသည် အဘိုးစောအတွက် အလွန်စွာအံ့ဩရသည်။

အဘိုးစောကို ကြည့်နေကြသည်။ ၎င်းသည် ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်လိုက်သည် စကားပြောရန်ခက်ခဲနေသည်ဟု ထင်မှတ်ရသည်။

"အဘိုးစော ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ နှစ်ခုနစ်ဆယ်ကို သတိရလိုက်လို့ပါကွာ"

"ဘာကိုလဲ အဘိုးစော ကျွန်တော်တို့ကိုပြောပြပါလား"

"ပြောပြပါ့မယ်ကွာ အဘိုးစော ဆယ့်ငါးနှစ်အရွယ်လေးသာကပေါ့။ ရွာမှာ အဲဒီကောင်ကြီးကို တစ်ခါတွေ့ရတယ်။ အဘိုးစောတို့ငယ်သေးတော့ မတွေ့လိုက်ဘူး။ လူကြီးတွေက မကောင်းဆိုးသတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



ရွာအတွက်စိုးရိမ်ရတယ်လို့ ပြောကြတယ်''

''အဲဒီကောင်ကြီးကို ဘယ်လိုလုပ် မောင်းထုတ်လိုက်သ ရွာမှာ ဘာတွေဖြစ်ကုန်လဲ အဘစော''

''ပြီးတာတွေလဲ ပြီးသွားပြီကွယ်။ တစ်ခုပြောချင်တာက တွေအပါအဝင် တိရစ္ဆာန်တွေကိုပါ သတိထားကြဖို့ပဲလိုတယ်''

''အဲဒီလောက်ပဲလား အဘိုးစော''

''လိုအပ်လို့ပြောတာပဲလို့ သဘောထားကြပေါ့ကွယ်''

ရွာမှာအသက်ကြီးဆုံးက အဘိုးစော

၎င်းသည် အသက် ၉၀ ကျော်သည်။ ဖြတ်သန်းလာတဲ့ နှင့် လွန်စွာရင့်ကျက်သည်။ ဗဟုသုတလွန်စွာပေါများသည်။ ရွာ ပါတ်သတ်ပြီး အကုန်သိသည်။ သတိရှိသည်။

ရွာ၏ဘယ်နေရာမှာ ဘယ်သူနေတာ ဘယ်သူက ရွာကို ဆောင်တာ။ တစ်ခါတစ်ရံ ခုနှစ်ကိုပါ ထည့်ပြောတတ်သည်။

''ကဲ ကဲ ပြန်လိုက်အုံးမယ် မော်ကြီး၊ ကျော်ကြီးတို့ ရန် မနေကြနဲ့ကြားလား''

''ဟုတ်ကဲ့ပါ အဘိုးစော။ မောင်ထူး မင်းအသက် မ တော့ဘူး''

အဘိုးစောသည် ၎င်းရဲ့ မြေးလေးလက်ကိုဆွဲပြီး ပြန်သ သည်။ ကျန်လူများသည် ဖော်ကြီးအတွက် စိမ်နေကြသည်။

တစ်ချို့ ရွာအကြောင့်များကိုပြောနေကြပေ၏။





# အ ခန်း ၊ ၉



တွေ့ရာညထိုထို အဝေါ်ဖြုန်

ရွာမြောက်ပိုင်းမှာလည်း ဝိုင်းကြ၊ လိုက်ကြဟု အော်ဟစ်သံ များထွက်ပေါ်လာသည်။

''ဒီအကောင်ကို အလွတ်မပေးကြနဲ့ဟေ့''

''ဟေ့ ငွေစန်း သတိထားကြကွာ၊ ဒီအကောင်က ဘာ အကောင်မှန်းမသိဘူး''

''ဘာမှကြောက်စရာမလိုဘူး ဒီမှာအဖွဲ့တွေများတာပဲ''

ငွေစန်းဦးဆောင်ပြီးလိုက်နေသည်။

မည်းမည်းအကောင်သည် ခြေဦးတည့်ရာကို ပြေးနေသည်။ ဓားတုတ်ကိုယ်စီ၊ ဓါးလှံကိုယ်စီကိုင်ဆောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်သည်နှင့် အသက်ခြင်းလဲခုတ်လိုက်ကြမှာ သေခြာသည်။

အကောင်ကြီးသည် ပြေးရန်မလွတ်၍ ငွေစန်းတို့ဘက်ကို ခေါင်းလှည့်ပြီး အသင့်အနေထားပြုလုပ်နေသည်။

“ဟော့ ဟိုမှာတွေ့လား”

“ဟာ ဘာကောင်ကြီးသဲကွာ”

ငွေစန်းတို့ သေချာကြည့်နေသည်။ အကောင်ကြီးသည် စန်းငွေတို့အဖွဲ့ကို သေချာကြည့်နေသည်။ ဝင်ရောက်လာသူကို ရင်ဆိုင်ရန်ဖြစ်သည်။

အကောင်ကြီးသည် ရှည်လျားတဲ့အမွေးများ တစ်ကိုယ်လုံးဖုံးလွှမ်းနေသည်။ ဝင်းပတဲ့မျက်လုံးများက လွန်စွာကြောက်စရာကောင်းနေသည်။

“ငွေစန်းအတင့်မရဲနဲ့ သူ့လက်သဲများက မင်းရင်ကို ကုတ်ဆွဲသွားလိမ့်မယ်”

“အဲဒါဆိုဘာလုပ်ကြမလဲ”

“ငါ့မှာလေးမြှားပါတယ်။ အဲဒါနဲ့ပစ်မယ်။ မင်းတို့သတိထားကြကွာ”

“ဟာ အဲဒါသိပ်ကောင်းတယ် စကွာ”

“မင်းတို့ကို တစ်ခုမှာမယ် ငါပစ်တာကိုခုန်အုပ်လာရင် ဓါးနဲ့ဝင်ခုတ်ကြတော့”

“စိတ်ချပါ အုန်းကြိုင်ရာ”

အုန်းကြိုင်သည် လေးတံကို ထုတ်ယူလိုက်သည်။

လေးကိုင်းမှာ တင်လိုက်သည်။ ရှေ့မှာရှိနေတဲ့ အကောင်ကြီးကို ချိန်ရွယ်လိုက်သည်။ အကောင်ကြီးသည် ငွေစန်းကိုစူးစိုက်ကြည့်နေသည်။ ငွေစန်းဟာ ၎င်းအတွက်ရန်သူတစ်ယောက်ဟု ထင်





မှတ်နေသလား တွေးနေမိသည်။

“ဝှစ်”

အုန်းကြိုင်သည် လေးမြှားဖြင့် ပစ်လိုက်သည်။ အရှိန်ဖြင့် အကောင်ကြီးထံ ဦးတည်နေသည်။ အားလုံးက အကောင်ကြီးကို ကြည့်နေကြသည်။ ၎င်းအကောင်ကြီး တိုက်ခိုက်လာလျှင် ခုခံရန် အသင့်ဖြစ်နေကြသည်။

“ဝေါင်း”

ကြောက်စရာကောင်းတဲ့အသံကြီး ကျယ်လောင်စွာထွက်ပေါ်လာသည်။

အားလုံးသည် ခုခံရန်ကြိုးစားနေသည်။ ထင်ထားတာတွေထက်ကွာခြားနေသည်။ အကောင်ကြီးသည် လေးမြှားကို ရှောင်ပြီးထွက်သွားသည်။

အားလုံး အံ့ဩကုန်ကြသည်။ အကောင်ကြီးသည် ဘယ်လိုထွက်သွားသည်ကို မည်သူမှမသိအောင်ဖြစ်နေသည်။ ထိုမြင်ကွင်းကြောင့် ရုတ်တရက် လှုပ်ရှားမှုကင်းမဲ့နေကြသည်။

“ပြေးပြီဟာ လိုက်ကြ ဝိုင်းထားကြဟေ့”

အုန်းကြိုင်တို့အဖွဲ့သည် ထွက်ပြေးသွားတဲ့ အကောင်ကြီးအနောက်ကိုလိုက်နေကြသည်။

ရွာတောင်ပိုင်းကလည်း ဝိုင်းထားကြဟေ့ဟုအသံများ ထွက်ပေါ်လာသည်။ ရွာမှာရှိသူများ လိုက်နေကြသည်။ ရွာထဲမှာ အကောင်တွေဘယ်နှစ်ကောင်လောက် ဝင်ရောက်နေမှန်းမသိအောင် ဖြစ်နေသည်။

“ဟာ ဝက်ကြီးကွ ပစ် ပစ်”

“အုန်းကြိုင် ဝက်ကြီးတဲ့”

“ငါလဲ အဲဒါကိုပဲ နားထောင်နေတာ”



www.burmeseclassic.com

www.burmeseclassic.com



"အတော့်ကိုထူးဆန်းပါလားကွာ"

"တော့ ဘာပဲဖြစ်ဖြစ် တွေ့ရင်ပစ်ကြကွာ"

တွေ့ကြုံကြားရတာတွေကို နားမလည်နိုင်အောင် ဖြစ်နေသည်။

ရွာသားများသည် ထိုအကောင်များကို လိုက်နေသည်။ မိုးလင်းခါနီး အချိန်ထိလိုက်နေကြသည်။ အကောင်များကို တွေ့ဆုံခြင်းမရှိအောင်ဖြစ်နေသည်။

"ဝေါ့"

"ဝုန်း ဝုန်း"

ထွက်ပေါ်လာတဲ့အသံသည် ရွာရှေ့ချောင်းထဲက ဖြစ်နေသည်။ ထိုညအတွက် လက်လျှော့လိုက်ကြပေတော့သည်။





၁၂နာရီ အခန်း ၊ ၁၀



"ထူးဆန်းတဲ့ ရန်ပွဲတစ်ခု"

"ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ ဇော်သန်း"

ရွာသူကြီး ဦးမြတ်လှကမေးလိုက်သည်။ သူကြီးအိမ်တွင် ရွာလူကြီးများ စုံလင်စွာရောက်ရှိနေကြသည်။ ညကကြုံတွေ့ခဲ့တာတွေကို ပြောဆိုဆွေးနွေးနေကြခြင်းဖြစ်သည်။ ဒေါ်စန်းမော်နတ်ပွဲ နောက်ဆုံးညမှာ ဖြစ်ပေါ်ခဲ့တာဟာ ရိုးသားမှုမရှိဟု ထင်မှတ်နေကြသည်။

ရွာမှာကြုံတွေ့ခဲ့ရသမျှ ထိုည၏ အဆိုးဆုံးဟု ထင်မှတ်ကြသည်။ ရွာမှာ အေးဆေးရှာနေသူများပါ စိတ်ဝင်စားကြသည်။ အားလုံးသည် ဇော်သန်းတို့ကိုကြည့်နေကြသည် ဇော်သန်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ကို တက်လာကြသည်။

"ဟော့ မောင်ဇော်သန်း ဘာများအရေးကြီးလို့လဲ"

"ဒေါ်ခင်လှလက်မောင်း လေးမြှားထိသွားလို့တဲ့"

"ဟုတ်ရဲ့လားကွာ ခင်လှက ဘယ်တုန်းကအပြင်ထွက် ပူး

လဲ"

"အဲဒါကြောင့်ပြောတာပေါ့ သူကြီးရာ"

"အဲဒါလဲ စဉ်းစားစရာပဲဟော့။ ဒါဟာမရိုးသားဘူး မောင်မြတ်

မင်းဘယ်လိုထင်လဲ"

"ဟော့ မောင်ဇော်သန်း ဘာဖြစ်တာလဲမေးမိသေးလား"

"ရွာမှာ ဆူညံဆူညံဖြစ်လို့ ထွက်ကြည့်မိတာ ဘယ်က

မှန်းမသိတဲ့ လေးမြှားတစ်စင်းက လက်ကိုလာထိမှန်သွားတာလို့ ပြေ

ပါတယ်"

"ဒါလဲဖြစ်နိုင်စရာအကြောင်းရှိတာပဲ"

"မောင်မြတ်လှ ညကိစ္စဘာထူးသေးလဲကွ"

"ဦးပုဓြိုထဲမှာ နွားတစ်ကောင်သေနေတယ်။ ရွာမြော

ပိုင်းလှိုုထဲမှာ ခွေးစုတ်ဖွားတစ်ကောင် သေနေတာတွေ့ရတယ်

ဒဏ်ရာပြင်ထန်းတဲ့ အရာဝတ္ထုတစ်ခုနဲ့ ထုထားတဲ့သဘောပဲ"

"ရွာမှာသရဲခြောက်နေတယ်ဆိုတာ ဖြစ်နိုင်လားအဘိုးစော

"သရဲဆိုတာ လူကိုခြောက်နိုင်တဲ့စွမ်းအား မရှိဘူး။ လူ

ထက်အဆင့်နိမ့်တယ်လို့ ကြားဘူးတယ်။ လူကိုခြောက်တယ်ဆိုတ

မဟုတ်ဘူး။ တိုက်ဆိုင်သွားတာပဲဖြစ်ရမယ်"

"သရဲလူကိုခြောက်လှန့်တတ်တယ်ဆိုတာ မဟုတ်ဘူးပေါ့"

"အဲဒီလိုပြောရမယ်"

ရွာသားများမေးခွန်းကို အဘိုးစောက စိတ်လက်မာန်ပါ ဖြ

ကြားလိုက်သည်။ လူငယ်တွေသည် သရဲကိုကြောက်ရွံ့စိတ်





ကုန်ဆုံးနေသည်။

"အဘိုးစောအရီးဒေါ်ခင်လှက ဘာကြောင့်အပြင်ကို မထွက်ဘဲ အိမ်ထဲမှာနေရတာလဲ"

"မခင်လှရဲ့ ဘဝအဖြစ်က လွန်စွာကြေကွဲစရာကောင်းပါတယ်ကွယ်"

အဘိုးစောသည် စကားလေးကိုရပ်ပြီး သက်ပြင်းကို လေးတွဲစွာချလိုက်သည်။ ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ ရွာသားများသည် အဘိုးစောပြောလာမဲ့စကားကို စောင့်ဆိုင်းနေကြသည်။ အဘိုးစော၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ဘယ်လို ကြေကွဲစရာကောင်းတာလဲ အဘိုးစော"

"ကြာတော့ကြာပါပြီကွယ်။ တို့ရွာသားတွေကလည်း မခင်လှအပေါ်ရက်စက်ခဲ့ကြတယ်။ မခင်လှဟာ ကိုကျော်စိန်နဲ့ အိမ်ထောင်ကျပြီးသားနှစ်ယောက်၊ သမီးတစ်ယောက်မွေးဖွားခဲ့တယ်။ ကိုကျော်စိန်ဆိုသူဟာ လွန်စွာဆိုးသွမ်းတဲ့ပုဂ္ဂိုလ်၊ မိန်းမတွေအများကြီးယူတယ် တစ်ရွာဝင်တစ်ခါ အိမ်ထောင်ပြုတဲ့သူတစ်ယောက်ပဲ။ မခင်လှဟာ ကိုကျော်စိန်ကို အိမ်ထောင်ပြုလိုက်တာ မှားသွားပြီဆိုတာ ကလေးသုံးယောက်ရမှသိသွားတယ်။ အဲဒီလိုနဲ့ မခင်လှဟာကိုကျော်စိန်းကိုလဲချစ်တယ်။ တစ်နေရာကိုလဲ ထွက်သွားမှာကိုလဲ စိုးရိမ်လာတယ်။ ကိုကျော်စိန်တစ်ခြားရွာကို ထွက်သွားမှာကို စိုးရိမ်လာတယ်။ ကိုကျော်စိန်သွားရင် အနောက်ကလိုက်လေ့ရှိတယ်။ ကိုကျော်စိန်ဟာ မခင်လှ အနောက်ကလိုက်လာတာကို မကျေနပ်ပြဿနာရှာတယ်။

တစ်လင်တစ်မယားစနစ်ကိုနှစ်သက်တဲ့ မခင်လှက ဘယ်မှ မပြောပါစေ လိုက်လျှောသီးခံခွင့်လွှတ်နေတယ်။ တစ်နေ့လို့ပဲ ဆိုတိုတို ပြောကြပါစို့ အဲဒီနေ့ဟာ မခင်လှသိပ်ချစ်တဲ့သမီးမှာ ကိုယ်ဝန်ရှိလာတယ်။ အဲဒီကလေးမဟာ မိခင်ကိုမပြောဘဲနေရင်း ကလေးမွေးပြီး

www.burmeseclassic.com



သေသွားတယ်။ မခင်လှအတွက် ကြေကွဲစရာဖြစ်လာတယ်။ အမှိုက်တစ ပြဿဒ်မီးလောင်သလိုပေါ့ကွယ်''

အဘိုးစောသည် စကားစကိုရပ်နားပြီး ဆေးပြင်းလိပ်ကို မှုတ်လိုက်သည်။ ဒေါ်ခင်လှ၏အကြောင်းသည် ရွာသားများ စိတ်ဝင်စားကြသည်။ ရွာတွင်ဒေါ်ခင်လှရဲ့အကြောင်းကိုသိသူများ ရှိသလို မသိသူများလည်းရှိသည်။ ဒေါ်ခင်လှသည် ရွာထဲကိုလမ်းလျှောက်ထွက်သူမဟုတ်။ အိမ်ထဲမှာသာအချိန်ကုန်တတ်သည်။ ရွာသားများက ဒေါ်ခင်လှကို စုန်းကဝေမကြီးတစ်ယောက်ဟု ထင်မှတ်ကြသည်။

''ဘယ်လို မီးလောင်တာလဲအဘိုးစော''

''ကလေးမ သေဆုံးပြီးတော့ အစ်ကိုနှစ်ယောက်က ဒေါသမှန်တိုင်းထပြီး ပြဿနာရှာတော့တာပဲ။ ဒီကိစ္စနဲ့ပါတ်သတ်လို့ ရွာကာလသားတွေက ဝန်မခံကြဘူး။ ဝန်ခံရင်လည်း သူတို့လက်ချက်နဲ့သေနိုင်တယ်။ တစ်နေ့ မောင်မြင့်၊ သောင်းမြင့်တို့ ညီအစ်ကိုတွေ အရက်သောက်နေကြတယ်။ မခင်လှရဲ့သားနှစ်ယောက်က မောင်မြင့်ကို ပြဿနာရှာတယ်။ မောင်မြင့်ကလူချော မိန်းမကိစ္စဆို တကယ့်ကိုဝါသနာပါတဲ့သူ။ သူတို့ညီမအခုလိုဖြစ်ရတာ မောင်မြင့်ကြောင့်ဟုသတ်မှတ်နေကြတယ်။ မိသားစုအဲဒီလိုဖြစ်နေချိန် ကိုကျော်စိန်မှာ ပထမမယားကြီးနဲ့ အဆက်အသွယ်လုပ်နေတယ်။ မခင်လှဘယ်လောက်သောကရောက်နေမလဲဆိုတာ စဉ်းစားကြည့်ပေါ့။ အဲဒီနေ့မှာ မခင်လှသားနှစ်ယောက်ဟာ သောင်းမြင့်တို့နဲ့ ရန်ဖြစ်ကြတယ်။ ကြီးမားတဲ့ရန်ပွဲပေါ့။ အဲဒီရန်ပွဲမှာ လေးယောက်လုံး သေကုန်ကြတယ်။

''ဟာ အဖြစ်က ဆိုးလိုက်တာနော်''

အဘိုးစောစကားကြောင့် အားလုံး တုန်လှုပ်ကုန်ကြသည်။ ရွာလူငယ်တစ်ချို့ကသည် ထိုကိစ္စသိသူရှားပါးသည်။ ရွာလူကြီးများသည် ၎င်းကိစ္စနှင့်ပါတ်သက်ပြီး ပြောဆိုလေ့မရှိ။ ကိုယ်နှင့်မဆိုင်သလို



ထား နေကြသည်။ ရွာလေးမှာ ဖြစ်ပေါ်ခဲ့တဲ့ရန်ပွဲများမှာ ထိုရန်ပွဲအကြီးဆုံးရန် ပွဲတစ်ခုဖြစ်ခဲ့သည်။ ဒေါ်ခင်လှသည် ဆွေမျိုးဆိုလို့ မောင်တစ်ယောက်သာရှိသည်။ မောင်မြင့်တို့ကဆွေမျိုးပေါများသည်။

သားသမီးတွေသေဆုံးပြီး ဒေါသထွက် မကျေမနပ်ဖြစ်နေတဲ့ ဒေါ်ခင်လှအတွက် ဘယ်လိုမှတုန့်ပြန်နိုင်စွမ်းမရှိ။ အသက်လောက်ချစ်ရပါတယ်ဆိုတဲ့ လင်ယောကျ်ားက နောက်မိန်းမတစ်ယောက်နှင့် ပျော်ရွှင်ကြည်နူးနေသည်။ သားသမီး မိသားစုကိစ္စကို မေ့နေသည်။

ဒေါ်ခင်လှမှာ လူ့လောကထဲကို မျက်နှာထွက်မပြရဲအောင် ရှက်စိတ်များလွှမ်းမိုးနေသည်။

''မခင်လှဟာ သူ့ယောကျ်ားကိုကျော်စိန်ကို စိတ်နာလာတယ်။ မိသားစုအရေးကို ဘယ်လိုမှကို စိတ်မဝင်စားတဲ့ကိုကျော်စိန်ကတော့ ခံအေးအေးပဲ။ စားမယ်သောက်မယ် ပျော်မယ်ပါးမယ်ပေါ့။ အတိုချုံ့ပြောရရင်တော့ မခင်လှဟာ သူကိုယ်တိုင်ပဲ ကိုကျော်စိန်ကို သတ်လိုက်တယ်။ သူကတော့ မသတ်ဘူးလို့ပြောတာပဲ။ အဲဒီနေ့ကစပြီး မခင်လှအိမ်သဲက အပြင်ကိုမထွက်တော့ဘူးကွယ်''

''အရီးဒေါ်ခင်လှဘဝက တကယ်ကို စိတ်မကောင်းစရာပဲ''

''ဟုတ်ပါတယ်၊ ဒါတင်မကသေးဘူး ရွာသားတွေက သူ့ကို စုန်းကဝေမကြီးလို့ သတ်မှတ်ထားကြတယ်ကွယ်''

ဒေါ်ခင်လှကို သနားကုန်ကြသည်။ အဘိုးစောသည် အသက်ဧ မငယ်တော့၍ ရွာကအကြောင်းများကိုလည်း သိနေသည်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၈၀) လောက်ကအကြောင်းမက နှစ်ပေါင်း (၁၀၀) လောက်ထိကိုပါ မှတ်မိနေသည်။ ရွာမှာဖြစ်ပေါ်လာတာတွေကို အတိုင်ပင်ခံအဖြင့် တိုင်ပင်တတ်ကြသည်။ ရွာထဲမှာနေထိုင်တဲ့ မိသားစုတွေရဲ့အကြောင်း အကုန်ပြောပြနိုင်သည်။

''ဘာဖြစ်လို့ စုန်းမကဝေမလို့ခေါ်တာလဲအဘိုးစော''



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"အဘိုးတာ ဒီအရွယ်ထိရောက်လာပြီ မခင်လှစုန်းကဝေအတတ်ပညာနဲ့ပြုစားတာ တစ်ခါမှမတွေ့ဘူးတာအမှန်ပဲ။ တစ်ချို့က ပြောကြတယ်။ မခင်လှဟာ ညဘက်ဆိုအပြင်ကိုထွက်တယ်။ လူတွေကို ပြုစားတယ်။ တစ်ခါတစ်လေ သူ့အိမ်အောက်မှာ မီးလုံးကြီးတွေ့တယ်ပြောတယ်။ ဒီလိုထင်ရင်လဲထင်စရာပဲ သူ့မျက်နှာကကြောက်စရာ လွန်စွာကောင်းတာကိုးကွယ့်"

ဒေါ်ခင်လှသည် လွန်စွာကြောက်စရာကောင်းသည်။ မျက်လုံးတွေ့က အနောက်ကို ချိုင့်ဝင်နေသည်။ နှာခေါင်းကအပေါ်ကို ချွန်ထွက်နေသည်။ နီကြောင်ကြောင်ဆံပင်များကို ဖြေချထားသည်။ စောင်ပဝါကြီးတစ်ခုကို အမြဲတမ်းလွှမ်းခြုံထားသည်။ ဒေါ်ခင်လှနေထိုင်ပုံလို ထိုရွာလေးမှာ တစ်ယောက်မှမရှိ။ ရွာသားတွေနှင့်များစွာ ကွာခြားနေသည်။

ထို့ကြောင့် စုန်းကဝေဟု သတ်မှတ်နေကြသည်။ ဒေါ်ခင်လှကို တွေ့လိုက်တာနှင့် လိပ်ပြာလွင့်မတတ် ထိတ်လန့်တုန်လှုပ်ကြသည်။

"ဒါနဲ့အဘိုးစော ဒေါ်ခင်လှကဘာတွေနဲ့စားသောက်နေလဲ"

"သူ့မှာ လယ်ကေနှစ်ဆယ်လောက် ပိုင်ဆိုင်တယ်။ ရွာမြောက်ဘက် သရဲလရောင်ချိုရှိတယ်ဆိုတဲ့ စံအိမ်ကြီးဘေးနားက လယ်ယာတွေဟာ သူပိုင်တာပေါ့။ သူကိုယ်တိုင်မလုပ်ဘူး။ တစ်ဖက်ရွာက မိသားစုတစ်စုကို သီးစားချထားတယ်၊ နွားခြောက်ကောင်လဲရှိသေး။ အဲဒါတွေကြောင့် သူမောင်ကဒါတွေကို တစ်နှစ်တစ်ခါသွားသွားရောက်သိမ်းယူကြတယ်ကွယ့်"

"အော်ဒီလိုကိုး"

ဒေါ်ခင်လှအကြောင်းကို စိတ်ဝင်စားနေကြသည်။

အလုပ်လုပ်ဖို့ကို မေ့နေကြသည်။

အဘိုးစောပြောတဲ့အထဲတွင် ဒေါ်ခင်လှမောင်သည် လူပျိုကြီး





...ပြီး ဒေါ်ခင်လှနှင့်အတူနေထိုင်သည်။ ဒေါ်ခင်လှရဲ့မောင်သည် ...သူကိုမှ စကားပြောဆိုခြင်းမရှိ။ ခပ်တည်တည် နေထိုင်သည်။ ...တမ်း ဓါးရှည်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ထိုရွာမှာ ဓါးကိုင်တာကို ဆန်းကြယ်တဲ့အရာမဟုတ်။

လယ်ယာအလုပ်များကို လုပ်ကိုင်တဲ့ရွာဖြစ်နေ၍ ဓါးရှည်များ ...ည် လွန်စွာအသုံးဝင်သည်။

"ဒါနဲ့ဒီနေ့ မောင်သီဟပြန်လာမယ်ဆို ပြန်ရောက်ပြီလား"

"မရောက်သေးဘူး အဘိုးစောရောက်တော့မယ်"

"အေး ပြန်လာရင် ငါဆီလာအုန်းပြောလိုက်"

"ဟုတ်ကဲ့ပါ အဘ"

ဇော်သန်းသည် အဘိုးစောပြောတာကို လက်ခံပြီး ပြန်လာခဲ့...။ စိတ်ထဲတွင် ညီငယ်ကိုတွေ့ရမည့်အတွက် ပျော်ရွှင်ဝမ်းသာ...ယ့် အစ်ကိုဖြစ်သူ အုန်းသန်းသေဆုံးသွားတဲ့အတွက် လွန်စွာကြေ...နေမိသည်။ ဇော်သန်းသည် တစ်ချိန်တုန်းက ညီအစ်ကိုသုံးယောက် ...ရွှင်ခဲ့ရတာတွေကို သတိရကြေကွဲစွာ ပြန်လာခဲ့ပေတော့၏။



www.burmeseclassic.com

# အခန်း ၁၁



"မြို့ထဲဈေးထည်များ"

"ဘာ ဘယ်လို အစ်ကိုကြီးအုန်းသန်းသေသွားပြီ ဟုတ်လား အစ်ကိုလတ်"

ကြေကွဲစွာလှိုင်းမိုးတဲ့အသံဖြင့် မေးလိုက်သည်။မျက်ဝန်းအိမ် အတွင်းမှာ ဖြူဖွေးတဲ့မျက်ရည်စက်များ တွဲခိုနေသည်။ အသံပိုင်ရှင်သည် မြို့မှာတက္ကသိုလ်တက်နေတဲ့ မောင်သီဟရဲ့ အသံဖြစ်သည်။

မောင်သီဟသည် ထိုနေ့မနက်ကမှ မြို့ ၁နေမွေးရပ်ရွာနေရာ ပြန်ရောက်လာသည်။ ကြေကွဲစရာသတင်းဆိုးကို ကြားလိုက်ရသည် မျှော်လင့်ချက်များ ကျိုးပျက်ပြိုက်စီးသွားသည်။

အခါတိုင်းမောင်သီဟ ပြန်ရောက်လာရင် ကိုအုန်းသန်း





ရှေ့ဆိုက်ကြိုဆိုလေ့ရှိသည်။ ယခုကိုအုန်းသန်း လူလောကမှာမရှိတော့ပေ။ မောင်သီဟသွားခြင်း၊ စားခြင်းတာတွေ လျော့နည်းသွားသည်။

ဇော်သန်းသည် ဝမ်းနည်းစွာဖြင့် မောင်သီဟကိုကြည့်လိုက်သည်။ မောင်သီဟမေးခွန်းကို ရုတ်တရက်ပြန်မဖြေနိုင်အောင် ရင်ထဲမှာပိတ်ဆို့နေသည်။

"အစ်ကိုလတ် ကျွန်တော်မေးတာဖြေလေကွာ။ ဘာကြောင့်မဖြေသေးတာလဲ"

"ဟုတ်တယ် ညီလေး။ အစ်ကိုကြီးအုန်းသန်း တကယ်သေဆုံးသွားပြီ"

"ဘာကြောင့် သေရတာလဲ။ အစ်ကိုကြီး သေဆုံးသွားတယ်ဆိုတာ ကျွန်တော်မယုံဘူး"

မျက်ဝန်းအိမ်တွင်းမှာ တွဲခိုနေတဲ့ မျက်ရည်စများသည် ယိုစီးကြလာသည်။ ဇော်သန်းသည် ကြေကွဲနေသည်။ မောင်သီဟမေးခွန်းများကို ရုတ်တရက်မဖြေနိုင် စက္ကန့်များစွာစဉ်းစားနေသည်။ မောင်သီဟက အကြိမ်ကြိမ်မေးနေသည်။ မောင်ဇော်သန်းသည် အုန်းသန်းသေဆုံးသွားတဲ့အကြောင်းကို ရှင်းပြလိုက်သည်။

ဇော်သန်းစကားကို မောင်သီဟ ယုံကြည်ခြင်းမရှိ။

ပဋ္ဌရူပရွာတွင် ထိုကိစ္စမျိုးတစ်ခါမှ မကြားဘူးပေ။ ယခုအကြောင်းအရာသည် လွန်စွာအံ့သြစရာဖြစ်နေသည်။

"မ မဟုတ်ဘူး မဟုတ်ဘူး"

"စိတ်ထိန်းပါညီလေးရာ အစ်ကိုပြောတာအမှန်တွေပဲကွာ"

"ရွာမှာ အဲဒီလောက်အခြေအနေဆိုးနေပြီလား အစ်ကို"

"ဟုတ်တယ်ညီလေး အစ်ကိုအုန်းသန်းလိုပဲ။ ကျော်တင့်၊ ဇော်ညီတို့လဲ ဒီလိုပါပဲ အခုချိန်ထိကို အလောင်းပြန်မတွေ့သေးဘူး"

"ဟာ သီဟ ရှာလိုက်ရတာကွာ"

www.burmeseclassic.com



"ဟာ သီဟ မင်းဘာဖြစ်နေတာလဲ"

သီဟနှင့်မြို့မှာ ကျောင်းအတူတက်နေတဲ့ နန္ဒဖြစ်သည်။ ၎င်းတို့နှင့်အတူ မြို့ကလိုက်ပါလာတဲ့ ယောကျ်ားလေးသူငယ်ချင်း တစ်ယောက်နှင့် မိန်းကလေးနှစ်ယောက် လိုက်ပါလာကြသည်။

"ငါ့အစ်ကိုအုန်းသန်း သေဆုံးသွားလို့ကွာ"

"ငါလဲ မင်းလိုပါပဲကွာ၊ ငါ့အစ်ကို ဇော်ကြီးလဲသေဆုံးသွားထယ်ကွာ"

"ကဲ ညီလေးတို့ မင်းတို့မြို့ကလိုက်လာတဲ့ သူငယ်ချင်းတွေကို အားနာကြပါအုံးကွာ သူတို့ကညီလေးတို့ကို အားကိုးနေရတာ"

"အစ်ကိုဇော်သန်းပြောတာ မှန်တယ်။ သီဟငါတို့ ဝဏ္ဏတို့ဆီကိုသွားကြမယ်"

ပြောလက်စစကားများကိုရပ်ပြီး မြို့ကပါလာတဲ့ သူငယ်ချင်းတွေနေထိုင်တဲ့ နန္ဒတို့အိမ်ကို ထွက်လာကြသည်။ နန္ဒကသီဟတို့ထက်များစွာချမ်းသာသည်။ လယ်ယာလုပ်ငန်းများကို ပိုင်ဆိုင်ထားသည်။ နန္ဒအဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမများက သဘောကောင်းကြသည်။ ဘယ်သူ့ကိုမဆို မိသားစုဝင်များအဖြစ် သတ်မှတ်ထားသည်။ စိတ်အားမငယ်အောင် ဂရုစိုက်တတ်သည်။ ယခု မြို့ကဧည့်သည်များဆိုလျှင် ပိုပြီးဂရုစိုက်တတ်ကြသည်။

ဝဏ္ဏတို့သည် ရွာကိုရောက်ခါစမှာ အပြင်ကိုသိပ်မထွက်ကြ အိမ်အတွင်းမှာသာ နေထိုင်ကြသည်။ နန္ဒတို့သည် စကားပြော ပြန်လာခဲ့ကြသည်။ ဧည့်သည်များ စောင့်ဆိုင်းကြမည်ကို သတိထား နေသည်။

နန္ဒတို့အိမ်ပြန်ရောက်တော့ ဝဏ္ဏတို့အိမ်မှာမရှိကြတော့ ဝဏ္ဏရဲ့ညီမနှင့် ရွာကိုလေ့လာရန်ထွက်သွားကြသည်။ နန္ဒတို့သည် ဝဏ္ဏတို့အနောက်ကို လိုက်လာကြသည်။ ကိုယ့်ရွာ ကိုယ့်ဒေသ





နေ၍ ဘယ်သူဘယ်လိုသွားတယ်ဆိုတာ ထူးထူးခြားခြား ရှာဖွေစရာမလိုအောင်ဖြစ်နေသည်။

"ဟာ နင်တို့က ဘာလို့လိုက်သွားနေတာလဲ"

"ရွာအကြောင်းလေ့လာချင်လို့ပါကွာ"

"ဟဲ့ နန္ဒ နင်တိုကရွာက တော်တော်သာယာတာပဲဟယ်"

သဥ္ဇာသည် လွန်စွာစိတ်ကူးတတ်သူ။

လှပခြင်း။ အေးမြခြင်း၊ အကျည်းတန်ခြင်း၊ ပြင်းစရာကောင်းခြင်းတို့ကို ဝေခွဲပြောတတ်သည်။

စာရေးဆရာလုပ်ဖို့ကောင်းတယ်ဟု သူငယ်ချင်းများက ပြောတတ်သည်။ ဝဏ္ဏတို့သည် ရွာနောက်သောက်ရေကန်ကြီးရဲ့ ဘောင်ပေါ်တွင်ထိုင်နေကြသည်။ အနောက်မြောက်ထောင့်မှ တိုက်ခတ်တဲ့လေနုအေးကြောင့် စိတ်များလန်းဆန်းနေသည်။

"ဟေ့ ဟိုဘက်က အ,အမလေးက ဘာတွေပြောချင် သေးလို့လဲ"

"ငါ့အတွက်ကတော့ ဒီနေရာလေးဟာ အသစ်အဆန်းလေးတစ်ခုပဲ။ ကျေးလက်ဝတ္ထုတွေထဲကအတိုင်း လိုပဲဟာ"

ဝတီပင်ဖြစ်သည်။

ချမ်းသာတဲ့မိသားစုက မွေးဖွားကြီးပြင်းသူဖြစ်သည်။ ကျောင်းစာများပြီးဆုံးပြီဆိုတာနှင့် ဝတ္ထုများကိုအမြဲတမ်း ဖတ်လေ့ရှိသည်။ ထွက်သမျှဝတ္ထုများကို အကုန်လုံးနီးပါကို ဂရုတစိုက်ဖတ်သည်။ စာဖတ်အားကောင်းသည့်အတွက် အရာရာကိုဝေခွဲတတ်သည်။ အရာရာကိုလက်တွေ့အသုံးချပြီးမှ ယုံကြည်တတ်သည်။

"ဒီနေရာဟာ ဝတ္ထုမဟုတ်ဘူးလေ ဝတီ။ အပြင်လက်တွေ့ နေတာဟ"

"ဝတ္ထုရေးဆရာ တော်တော်များများဟာ လက်တွေ့ရွာကို



www.burmeseclassic.com

အခြေခံပြီးရေးတယ်လို့ ငါထင်တယ်ဟာ၊ နင်တို့က ဝဏ္ဏမဖတ်ကြတော့ အဲဒါတွေကို နားလည်ကြမှာမဟုတ်ဘူး''

''တော်ပါတော့ စာပေပညာရှင်ကြီးရာ''

၎င်းတို့ သူငယ်ချင်းငါးယောက်သည် တစ်ယောက်တစ်မျိုး အယူအဆများကွားခြားနေကြသည်။ မတူညီတဲ့ သူငယ်ချင်းများဖြစ်သည်။ ဘယ်လိုပင်မတူညီကြပေမယ့် တစ်ယောက်ပေါ်တစ်ယောက်က နားလည်မှုတွေထားကြသည်။ အခက်အခဲများရှိလာလျှင် ကူညီတတ်ကြသည်။ ညီအစ်ကိုမောင်နှမများကဲ့သို့ သတ်မှတ်ထားကြသည်။

''ဟဲ့သီဟ ဟိုကမြင်နေရတဲ့ အိမ်ကြီးက ရှေးဟောင်းအိမ်ကြီးလား''

''ဟုတ်တယ် သဉ္ဇာ နှစ်ခဲ့တဲ့နှစ်ပေါင်းများစွာက အိမ်ကြီးပေါ့ဟာ''

''အဲဒီအိမ်ကြီးမှာ လူတွေနေကြသလား''

''လူတွေမနေတာ နှစ်အတန်ကြာသွားပြီ။ တစ်ချိန်တုန်းက ဘုရင်ဆွေတော်မျိုးတော်တွေ နေခဲ့ကြတာဘဲ''

''ဟာ ငါတော့ အဲဒီအိမ်ကြီးကိုစိတ်ဝင်စားသွားပြီ''

သဉ္ဇာစကားကို ဝတီကထောက်ခံလိုက်သည်။ စံအိမ်ကြီးသည် အဝေးကကြည့်လိုက်တာနှင့် လွန်စွာ စိတ်ဝင်စားစရာကောင်းသည်။ ကြီးမားတဲ့အပင်ကြီးတွေ လွှမ်းမိုးနေပေမယ့် စံအိမ်ကြီးကို လွှမ်းမိုးနိုင်စွမ်းမရှိ။

စံအိမ်ကြီးသည် ရွာနှင့်အတန်ဝေးပြီး လက်ယာများဝန်းရံထားသည်။ လွန်ခဲ့တဲ့နှစ်များစွာက ထိုရွာလေးသည် စံအိမ်ကြီးနှင့် အတူရှိနေသည်။ စံအိမ်တွင်နေထိုင်တဲ့ မိသားစုများသေဆုံးပြီးနောက် ရွာကို ယခုနေရာကို ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်သည်။ သဉ္ဇာတို့သည် စံအိမ်ကြီးအား စိတ်ဝင်စားစွာကြည့်နေကြသည်။





''အဲဒီအိမ်ကြီးထဲကို ရောက်ဖူးလား သီဟ၊ အဲဒီအိမ်ကြီးထဲမှာ ဘာရှိလဲ''

''ရောက်ဘူးတာပေါ့ဟာ၊ ဒီနယ်မှာ နေထိုင်တဲ့သူ မပြောနဲ့ တစ်ခြားနယ်က လာရောက်သူတွေဟာ အဲဒီစံအိမ်ကြီးကို မရောက်ဖူးရယ်လို့မရှိဘူး။ အိမ်ကြီးက နင်တို့မြင်နေရတာထက်ပိုပြီးကြီးမားတယ်။ ထူးခြားတာတွေ အများကြီးရှိတယ် စံအိမ်ကြီးထဲကို ရောက်သွားရင် ဘုရင်ဆွေတော်မျိုးတော်တွေ ဖြစ်ခဲ့ဘူးလားဟု ထင်မှတ်ရတယ်''

''အဲဒီလောက်ပဲလား သီဟ''

''သီဟပြောတာထက်တောင် စိတ်ဝင်စားစရာကောင်းတယ်။ ဟိုတုန်းက ငါတို့ရွာကျောင်းရင် အဲဒီစံအိမ်ထဲ ဝင်ကစားကြတယ်''

''ငါတို့ကို လိုက်ပို့ပေးကွာ။ ဘယ်ကသွားရလဲ''

''အဲဒီ ကုက္ကိုတန်းက စံအိမ်ကြီးကိုသွားတဲ့လမ်းပေါ့''

''မသွားကြပါနဲ့ဗျာ၊ အဲဒီမှာသရဲတွေရှိတယ်''

''မဖြစ်နိုင်တာတွေမပြောပါနဲ့သီဟရာ၊ လိုက်မပို့ချင်လို့ပြောတာဟုတ်လားသီဟ။ နင်လိုက်မပို့ရင် ငါတို့ဘာသာသွားတာပေါ့''

သဉ္ဇာတို့သွားမယ်ဆိုရင် သီဟတို့လိုက်ပို့ပေးရမှာ သေချာသည်။ ဝတီနှင့် ဝဏ္ဏတို့ကလည်း သဉ္ဇာစကားကို လက်ခံကြသည်။ အိမ်ကြီးကိုသွားရန် ဆန္ဒများဖြစ်ပေါ်လာကြသည်။

ထိုအချိန်တွင် ထမင်းစားဖို့လာခေါ်သည်။ ၎င်းတို့သည် ပြန်လာကြသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ လူစိမ်းတွေကို
သိပ်ကြောက်တယ်။ တစ်နေ့မှာ
လူစိမ်းနှစ်ယောက် စံအိမ်ကြီးထဲကို
ရောက်လာတယ် အဲဒီညဟာ သူတို့
အတွက်မိုးမှောင်ကြတာပဲ





# အခန်း ၁၂



"ချောင်းဇော်ထံ"

"တစ်ချိန်တုန်းက လရောင်ချိုဆိုတဲ့လူတစ်ယောက် စံအိမ်ကြီးမှာ သေဖူးတယ်။ အရက်ကိုအမြဲသောက်တယ်။ သေတော့လည်း ကောင်းကောင်းမသေရဘူး။ လူ့ဘဝတုန်းက မကောင်းမှုတွေကို အမြဲလုပ်တဲ့သူတစ်ယောက်ပဲ သရဲဘဝရောက်တာတောင် မကောင်းတာလုပ်ချင်တဲ့သူပဲ"

အဘိုးစောပြောပြနေတဲ့ လရောင်ချိုဆိုသူနှင့် စံအိမ်ကြီးအကြောင်းကို နားထောင်နေကြသည်။ ဝဏ္ဏတို့က စံအိမ်ကြီးနှင့် ပတ်သတ်တာတွေသိချင်တယ်ဟု ပြောလာ၍ အဘိုးစောထံသို့ သွားခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com



ငင်းတို့တလည်း အဘိုးစောပြောတာကို စိတ်ဝင်စားကြသည်။ ပုံပြင်အဏ္ဏာရီထဲမှာသာ ထိုဖြစ်ရပ်များရှိနေသလား ထင်ထားခဲ့ကြသည်။ လက်တွေ့မှာလည်း ထိုဖြစ်ရပ်များရှိသည်။ ထိုညတော့ အဘိုးစောအိမ်မှာ လူတွေစည်ကားနေသည်။ အဘိုးစောသည် ဘုရားစင်ရှေ့တွင်ထိုင်နေသည်။

"အဲဒီ လရောင်ချိုဆိုသူက ဘယ်ကလာမှန်းမသိဘူး။ စံအိမ်ကြီးမှာက လူတွေမနေတော့ သူနေတာဟာ ရွာအတွက် ပြဿနာမရှိဘူး။ ရွာကလူတွေကို ဒုက္ခမပေးဘူး ရွာလူမိုက်ကြီးတွေကိုလည်း ဒီလူက ကြောက်တယ်။ အဲဒီတုန်းက လူတွေဟာ ဆန်အိတ်နဲ့ သံခိတ်တို့ပဲ။ အဲဒီနှစ်ယောက်ကလည်း တကယ့်လူရိုင်းတွေလိုပဲ။ ဘာမှ စဉ်းစားတတ်သူတွေမဟုတ်ဘူး"

"ဒါနဲ့ အဘိုး စံအိမ်ကြီးရဲ့ ပိုင်ရှင်တွေက ဘယ်သူတွေလဲ သူတို့ဘယ်ရောက်ကုန်လဲ"

"သေကုန်ကြတယ် လွန်စွာဆန်းကြယ်တဲ့ဖြစ်ရပ်လို့ပဲ ပြောရမယ်။ သားသမီးတွေကို အချိန်မတော် အပြင်ထွက်ခွင့်မရှိဘူး။ အဲဒီလောက်ကို ထိန်းသိမ်းမှုကောင်းတယ်။ စံချိန်ကြီးကို အပြင်လူများ အဝင်အထွက်လုပ်တာကို မကြိုက်ဘူး။ သူတို့ဟာ လူစိမ်းတွေကို သိပ်ကြောက်တယ်။ တစ်နေ့မှာ လူစိမ်းနှစ်ယောက် စံအိမ်ကြီးထဲကို ရောက်လာတယ် အဲဒီညဟာ သူတို့အတွက် မိုးမှောင်ကြတာပဲ"

နားထောင်လို့ကောင်းနေတုန်း စကားကိုရပ်လိုက်သည်။

အဘိုးစောသည် ဆေးပြင်းလိပ်ကိုမီးညှိလိုက်သည်။

ဆေးလိပ်ကို သုံးလေးချက်ဖွာရှိုက်လိုက်သည်။ ပြင်းထန်တဲ့ ဆေးလိပ်မီးခိုးများလွင့်ပျံ့စွာ ထွက်ပေါ်နေသည်။

ထိုင်နေတဲ့သူများ ကြက်သီးများ ရုတ်တရက်ထလာသည်။ အမည်းရောင် အရိပ်တစ်ခုလူတွေကြားထဲ ဝင်ရောက်လာသလို ထင်





မှတ်ကြသည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

အိမ်ရှေ့မှာရှိနေတဲ့ ခွေးသုံးလေးကောင်က အရာဝတ္ထုကို စူးစိုက်စွာဟောင်နေသည်။ မည်းမည်းအရိပ်ကို မသဲမကွဲမြင်နေရသည်။ အမှောင်ထုများကြောင့် အခက်ကြုံနေရသည်။

"ဟော့ ဘာတွေ့လဲ"

"ဘာမှမတွေ့ဘူး အဘိုးစော"

"ဒီခွေးတွေဟောင်တာ မရိုးဘူး။ ထူးခြားတယ်"

အဘိုးစောသည် ခေါင်းကိုတစ်ဆတ်ဆတ်ညိတ်နေသည်။

"အဘိုးစော စံအိမ်ကြီးမှာဘယ်လိုဖြစ်သွားလဲ"

"စံအိမ်ကြီးမိသားစုအတွက် လွန်စွာကြေကွဲစရာပေါ့။ လကွယ်ညပေါ့၊ အချိန်က ညဆယ်နှစ်နာရီလောက်မှာ ဆူညံတဲ့အော်သံဟစ်သံ ခုတ်သံရိုက်သံများထွက်လာတယ်။ ရွာသားတွေက စိတ်ဝင်စားပြီး နားထောင်ကြတယ်။ တကယ်လဲစိုးရိမ်ကြတယ်။ ရောက်ရှိလာတဲ့ လူစိမ်းတွေ ဒုက္ခပေးနေပြီလားလို့ သတ်မှတ်နေကြတယ်။ ရွာသားတွေကလည်း မနက်လင်းတာနဲ့ စံအိမ်ကြီးရဲ့သတင်းထူးကို နားထောင်နေကြတယ်။ မနက်လင်းတော့ ရွာသားများထင်မှတ်ထားတဲ့အတိုင်းပဲ။ ထူးခြားမှုရှိသွားတယ်။ မနက်လင်းတော့ လူစိမ်းနှစ်ယောက်နဲ့ စံအိမ်ပိုင်ရှင်ရဲ့သမီးကြီးတို့ ဒဏ်ရာများစွာနဲ့ သေဆုံးနေကြတယ်။ ကျန်သူတွေကိုတော့ မတွေ့ရတော့ဘူး။ ဘယ်ကိုရောက်သွားမှန်း မသိတော့ဘူး။

"အံ့ဩစရာပါလား။ ဒါနဲ့ အဘိုးစော သူတို့ သေကုန်တာလား"

"အဲဒီလိုပြောမရဘူး သူတို့သေကုန်တယ်ဆို အလောင်းတွေ တွေ့ရမှာပေါ့။ သေသူသုံးယောက်ကိုတွေ့တယ် ကျန်တာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှမတွေ့ရတော့ဘူး။ တစ်နေရာကို ထွက်သွားကြတယ်ဆိုရင်လဲ ဖြစ်နိုင်တာပဲ။ အကုန်လုံးသေတယ်ဆိုရင် အလောင်းကောင်တွေ တွေ့ရမှာပေါ့"

"အဲဒီဖြစ်ပြီးတော့ စံအိမ်ကြီးမှာ ဘာတွေထူးခြားလဲ အဘိုး စော"

"ထူးထူးခြားခြားတော့ သိပ်မတွေ့ရပါဘူး။ တစ်ချို့က သရဲခြောက်တယ်လို့ ပြောကြတယ်။ စံအိမ်ပိုင်ရှင်ကြီးက သူ့စံအိမ် ရှေ့မှာ ထွက်ပြီးထိုင်နေတယ်လို့ ပြောကြတယ်။ တစ်ချို့က စံအိမ် ထဲကနေထွက်လာပြီး လူတွေကိုလိုက်ဆွဲတယ်လို့ ပြောကြတယ်။ အဘိုးစောကတော့ အဲဒါတစ်ခါမှမကြုံဘူးတော့ မသိဘူးကွယ်။ ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတာတစ်ခုရှိတယ် အဲဒါက စံအိမ်သခင်ကြီးရဲ့သမီးကြီးက ညနေ နေဝင်ပြီးတာနဲ့ ရွာထဲကို ဝင်လာတတ်တယ်။ ဘယ်သူ့အိမ်ကိုဝင်သွားတယ်ဆိုတာ မသိရဘူး။ အနောက်ကလိုက်ကြည့်သူပြောတာက ရွာကိုတစ်ပတ်ပတ်ပြီး နောက် ဆုံး ဦးပုခြံထဲကိုဝင်သွားတယ်။ အဲဒီမှာပဲ ပျောက်သွားတယ်လို့ ပြောကြတယ်။

"ဟာ ဟိုမှာ ဟိုမှာ"

ရုတ်တရက်ထွက်ပေါ်လာတဲ့ ကလေးငယ်ရဲ့အသံဖြစ်သည်။

လူကြီးများသည် ကလေးငယ် လက်ညှိုးညွှန်ရာကို ကြည့် လိုက်ကြသည်။ ကလေးသည် "ကြောက်တယ် ကြောက်တယ်"ဟု အော်ဟစ်ပြီးငိုနေသည်။ လူကြီးများကလေးရဲ့ဖြစ်ရပ်ကို အံ့ဩနေ ကြသည်။

ကလေးပြတဲ့နေရာသည် တိုင်တစ်လုံးသာရှိပြီးတိုင်ကို လူတစ် ယောက်က မှီထိုင်နေသည်။အားလုံးသည် ထိုလူကိုကြည့်နေသည်။ တိုင်မှီနေသူမှာ ထူးခြားမှုမရှိ ပြောနေတာကို နားတောင်နေသည်။





ကလေးငယ်ကတော့တိုင်ကိုလက်ညှိုးထိုးပြီးတော့ ပြောနေသည်။

"ဟဲ့ . . . မောင်တင်ထွန်း"

"ဗျာ ကိုကြီးသန်းဋ္ဌေး ဘာပြောမလို့လဲ"

"မင်း ဘာတွေဖြစ်နေလဲ"

"ကျွန်တော် ဘာဖြစ်နေလို့လဲ ကိုကြီးသန်းဋ္ဌေးရ"

တင်ထွန်းအသံများက ပြောင်းလဲခြင်းမရှိ။ အေးဆေးစွာ ထိုင်နေတတ်တဲ့တင်ထွန်းက ဘာမှမဟုတ်သလိုသာ ထိုင်နေသည်။ ကလေးပြောတာကို ယုံကြည်ပြီးမေးသည်။ ကလေးကတော့ တိုင်ကို သာကြည့်ပြီး ပြောနေသည်။ ခက်ခဲတာများနှင့် အဖြေထွက်ရန် ကြိုးစားနေသည်။

မြို့ကရောက်လာတဲ့ ဧည့်သည်များအတွက် အထူးအဆန်း များ ဖြစ်နေသည်။ အဘိုးစောစကားတွေက ဗဟုသုတများ ဖြစ်စေ သည်။ မှတ်သားစရာများလည်း ရှိနေသည်။

"ဒါနဲ့အဘိုး အဲဒီစံအိမ်ကြီးက သရဲခြောက်သေးလား"

"အဘိုးကတော့ မကြားမိဘူး။ တစ်ယောက်မှလဲ လာမခြောက် ဘူး။ အေး တစ်ခုတော့ရှိတာပေါ့။ လူမနေတာကြာတော့ တိရိစ္ဆာန် အရိုင်းတွေရှိမှာတော့ သေချာပါတယ်"

"ကျွန်မတို့အဲဒီကိုသွားပြီး လေ့လာချင်တယ်အဘိုး။ ဘယ်လို အန္တရာယ်များရှိနိုင်လဲ"

"အန္တရာယ်ဆိုတာ ကြုံတင်ပြီးတွက်ဆလို့မရဘူး။ အဘိုး ဆန္ဒပြောရရင် သမီးတို့ကရွာခံတွေမဟုတ်ဘူး။ ကျေးရွာဓလေ့ ထုံးစံ ကိုလည်း သိကြတာမဟုတ်တော့ မသွားရင်ကောင်းလိမ့်မယ်။ သမီး တို့ပြောသလို အဲဒီစံအိမ်ကြီးက စိတ်ဝင်စားစရာတွေ အများကြီး တော့ရှိတယ်"

"ကျွန်မတို့ပဲ သွားမှာမဟုတ်ပါဘူးအဘရဲ့ ရွာခံတွေ လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါ ပါတယ်''

သဉ္ဇာကတော့ စံအိမ်ကြီးကိုလှေလာဖို့ ကြိုးစားနေသည်။ ရွာလူကြီးများက သွားစေချင်သည်။ အဘိုးစောပြောသလို အန္တရာယ်များနှင့် ရင်စိုင်ရမှာကို စိုးရိမ်နေကြသည်။ ပဉ္စရူပရွာသားများသည် စံအိမ်ကြီးကို တစ်နှစ်တစ်ခါရှင်းလင်းပေမယ့် မရှင်းရသေးတဲ့ကာလတွေက ကြိုတင်ပြောမရအောင် ဖြစ်နေကြသည်။

အချိန်များက ညဉ့်နက်လာသည်။ ရွာတွင်နေထိုင်သူများကို ပြန်အိပ်ကြရန် အဘိုးစောကပြောလိုက်သည်။ ရွာသားများကလည်း ပြန်ကြရန်ပြင်ဆင်နေကြ၏။

''ဝေါ့''

ထွက်ပေါ်လာတဲ့ အသံကိုကြားရသူများအတွက် တုန်လှုပ်စေသည်။ အားလုံးသည် အသံလာရာကို အာရုံစူးစိုက်နေကြသည်။ ကြောက်စရာကောင်းတဲ့အသံသည် ရွာရှေ့ချောင်းထဲက အသံဖြစ်သည်။

ရွာသားများသည် ပြန်ထိုင်နေရမလား။ ပြန်ရင်ကောင်းမလားစဉ်းစားနေ၏။

''ဟဲ့ မောင်ငွေစန်း မောင်းစန်းမြင့် အဖိုးပြောတာ လုပ်ပြီးပြီလား''

''လကွယ်ည ဆယ့်နှစ်နာရီကျော်မှ လုပ်မယ်ပြောပါတယ် အဘိုး အခုတောင်သွားနေပါပြီ''

''အေး အေး မလုပ်ရသေးရင်လုပ်ဖို့ ပြောလိုက်အုံးကွယ် နော်''

''ဟုတ်ကဲ့ပါအဘိုး''

ကျေးရွာတွင် ချောင်းရှိသည်နှင့် လူသားတွေအတွက် သောကများသာဖြစ်သည်။ ရှေ့လူကြီးများက အန္တရာယ်ကင်းအောင် ကြို





တင်ကာကွယ်မှုများ ပြုလုပ်ထားသည်။

ယခုချောင်းက အော်နေသည်။ အဘိုးစောအပါအဝင် လူကြီးတွေက ရွာသားများအတွက် ကာကွယ်ရန်စီစဉ်ကြသည်။ မကာကွယ်နိုင်လျှင် ရွာသားတစ်ယောက် (သို့မဟုတ်) ဧည့်သည်တစ်ယောက် သေဆုံးသွားနိုင်သည်။ လူတွေအသက်မသေစေရန်အတွက် ခွေးတစ်ကောင်ကိုသတ်ပြီး ချောင်းထဲကိုပစ်ချရသည်။

ထိုကဲ့သို့ပြုလုပ်သည်နှင့် ရွာသားများအတွက် အန္တရာယ်ကင်းသည်။ အဘိုးစောက ဧည့်သည်များအတွက်စိုးရိမ်ပြီး ၎င်းအိမ်မှာအိပ်ရန် ပြောလိုက်သည်။

''ဟေ့ ဒီညကလကွယ်ညမဟုတ်လား။ ဆယ်နှစ်နာရီကျော်ပြီ သတိနဲ့သွားကြဟေ့''

''ဟုတ်ကဲ့ပါအဘိုး''

ရွာသားများသည် အဘိုးစောအိမ်ကို ကျောခိုင်းသူများ ကျောခိုင်းထွက်သွားကြသည်။ တစ်ချို့အိမ်ရှေ့မှာသာ ရှိနေသေးသည်။

''ကယ်ပါအုံး ကယ်ပါအုံး''

အားလုံး အထိတ်လန့်ဖြစ်ကုန်သည်။

အသံလာရာကို ကြည့်လိုက်သည်။ လူတစ်ယောက်အဘိုးစောအိမ်ကို ပြေးလာသည်။ စိုးရိမ်ကုန်ကြသည်။

ပြေးလာသူသည် ရွာမြောက်ပိုင်းက မောင်ဝင်းဖြစ်သည်။

''ဟဲ့ မောင်ဝင်းဘာဖြစ်လာတာလဲကွဲ့''

''ဟို ဟို''

မောနေသည်။ မေးခွန်းများကို ဖြေကြားရန်အသက်ရှူနေသည်။ စိုးရိမ်စိတ်ဖြင့် မောင်ဝင်းကိုကြည့်နေကြသည်။ ၎င်းသည် မြေပေါ်မှာထိုင်ချလိုက်သည်။ အဘိုးစောရဲ့စကားကို နားထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခွက် ခပ်နိုင်းလိုက်သည်။ မောင်ဝင်းသည် ရေကိုအငမ်းမရ သောက်နေသည်။ အားလုံးက မောင်ဝင်းကိုစိုးရိမ်နေသည်။

လကွယ်ညဆယ့်နှစ်နာရီကျော်တာနှင့် ရှာရှိလူတစ်ယောက် သေတတ်သည်။ အဘိုးစောသည် ထိုကိစ္စကိုသိနေသည်။ ရွာသား များကို ကြိုတင်သတိပေးထားသည်။

"မောင်ဝင်း ဘာဖြစ်လာတာလဲကွယ်"

"ချောင်းထဲမှာ လှိုင်းလုံးကြီးမဟုတ်ပဲ မည်းမည်းအကောင် ကြီး ကမ်းနားကိုလိပ်တတ်လာတယ်"

"ဟေ ဟုတ်လား"

"နောက် ဘာဖြစ်သွားလဲ"

"အဲဒါကြီးကိုတွေ့တာနဲ့ ကျွန်တော်လည်း ထွက်ပြေးလာ ခဲ့တာပါ"

"သိပ်ကံကောင်းသွားတယ်"

မောင်ဝင်းဘာမှမပြောပဲ အဘိုးစောကို ကြည့်နေသည်။ အဘိုးစောသည် တွေ့ကြုံခဲ့ရတဲ့အကြောင်းများကို ပြောပြသည်။ အားလုံးတုန်လှုပ်အံ့သြကုန်ကြသည်။

"မောင်ဝင်း ကံသိပ်ကောင်းသွားတယ်"

ဟု ပြောနေကြသည်။

"ဟေ ဘာသံလဲ နားထောင်ကြစမ်း"


ဟု ပြောလိုက်သည်။ ရွာသားများသည် အသံရှိရာကိုပြေး တုန်ကြသည်။

❦❦❦❦❦





# အခန်း ၊ ၁၃



ဝံဂုဝေ့ဓွေတန္တရာယ်

"ဟိုမှာ ပြေးပြီလိုက်ကြဟေ့"

လမ်းမများအပေါ်တွင် မီးတုတ်များဖြင့် လင်းထိန်နေသည်။ ရွာသားများ လိုက်နေကြသည်။ ပြေးနေတဲ့ အကောင်ကြီးသည် ပြန်လည်ခုခံတိုက်ခိုက်ရန် ခွန်အားများမရှိအောင် ဖြစ်နေသည်။ ခုခံလျှင် ရွာသားများရဲ့ လေးမြှား၊ လှံ၊ ဓါးတွေကြောင့် အသက်သေ ဆုံးသွားနိုင်သည်။ ရွာသားများသည် အနောက်ကလိုက်နေသည်။

ခွေးဟောင်သံများက ရွာသားတွေနှင့်အတူ ဆူညံနေသည်။ တွဲ နွားများ ထိတ်လန့်နေကြသည်။

"ဟ ဘာကောင်ကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဘာကောင်ကြီးလဲဟ"

"ဟော့ကောင်တွေ လိုက်[illegible]"

အကောင်ကြီး ထွက်ပြေးနေသည်။

ရွာသားများသည် အနောက်က ပြေးလိုက်နေကြသည်။ အမှောင်ထုများ ဖုံးလွှမ်းနေသည့် မိုးသဲသဲကွဲကွဲမြင်တွေ့ရခြင်းမရှိ။

တွေ့လိုက်ရတဲ့ အကောင်ကြီးအနောက်ကို လိုက်နေကြသည်။ မည်းမည်းအကောင်ကြီးသည် အသက်ဘေးကလွတ် မြောက်နိုင်ရန် ပြေးနေသည်။

ရွာလယ်ပိုင်းမှာလည်း ဆူညံနေသည်။

အရာဝတ္ထုတစ်ခုက လူတစ်ယောက်ကို ဆွဲပြေးသည်ဟုပြော ပြီးလိုက်နေသည်။ အဘိုးစောစကားသည် 'လကွယ်ညရောက်ပြီ လူတစ်ယောက်အသက်ပျက်စီးတာနဲ့ ကြုံတွေ့အုံးမယ်' ဟု ပြောခဲ့သည်။ ယခုရွာလယ်ပိုင်းမှာ လူတစ်ယောက်ကို မည်းမည်းအကောင်ကြီး ဆွဲသွားသည်ကိုတွေ့ရသည်။ ထိုအကောင်ကြီးကို အလွတ်မပေး လိုက်ရန်ပြောနေကြသည်။ အားလုံးကလည်း လိုက်နေကြသည်။

ရွာမြောက်ပိုင်းအဖွဲ့ မည်းမည်းအကောင်ကြီး အနောက်ကို လိုက်နေကြသည်။ ငယ်ရွယ်သူများက ပျော်ရွှင်နေသည်။ လူကြီးများက သောကရောက်နေသည်။

"အဲဒီအကောင်ကြီးကို မလွှတ်စေနဲ့"

"လေးမြားနဲ့ပစ်ကြဟော့"

"ဝှစ် ဝှစ်"

လေးမြားသည်အရှိန်ဖြင့် အကောင်ကြီးရှိရာကို ဦးတည် လိုက်နေသည်။

"ဒုတ်"

အကောင်ကြီးသည် သစ်ပင်အနောက်ကို ကပ်ရှောင်လိုက်[illegible]



လေးမြားသည် သစ်ပင်ကိုထိုးစိုက်သွားသည်။ ရွာသားများက လိုက်နေသည်။

"ဟော့ ဒေါ်ခင်လှခြံထဲ ဝင်ပြေးသွားပြီ"

"ဟာ ဒေါ်ခင်လှကို အန္တရာယ်ပြုလို့ မဖြစ်ဘူး"

ဒေါ်ခင်လှခြံထဲကို ဝင်လိုက်ကြသည်။ အကောင်ကြီးကို လိုက်ရှာနေသည်။ ဒေါ်ခင်လှခြံကြီးသည် ကြီးမားတဲ့အပင်များစွာနှင့် လွှမ်းခြုံထားသလို ခြုံနွယ်များကလည်း ပတ်ဝန်းကျင်ကို အမှောင်ဖြစ်စေသည်။

"ဟော့ကောင်တွေ မလွှတ်စေနဲ့ သတိလည်းထားကြကွာ"

အဖွဲ့ခေါင်းဆောင် ကိုဆန်းအုန်းရဲ့အသံဖြစ်သည်။ ကိုဆန်းအုန်းသည် ဘာကိုမှကြောက်ရွံ့စိတ်မရှိ။ လုပ်ချင်တာကို ပြီးပြတ်အောင်လုပ်တတ်သည်။

ဒေါ်ခင်လှခြံထဲကို ဝင်ရောက်ရှာဖွေနေကြသည်။ ဝင်ရောက်ပြေးတဲ့အကောင်ကြီးသည် ရှာဖွေတွေ့ရှိခြင်းမရှိအောင်ဖြစ်နေသည်။ ခြံထဲကိုဝင်ရောက်သွားတာကိုတွေ့သည်။ ပြန်ထွက်သွားတာမတွေ့ရ၍ အခက်ကြုံတွေ့နေရသည်။

"ဟဲ့ ဘယ်သူတွေလဲ ငါ့ခြံထဲမှာ"

"ကျုပ်တို့ပါ အရီးခင်လှ"

"ဘာလာလုပ်တာလဲ"

"အကောင်ကြီးတစ်ကောင် အရီးခင်လှခြံထဲဝင်သွားလို့ အဲဒါ လိုက်နေတာပါ"

"သတ္တဝါတွေပဲကွယ်"

"အရီးခင်လှကို စိုးရိမ်လို့ပါ"

"ကျေးဇူးတင်ပါတယ် မောင်ဆန်းအုန်း ဒီမှာမရှိတော့ဘူး [illegible]မြောင်းထဲကို ဆင်းသွားပြီကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်လှသည့် ခြံထဲကို ရွာသားများဝင်ရောက်လာတာကို ကြိုက်နှစ်သက်ခြင်းမရှိအောင် ဖြစ်နေသည်။ လေသံများက ခက်ထန်မာကျောနေသည်။ ကိုဆန်းအုန်းတို့အဖွဲ့သည် ခြံအပြင်ကို ပြန်ထွက်ချန် ဟန်ပြင်နေသည်။

ထိုအချိန် ဝံပုလွေကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

ဝံပုလွေကြီးသည် ခြံအပြင်မှာနေ၍ ခြံအတွင်းရှိလူအများကို စူးစိုက်ကြည့်နေသည်။ မျက်လုံးများသည် မီးဟုန်းဟုန်းတောက်ထဲ အကြည့်ဖြင့် ကြည့်နေသည်။ လူငယ်လေးတစ်ယောက်သည် ဝံပုလွေကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

"အစ်ကိုဆန်းအုန်း ဒီမှာဝံပုလွေကြီးတစ်ကောင်ဗျာ"

"ဟေ ဘယ်မှာလဲကွ"

ရွာသားများသည် လူငယ်လေးစကားကြောင့် အပြေးရောက်ရှိလာသည်။ တစ်ချို့အပြင်မှာဝိုင်းနေကြသည်။

"ဟူး"

"ဖျောင်း"

ဝံပုလွေသည် လူအများကို ကြောက်ရွံ့ပြီး ထွက်ပြေးသွားတော့သည်။

ရွာသားများသည် ဝံပုလွေအနောက်ကို လိုက်နေကြသည်။ ခြံထဲရှိသူများ ခြံအပြင်ကို ရောက်ကုန်ကြသည်။

ဝံပုလွေအနောက်ကို လိုက်နေကြသည်။ ဝံပုလွေသည် လူများကို ကျော်ဖြတ်ပြီးပြေးနေပေတော့သည်။





# အခန်း ၁၄



## ဝံပုလွေတန်ဆောင်သော ရူး

"ဝံပုလွေကြီးက ရွာမြောက်ဘက်ကို ထွက်ပြေးသွားတယ်"

အဘိုးစောကို ပြောပြနေသည်။ ရွာလူကြီးဦးမြတ်လှသည် ရွာသူကြီးဖြစ်ပေမယ့် ရွာရဲ့အကြောင်းကို သိပ်ပြီးဝင်ရောက်စွက်ဖက်ခြင်းမရှိ။ ရွာမှာအသက်ကြီးဆုံး အဘိုးစောရှိနေ၍ ၎င်းရဲ့ပြောစကားကို နားထောင်တတ်သည်။ ရွာသူကြီးတစ်ယောက် ဖြစ်ပေမယ့် လွန်စွာရိုးသားသည်။ မကောင်းမှုတွေကို မလုပ်တတ်။ ကောင်းကြိုး ကိုသာ ပြုလုပ်တတ်သည်။ အဘိုးစောသည် ဆေးပြင်းလိပ်ကြီးကို ဖွာရှိုက်ပြီး နားထောင် နေသည်။

"အဲဒါက စဉ်းစားစရာအချက်တစ်ခုပဲ။ ဒို့ရွာမှာ ဝံပုလွေမရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ တစ်ခါမှမကြားဘူးခဲ့ဘူး။ အဘိုးအခုအသက် ၉၀ ပြည့်တော့မယ်''

''အဘိုးစောပြောသလိုဆို ဒါဟာ စဉ်းစားစရာတစ်ခုဖြစ်နေပြီလားအဘိုးစော''

''ဟုတ်တယ်ကွယ် ဝံပုလွေဆိုတဲ့ သတ္တဝါတွေဟာ တောတောင်တွေထဲမှာသာ နေတတ်တာပါ။ အခုရွာမှာရောက်နေတယ်ဆိုတော့ မကောင်းတဲ့အရာပဲကွယ်၊ ဝံပုလွေအစစ်ဖြစ်လိမ့်မယ်လို့တော့မထင်ဘူး။ တစ်ခုခုက ဖန်တီးထားတာပဲဖြစ်မယ်''

''အဘိုးကလဲ ဝံပုလွေက ဖန်တီးလို့ရတဲ့အရာမှမဟုတ်တာ''

လူငယ်များသည် အဘိုးစောရဲ့စကားကို လက်မခံနိုင်အောင်ဖြစ်နေသည်။ အဘိုးစောအမြင်နှင့် လူငယ်များအမြင်ကွာခြားနေသည်။ ဝံပုလွေဆိုတဲ့ သတ္တဝါသည် အခြားသတ္တဝါနှင့်မတူညီ၍ ဖန်တီးရန်ခက်ခဲနေသည်။ အဘိုးစောပြောတာက ထိုအကောင်သည် လူတွေကဖန်တီးထားသည်။ မယုံနိုင်စရာအချက်က လူသည်ဝံပုလွေဟုဖန်တီးလျှင် ထိုကဲ့သို့လျှင်မြန်မှာမဟုတ်။ ယခုတွေ့လိုက်ရတဲ့ အကောင်သည် လွန်စွာလျှင်မြန်လှသည်။ ရွာသားများသည် ဝံပုလွေနောက်ကို လိုက်ပေမယ့် မမှီမလိုက်နိုင်သလို လေးမြှားနှင့်ပစ်လိုက်တော့လေပေါ်ကိုခုတ်တတ်ပြီး ရှောင်တိမ်းသွားသည်။

''အဘိုးစောပြောတာကို ကောင်လေးတို့ သဘောမပေါက်ကြသေးပါလားကွယ်။ အဘိုးစောပြောတာ သေချာနားထောင်ပါ ဝံပုလွေဆိုတာ ရွာထဲကိုမနေအပ်ဘူး။ မနေရတဲ့အရာပဲ။ သူ့ရွာမှာနေရင်ရွာနာတယ်။ သူတို့ကလဲ အကြောင်းမရှိဘဲ ရွာထဲကိုမဝင်ရဲဘူး ဝင်ဖို့လဲမလွယ်ဘူး။ အဲဒါကြောင့်ပြောတာ ကျွဲဆိုတဲ့ အကောင်ကလဲဒီအကောင်ကို တွေ့ရင်မနေနိုင်ဘူး။ သူတို့ရဲ့ဦးချိုများနဲ့ လိုက်ပြီးတိုက်ခိုက်တတ်ကြတယ်ကွယ့်၊ အဲဒါကို သဘောပေါက်ကြပြီလား''





အားလုံး သဘောပေါက်သွားသည်။ ဝံပုလွေသည် ရွာအတွင်း ကို ဝင်ရောက်လျှင်တောတောင်များနှင့် နီးကပ်မှသာ ဝင်ရောက် တတ်သည်။ ရွာထဲမှာရှိတဲ့ ခွေး၊ ကြက်၊ ဘဲ၊ ငန်း၊ လူတွေကိုသာ ဖမ်းဆီးစားတတ်ကြသည်။

ယခုရွာလေးသည် တောတောင်များနှင့် လွန်စွာဝေးသည် ချောင်း၊ လယ်ယာများကိုအမှီပြုပြီး နေထိုင်ရတဲ့ရွာလေးကို တောရိုင်း ကောင်များ ဝင်ရောက်လာတာ ခက်ခဲတဲ့အရာများဖြစ်သည်။

''ဟုတ်ကဲ့ သဘောပေါက်ပါပြီအဘိုးစော''

''ဒါနဲ့ ဟိုညက အကောင်ကြီးဆွဲခံရတဲ့သူ ဘယ်လိုနေလဲ''

''သိပ်မစိုးရိမ်ရပါဘူး အဘိုးစော''

''လက်သည်းနဲ့ ကုပ်ခြစ်မိသွားတာပါ။ ကံကောင်းတာပေါ့ အောင်စိုးကြီးတွေ့သွားလို့ နို့မဟုတ်ရင်တော့ သေနိုင်တယ်''

''ဘယ်လိုဖြစ်တာလဲကွဲ့''

''ရွာမှာ ဆူညံတော့ သူကသွားတာ ဦးပုခြုံကိုရောက်တော့ သူ့ခြေထောက်ကို ဆွဲလိုက်တာ သူလဲအထိတ်အလန့်အော်မိတော့ အောင်စိုးကြီးက ကြားသွားတယ်။ အဲဒီအကောင်ကြီးကို တုတ်နဲ့ ပြေးရိုက်လိုက်တာ။ ထိလဲထိသွားရော ပစ်ချပြီးထွက်ပြေးရော ဒါတောင် အနောက်ကလိုက်ရိုက်တာ ကောင်းကောင်းမထိလို့''

''ဒါနဲ့ အောင်စိုးကြီးဆိုတာ ဘယ်ကအောင်စိုးကြီးလဲ''

''သရဲငို အောင်စိုးကြီးပေါ့ အဘိုးစော''

''ဒီအကောင်ကြီးက တကယ့်ကိုစံပဲပေါ့။ ဘာအကောင်မှ မကြောက်ဘူး''

''သူ့ကိုဘယ်အကောင်ကဝင်တိုက်ရဲမလဲ၊ အကောင်ကလည်း လူဝံကြီးလိုပဲ၊ ကျားလိုကောင်ကိုတောင် ရင်ဆိုင်တိုက်နိုင်လောက်ခဲ့ သူပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ပေါ့ သူ့ကိုဘယ်အကောင်မှ မယုံဥ်ရဲတာ။ ဒေါ်ကျွင်မေကတော့ အောင်စိုးကြီးကို ကျေးဇူးတင်လွန်းတဲ့အကြောင်း ပြောမဆုံးပဲ"

"ဒါကတော့ ပြောသင့်တာပေါ့။ တခြားလူတွေဆို အဲဒီနေရာမှာ သေကုန်မှာ။ ဟိုကောင်က ဝင်ရောက်တိုက်ခိုက်တာ သူကိုင်ထားတဲ့ ဓါးရင်းတုတ်က လွန်စွာကြောက်စရာကောင်းလွန်းပါတယ်"

အောင်စိုးကြီးက ရွာမှာစံတင်ရတဲ့ လူငယ်တစ်ယောက်။ ဘယ်အရာဝတ္ထုကိုမှ ရှောင်တိမ်းတတ်သူမဟုတ်။ ရင်ဆိုင်တွေ့လို့ကတော့ သူ့လက်ထဲက တုတ်စာမိသွားတတ်သည်။ အမြဲတမ်းတုတ်ကိုထောက်ပြီးသွားသည်။ သူ့ကို ဝင်ရောက်တိုက်ခိုက်လာရင်တော့ ပွဲကြီးပွဲကောင်းတစ်ခုပဲ။ ဘယ်သူမဆိုဒဏ်ရာနဲ့ထွက်ပြေးရတတ်သည်။

ဖြေရှင်းမရတဲ့ကိစ္စဆို သူကဦးဆောင်ဖြေရှင်းသည်။ သေမယ်သာမှတ်ပေတော့ဆိုသလို တကယ်လဲဖြစ်တတ်သည်။

"ဒါနဲ့ အခုရွာကကိစ္စကို တာဝန်ပေးရင် ကောင်းမလား"

"အခြေအနေကြည့်ပါအုံးကွယ်၊ သူက သိပ်စဉ်းစားတတ်တာမဟုတ်ဘူး သေကုန်လိမ့်မယ်"

"ဒါနဲ့ ညွှသည်ကလေးတွေရော"

"ရှိပါတယ် အဘိုးစော"

"ဟဲ့ ညဘက်အချိန်မတော် အပြင်မသွားကြနဲ့ကွဲ့"

"ဟုတ်ကဲ့ပါ အဘိုးစော"

"ဒီရက်ထဲမှာ ငှက်ဆိုးထိုးထားတယ်။ ထူးခြားမှုတွေဖြစ်ပေါ်လာမှာ သေချာတယ်။ ဘာရယ်လို့တော့ အဘိုးလဲမသိဘူး"

အဘိုးစောစကားသည် ရွာသားများအတွက် ပဟေဠိတစ်ခုလိုဖြစ်နေသည်။ ဘယ်တော့မဆို ပြတ်ပြတ်သားသားပြောတတ်တဲ့သူတစ်ယောက်က ယခုမှ အတွေးစများပေါ်လာရတာလဲ။ ရွာသားများ





သည် ရွာမှာတွေ့ကြုံနေရတာတွေကို စိတ်ညစ်နေရပေမယ့် အဖြေပေါ်မရ၍အခက်ကြုံနေရသည်။ ရိုးသားတဲ့ ရွာသားတွေအတွက် ထူးဆန်းတာတွေတွေ့နေတာကြောင့် ဆန်းကြယ်နေ၏။

"ဟဲ့ဒါနဲ့ အောင်စိုးကြီးက ဘယ်နှစ်ရက်လောက် ဒီရွာမှာနေမယ်ပြောလဲ"

"သုံးလေးရက်လောက်နေတယ် ပြောပါတယ်အဘိုးစော"

"အေး ကောင်းတယ်။ သူရှိနေတဲ့အချိန် ရွာကမကောင်းတာတွေပျောက်ကုန်လိမ့်မယ်"

အောင်စိုးကြီးသည် ပဥ္စရူပရွာသားမဟုတ်။ အများထမင်းဆိုင်ရွာသား။ ယခုရောက်ရှိလာတာဟာ လုပ်ငန်းကိစ္စကြောင့်ဖြစ်သည်။

"ကျွန်တော်တို့ ဘာပြောပေးရမလဲအဘိုးစော"

"သူရွာကမပြန်နိုင်အောင် အချိန်ဆွဲထားကြ။ သူဘယ်အချိန်ဘယ်သူ့အိမ်သွားသွား မတားနဲ့ကြားလား"

"ဟုတ်ကဲ့ပါအဘိုးစော"

"ဟဲ့ ဟိုကပြေးလာတာဘယ်သူလဲ"

အဘညွှန့်ခင် မေးလိုက်တာကြောင့် ပြေးလာသူအားကြည့်လိုက်သည်။ ပြေးလာသူမောင်ဝင်းသည် ရှေ့ကိုဝင်ရောက်လာသည်။

၎င်းသည် မောပန်းနေသည့်

"ဟေ့ မောင်ဝင်းဘာဖြစ်လာတာလဲ"

"ဟို ဟို"

"ဘာဖြစ်လာတာလဲ"

"ဦးပုခြံထဲမှာ အောင်စိုးကြီးနဲ့အကောင်ကြီးတို့ တိုက်ခိုက်နေကြတယ်"

"ဟေ ဟုတ်လား"

"အဘိုးစော ဘာဆက်လုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ လိုက်သွားကြ"

အဘိုးစောစကားကို နားထောင်ပြီး ရွာလူငယ်လူလတ်များသည် ဦးပုခြံကိုသွားကြသည်။ မှောင်မည်းနေတဲ့ ညတစ်ညဖြစ်နေသည်။ မီးတုတ်များကြောင့် လင်းထိန်နေသည်။ ဦးပုခြံအတွင်းမှာတော့ အောင်စိုးကြီးနှင့် မည်းမည်းအကောင်ကြီးတို့ တိုက်ခိုက်နေသည်။ အောင်စိုးကြီးသည် လက်ထဲမှာ တင်းကြပ်စွာဆုပ်ကိုင်ထားတဲ့ ဝါးရင်းပိုင်းဖြင့် တစ်အားလွှဲရိုက်ချလိုက်သည်။

"ဖျောင်း"

ဝါးရင်းပိုင်းသည် မည်းမည်းအကောင်ကြီးကို အရှိန်ပြင်းစွာထိမှန်သွားသည်။ အကြောင်းမှာ အောင်စိုးကြီးသည် ဦးပုခြံကိုကျော်ဖြတ်လျှောက်လှမ်းလာရာ မည်းမည်းအကောင်ကြီးသည် အနောက်ကနေဆွဲလိုက်သည်။ အောင်စိုးကြီးသည်နှင့် မည်းမည်းကောင်ကြီးသည် ခြေနှစ်ချောင်းကိုမပြီး သစ်ပင်နှင့်ရိုက်ရန် ကြိုးစားနေသည်။ သတိရှိတဲ့ အောင်စိုးက မလွတ်တမ်းကိုင်ထားတဲ့ ဝါးရင်းတုတ် ဖြင့်ရိုက်လိုက်သည်။ မည်းမည်းအကောင်ကြီးကို ထိမှန်သွားသည်။ ဒေါသများထွက်ပြီး အောင်စိုးကြီးကို ဝင်ရောက်တိုက်ခိုက်သည်။ သွက်လက်တဲ့ အောင်စိုးကြီးက တစ်ဖက်လူတိုက်ခွင့်မရအောင် တိုက်ခိုက်နေသည်။

"အောင်စိုးကြီးဆိုတာငါပဲ၊ ဘယ်သူ့မှ မကြောက်ဘူးဟေ့"

အော်ဟစ်ပြီး တိုက်ခိုက်နေသည်။ အကောင်ကြီးသည် ထွက်ပေါ်လာတဲ့အသံကြောင့် တုန်လှုပ်သွားသည်။ တိုက်ခိုက်ရန်ရှေ့ကိုတိုးလာတဲ့ခြေလှမ်းများ ရုတ်တရက်ရပ်တန့်သွားသည်။ အခွင့်အရေးတစ်ခုရလိုက်တဲ့ အောင်စိုးကြီးက ဝါးရင်းတုတ်ဖြင့် ဖြတ်ရိုက်လိုက်သည်။ အရှိန်ပြင်းလွန်းတာကြောင့် လဲကျသွားသည်။

"ဟော့ ဟိုမှာအောင်စိုးကြီးပါလား"

"ဘာဖြစ်သွားသေးလဲ အောင်စိုးကြီး"





"ဟာ ကိုဝင်းပါလား၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး။ တို့အကောင်ကြီးကတော့လဲသွားပြီ"

အောင်စိုးကြီးအနားကို ရောက်ရှိလာသူများ လဲကျနေတဲ့အကောင်ကြီးထံကိုလည်းကောင်း အသီးသီးသွားရောက်နေကြသည်။

"ဟာ အမွေးရှည်ကြီးတွေနဲ့ပါလား၊ လူပုံစံတူပါလား လူရိုင်းကောင်ကြီးများလား"

"မောင်အောင်စိုး မင်းဘာမှမဖြစ်ဘူး မဟုတ်လား"

"ဘာမှမဖြစ်ပါဘူး အဘိုးစော"

"ဘိုးစောဒီကောင်ကြီးကို ဘာလုပ်မလဲ"

"ငါ့အိမ်ကို သယ်သွား ဟိုရောက်မှကြည့်လုပ်မယ်"

အဘိုးစောစကားကို လက်ခံပြီး ရွာသားများသည် လဲကျနေတဲ့အကောင်ကြီးကို သယ်ယူရန် ပြင်ဆင်နေကြသည်။ ရိုက်ချက်များပြင်းထန်ခဲ့၍ ခေါင်းမှာဒဏ်ရာများရှိထားသည်။ သွေးများထွက်ကျနေသည်။ အကောင်ကြီးကို ပျော်ရွှင်စွာ သယ်ဆောင်သွားကြသည်။ ရွာကိုဒုက္ခပေးနေတဲ့အကောင်ကြီး သေဆုံးသွား၍ ကျေနပ်နေကြသည်။ အကောင်ကြီးရသွားသည်ဟု ထွက်ပေါ်လာတဲ့ သတင်းက ရွာကိုလွှမ်းမိုးသွားသည်။ အဘိုးစောအိမ်ရှေ့ကို ချလိုက်သည်။

မီးတုတ်မီးများကြောင့် အဘိုးစောအိမ်ရှေ့မှာ လင်းထိန်နေသည်။ အကောင်ကြီးကို ဝိုင်းကြည့်နေကြသည်။

"ဟာ တိရစ္ဆာန်တစ်ကောင် မဟုတ်ဘူး။ လူတစ်ယောက်ဖြစ်နိုင်တယ်"

"ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့"

ထိုသို့ပြောပြီး ခြေလက်များကိုသေချာကြည့် လိုက်သည်။ ထို့နောက်ပလက်လှန်လိုက်သည်။ ကိုယ်ပေါ်မှ အမွေးများကို ဆုတ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အမွေးများကြားက ကြွယ်သီးများကိုတွေ့လိုက်ရသည်။ ကြွယ်သီးများကိုဖြုတ်လိုက်သည်။ အတွင်းမှအကျီအဖြူကို တွေ့လိုက်ရသည်။ အားလုံးအံ့ဩကုန်ကြသည်။ အပေါ်အကျီကိုချွတ်လိုက်သည်။

"ဟာ တိရစ္ဆာန်မဟုတ်ဘူး။ တကယ့်လူအစစ်"

"အဘိုးစော လူတစ်ယောက်ဗျ"

အဘိုးစောသည် ရှေ့မှာတိုးပြီးကြည့်လိုက်သည်။

"ဒီရွာက မဟုတ်ဘူးထင်တယ်"

"ကျွန်တော်တို့ရွာက မဟုတ်ဘူး အဘိုးစော"

"တော်တော်ဆိုးကြပါလားကွယ်၊ တက်နိုင်ဘူးဖလေ သူ့ သောကနဲ့သူဖြစ်တာပဲ"

အားလုံးသည် သေဆုံးသူအားကြည့်ပြီး ကိုယ်မှာဝတ်ထားတဲ့အဝတ်များကို ချွတ်လိုက်ကြသည်။ ရွာသားတွေကတော့ ထိုလူကို နာကြည်းမုန်းတီးနေကြသည်။ သေဆုံးသွားတဲ့သူတွေဟာ သူ့ကြောင့်ဟု ထင်မှတ်နေကြသည်။ ထိုလူသာ အသက်ရှင်နေလျှင် ရွာသားများလက်ချက်ကြောင့် အမှုန့်ကြေသွားနိုင်သည်။ အောင်စိုးကြီးလက်ချက်နှင့် သေဆုံးသွားတာ လွန်စွာကံကောင်းနေသည်။

"ရွာသားတွေကို ဘယ်လိုအမုန်းကြေးနဲ့ သတ်တာလဲ"

"မင်း တော်တော်ကံကောင်းတယ်မှတ်"

"တော်ပါတော့ကွယ်။ ငါတို့ရွာသားတွေ မလုပ်နိုင်တာ လုပ်ပြတဲ့ မောင်အောင်စိုးကို ကျေးဇူးတင်ရမယ်"

"ဒီအကောင်ကို အဲဒီမှာချထား။ မနက်လင်းမှ ရွာတွေကို အကြောင်းကြားမယ် ပိုင်ရှင်တွေလာပြန်ယူကြလိမ့်မယ်"

အဘိုးစောစကားကို လက်ခံကြသည်။ ရွာသားတစ်ချို့သည် ထိုအလောင်းနားမှာ ထိုင်စောင့်နေကြ ပေတော့သည်။





# အခန်း ၊ ၁၅



ရွာအစွန်စံအိမ်ကြီးဆီ ထွက်တောခဲ့ခြင်း

ညကဖြစ်ရပ်သည် ရွာသားများအတွက် ဝမ်းသာကြသည်။ အံ့ဩကြသည်။ တစ်ယောက်တစ်မျိုး ပြောနေကြသည်။ မြို့ကလာတဲ့ဧည့်သည်တွေလည်း အံ့ဩကြသည်။ မကြာခင်မှာမြို့ကို ပြန်ကြရတော့မှာမို့ မပြန်ခင်စံအိမ်ကြီးကို သွားလေ့လာရန်ဆုံးဖြတ်ကြသည်။ မနက်လင်းတာနှင့် စံအိမ်ကြီး သွားရန်ပြင်ဆင်ကြသည်။

"ဟဲ့ ကလေးတွေ စောစောပြန်လာခဲ့ကြနော်။ အချိန်ကာလတမကောင်းသေဘူး"

"ဟုတ်ကဲ့ပါ အရီးကျော့မေ"

"သားမောင်သီဟ မင်းအစ်ကိုမော်ကြီးကို ခေါ်သွားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ယာထဲကိုသွားတယ်။ အလုပ်မအားဘူးအမေ"

"အေး အေး ပြန်လာမှအမေလွှတ်ပေးလိုက်မယ်"

"မလွှတ်ပါနဲ့အမေ ကျွန်တော်တို့က သိပ်မှမကြာပဲ"

သီဟ၊ နန္ဒနှင့် မြို့ကညွှေသည်များသည် ရွာအစွန်စံအိမ်ကြီးကို ထွက်လာကြသည်။ အချိန်ကနေ့ခင်းကို ရောက်နေသည်။

မနက်ပိုင်းတုန်းက အောင်စိုးကြီးလက်ချက်နှင့် သေဆုံးသူကို သွားရောက်ကြည့်ကြသည်။ မနက်စာထမင်းစားပြီးမှ စံအိမ်ကြီးကို ထွက်လာကြသည်။ နေက ကျဲကျဲတောက်ပူနေသည်။ သီဟတို့အဖွဲ့က ပျော်ရွှင်နေကြသည်။

"ဟဲ့ နန္ဒ နင်တို့ရွာက ဘာလိုအဲဒီလိုဖြစ်နေရတာလဲ"

"ငါတို့လဲ ဘယ်သိပါ့မလဲဟာ။ ငါတို့အသက်ဒီအရွယ်ရောက်ပြီ တစ်ခါမှ မကြုံဘူးသေးဘူး"

"ဒီလူအခုလိုလုပ်တယ်ဆိုတာ မုန်းတီးမှုကြောင့်ပဲဖြစ်ရမယ်"

"သဥ္ဇာစကားကိုတော့ ငါထောက်ခံတယ်ဟာ၊ ဒီလူဟာ နင်တို့ရွာကို တော်တော်နာကြည်းမုန်းတီးနေလို့ အခုလိုလုပ်နေတာပဲ ဖြစ်ရမယ်"

"နင်တို့ပြောတာကို လက်ခံပါတယ်။ ခက်နေတာက ငါတို့ရွာသားတွေဟာ ဘယ်ရွာကိုမှ ပြဿနာမရှာတတ်ကြဘူး။ ငါ့အထင်ပြောရရင် ငါတို့ရွာကလူတစ်ယောက် သေချာပေါက်ပါနေတယ်"

"အဲဒါလဲစဉ်းစားစရာတစ်ခုပဲ"

"ဒါနဲ့ အဲဒီလူကိုဖမ်းဆီးတဲ့ အောင်စိုးကြီးဆိုတာ နင်တို့ရွာက မဟုတ်ဘူးလား"

"မဟုတ်ဘူး။ အဗျားရွာက"

"ဒီလူက တော်တော် သတ္တိကောင်းတဲ့ပုံပဲ"

"နာမည်အရင်ထက် သူ့ကိုသူ့ရဲဝံ့လို့လဲခေါ်ကြသေးတယ်"





"ဟင် သရဲဝံ့"

သဥ္ဇာတို့ဝတီတို့အဖွဲ့ ရယ်လိုက်ကြသည်။ နန္ဒစကားသည် ၎င်းတို့အတွက် ရယ်စရာဖြစ်နေသည်။ လူငယ်တွေဖြစ်နေကြ၍ အရာရာကိုအလွယ်တကူပဲ ဖြတ်သန်းကြ၏။ ၎င်းတို့စံအိမ်ကြီးကိုသွားတာကို ရွာသားများက ထွက်ပြီးကြည့်ကြသည်။ တောနေသူတို့သည် မြို့သားမြို့သူတွေကို လူထူးဆန်းတွေလို့ ထင်မှတ်ကြသည်။

"ဒါနဲ့ ဘာဖြစ်လို့ သရဲဝံ့လို့ခေါ်တာလဲ"

"သရဲကိုတုတ်နဲ့ရိုက်လို့ သရဲကနေစရာမရှိအောင် ကြောက်ပြီး ငိုတာတဲ့"

"သူ့ပုံစံကို နင်တို့လည်း တွေ့တယ်မဟုတ်လား"

"အေးဟယ် သူ့ပုံစံကလည်း တကယ့်ကိုလုပ်မယ့်ပုံစံပဲ"

"ဝတီကလည်းဟာ တကယ်လုပ်လို့အခုလိုခေါ်ကြတာပေါ့"

၎င်းတို့သည် စံအိမ်ကြီးကို သွားနေကြပေမယ့်။

လမ်းမှာ ကောင်းစွာအနားယူကြသည်။ လမ်းဘေးတွင် ကုက္ကိုပင်၊ ဇီးပင်၊ ထိန်ပင်၊ ပေါက်ပင်များ ရှိသည်။ သဥ္ဇာနှင့်ဝတီတို့က ပေါက်ပွင့်များကိုလိုချင်တယ် တောင်းဆိုကြ၍ ၎င်းတို့ ကောက်ပေးရသည်။ ဇီးသီးများကို ကောက်ပေးရသည်။ ဇီးချိုပင်က ဇီးသီးများတို့လည်း ကောက်ပေးရသည်။ သူမတို့ကဇီးသီးများကို အပင်အောက်မှာ ထိုင်ပြီးစားနေကြသည်။

"ဝတီတို့သွားကြမယ် အပြန်နောက်ကျနေဦးမယ်"

"အေးဆေးပါဟာ ဒီနေရာက နီးနီးလေးပါ။ ငါတို့က မနက်ဖြန်တို့ပြန်ရတော့မှာဆိုတော့ နောက်တစ်ခေါက် ပြန်လာဖို့ဆိုတာ သေချာဘူး"

"လာချင်ရင် အနီးလေးပါဟာ"

"ဟုတ်ပါတယ်ဟာ သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖိမ်မရှိလိုက်တာဟာ နင်တို့ကလဲ"

ဝတီ စကားဖြစ်သည်။ မြို့သူဖြစ်နေ၍ အရာရာကို အေးအေးဆေးဆေး စွာဖြတ်သန်းချင်တာ အမှန်ဖြစ်သည်။ တောရွာများရဲ့ဝလေ့ကိုတော့ ပြောရခတ်နေသည်။

"ဒီလောက်ဖိမ်ခံချင်ရင် စံအိမ်ကြီးရောက်မှခံပေတော့။ အဲဒီမှာ နေချင်ရင်လည်းထားခဲ့မယ်"

"နေခဲ့မယ် ဘာဖြစ်လဲ၊ ငါကလည်း အဲဒီလို စံအိမ်ကြီးရဲ့ ဘုရင်မဖြစ်ချင်နေတာ။ ငါဘုရင်မဖြစ်ရင် နင်တို့ကငါ့ရဲ့ ကိုယ်ရံတော်တွေပေါ့ဟာ"

"အောင်မာ မလုပ်နိုင်ပါဘူးနော်"

"နင်ကပဲ နာတယ်ရှိသေး ဒီလိုကိုယ်ရံတော်လုပ်ဖို့ဆိုတာ လွယ်တာမှတ်လို့၊ လုပ်ချင်တဲ့သူတွေ သိန်းပေါင်းများစွာရှိတယ်။ နင့်ကို သူငယ်ချင်းအရင်းတွေဖြစ်လို့ ဒီအခွင့်အရေးပေးလိုက်တာနော်"

"ကောင်မစုတ်"

ဝတီသည် ဝန်ကတော်၊ ဘုရင်မကြီးအဖြင့် သတ်မှတ်နေသည်။ တစ်ခါတစ်ခါ သူငယ်ချင်းတွေနဲ့တွေ့လို့ စကားပြောကြတဲ့ အခါ ပန်တွာဘုရင်မဝင်စားတာ၊ ပန်တွာဘုရင်မကြီး ဖြစ်ခဲ့ဖူးကြောင်း ပြောလေ့ရှိသည်။ သူငယ်ချင်းတွေက ဝတီပြောတာ နားထောင်ပြီး ရယ်မောလှောင်ပြောင်ကြသည်။ ဝတီရဲ့စိတ်ကူးသည် သူငယ်ချင်းတွေ ထက် လွန်စွာကွာခြားနေသည်။ သီဟတို့ ယောကျ်ားလေးသုံးယောက် ရှေ့ကထွက်သွားကြသည်။ ဝတီတို့နှစ်ယောက် အနောက်ကလိုက် လာကြသည်။ အချိန်သည် တဖြည်းဖြည်းနှင့် ပြောင်းရွှေ့နေသည်။ စက္ကန့်များ ရွေ့လျားနေသည် မိနစ်မှနာရီတွေကို ကူးပြောင်းနေသည်။ အိမ်ကထွက်လာတာ မွန်းလွဲတစ်နာရီကျော်။ ယခုနှစ်နာရီကျော်ပြီ စံအိမ်ကြီးကို ရောက်ရှိခြင်းမရှိသေး။ လမ်းမှာသာ အချိန်တွေကုန်နေ





ကြသည်။ ရွာကထွက်လာချိန်ကစပြီး လမ်းမှာမနားကြဘူးဆိုလျှင် စံအိမ်ကြီးကိုလေ့လာပြီး အိမ်ကိုပြန်ဖို့ အဆင်သင့်ဖြစ်နေလောက်ပြီ။ ယခုတော့ စံအိမ်ကြီးရဲ့ခြံအစကို စတင်ရောက်ရှိရုံသာဖြစ်သည်။

"မြန်မြန်လာကြပါဟာ"

"အေးဆေးပါဟာ"

"အပြန်နောက်ကျရင် လူကြီးတွေ စိုးရိမ်နေကြလိမ့်မယ်"

"ငါတို့က ကလေးတွေမှ မဟုတ်ပဲ"

"ဟုတ်ဟုတ် မဟုတ်ဟုတ် မြန်မြန်လာကြဟာ"

'အေးလာပါပြီဟာ တကတဲ"

နန္ဒစကားကို လက်ခံပြီး ခပ်သွက်သွက် လျှောက်လှမ်းကြသည်။ နန္ဒသည် စိတ်မြန်သည်။ ဘယ်အရာကိုမှ လွယ်ကူတယ်လို့ မသတ်မှတ် ခက်ခဲတယ်ဟု သတ်မှတ်ထားသည်။ ထို့ကြောင့် ၎င်းစကားကို လက်မခံရင် စိတ်ဆိုးဒေါသထွက်တတ်သည်။ နန္ဒတို့ စံအိမ်ကြီးရဲ့ ခြံဝမှာရပ်စောင့်နေသည်။ ဝတီတို့အနားကို ရောက်လာသည်။ ခြံဝကနေ စံအိမ်ကြီးကို ကြည့်လိုက်ကြသည်။

"ဟာ နန်းတော်ကြီးလိုပါပဲ"

"တစ်ချိန်တုန်းဘဝက ငါတို့နေထိုင်ခဲ့တဲ့ နန်းတော်ကြီးက အဲဒါမျိုးပေါ့ဟာ"

"ဒီအရူးက တစ်မျောင့်"

ဝဏ္ဏရဲ့အသံဖြစ်သည်။ ဝတီသည် ဝဏ္ဏကိုမကျေနပ်စွာကြည့်လိုက်သည်။ စိတ်ထဲမှာတော့ ပျော်ရွှင်ကျေနပ်နေသည်။ စံအိမ်ကြီးသည် နန်းတော်ကြီးတစ်ခုလို ကြီးကျယ်ခန့်ညားနေသည်။ ဘုံ အဆင့်ဆင့် တန်ဆောင်တို့ပန်းတွေနှင့် တပ်ဆင်ထားသည်။

ထို့အတူ စံအိမ်ကြီးက ကြီးကျယ်ခန့်ညားသလို မြေကြီးကလည်း ကေဆယ့်ငါးလောက် ကျယ်ဝန်းလှသည်။ ခြံကြီးကို ကြိုးတား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အပင်ကြီးများရှိသည်။ ခြံရဲ့ကွက်လပ်များမှာ အခြားအပင်များစွာ နှင့် ခြုံနွယ်တွေနဲ့ ရှုပ်ထွေးမှုများစွာရှိနေသည်။ လူတွေမနေတာကြာ ပြီဖြစ်တဲ့အတွက် ခြုံနွယ်တွေ စံအိမ်ကြီးရဲ့အပေါ်ကိုတက်နေသည်။

"သီဟ"

"ဟင် ဘာလဲဝတီ"

"ဒီစံအိမ်ကြီးကို မရှင်းလင်းဘူးလား"

"ရှင်းလင်းပေးတာပေါ့ဟာ၊ ဒါပေမယ့် အမြဲတော့မဟုတ်ဘူး။ နှစ်စဉ်နယုန်လတိုင်း ရှင်းလင်းပေးတယ်"

"ဘာ့ကြောင့် အဲ့ဒီနေ့ကိုသတ်မှတ်ပြီး ရှင်းတာလဲ"

"လူကြီးတွေပြောတာပဲ။ စံအိမ်ကြီးရဲ့ စတုတ္ထသမီးတော် မွေးနေ့ကို သတ်မှတ်ပြီးရှင်းတာတဲ့။ ဒါဟာ စံအိမ်ကြီးမိသားစုရှိစဉ် ကလည်း အဲဒီနေ့ပဲရှင်းတယ်။ အဲဒီနေ့မှာ ရွာသားတွေကို ကျွေးမွေး တယ်။ အခုရွာကလည်း အဲဒီလိုပဲ ပြုလုပ်ပေးတယ်"

"စတုတ္ထသမီးတော်က လူတွေအတွက် ထူးဆန်းတဲ့သူ တစ်ယောက်ဖြစ်နေလို့လား"

"လွန်စွာထူးဆန်းတယ်လို့ ပြောကြတယ်။ စတုတ္ထသမီးတော် ဟာ နတ်သမီးသမျှချောတယ်။ လွန်စွာသဘောကောင်းတယ်။ ရွာ သားတွေအပါအဝင် လူသားအားလုံးကို ချစ်ခင်ပြီး ကူညီကြတယ်။ အားလုံးက စတုတ္ထသမီးတော်ကို ချစ်ခင်မြတ်နိုး လေးစားကြတယ်။ ထူးဆန်းတာက စတုတ္ထသမီးတော်ဟာ အသက်နှစ်ဆယ်အရွယ်မှာ စံအိမ်ကြီးကနေ ပျောက်ဆုံးသွားတယ်"

"ဟယ်"

"ထူးဆန်းလိုက်တာနော်"

"ဒါနဲ့ စတုတ္ထသမီးတော်က ဘယ်ရောက်သွားသလဲ"

"တိတိကျကျ ဘယ်သူမှမသိဘူး။ တစ်ချို့က ဘုံဘေမှာတွေ့





တယ်။ တစ်ချို့ကရွှေမော်ဓောမှာ တစ်ချို့ကအေးစွန်းပါမှာ ယောဂီအဖြစ် နဲ့တွေ့တယ်ပြောတယ်။ ဘာမှ တိတိကျကျမရှိဘူး။ စတုတ္ထသမီးတော် ပျောက်ဆုံးပြီး (၂) နှစ်ပြည့်တဲ့ည (၁၂) နာရီမှာ စံအိမ်ကြီးမှာ ဆူညံ တဲ့အော်သံငိုသံတွေ ကြားရတယ်။ မနက်လင်းလို့ ရွာလူကြီးတွေက စံအိမ်ကြီးကို သွားရောက်ကြည့်တော့လူတွေ တစ်ယောက်မှမရှိ တော့ဘူး။ သွေးစတွေပဲတွေ့ရတယ်လို့ ပြောသံကြားဖူးတယ်"

"ပုံပြင်တစ်ပုဒ်လိုပဲနော်"

"အဲဒီလိုပဲ ပြောရမှာပဲပေါ့"

စကားပြောရင်းနှင့် လျှောက်လှမ်းလာကြသည်။

စံအိမ်ကြီးအစကို ရောက်လာသည်။ အပေါ်ကို ရုတ်တရက် မတက်ကြသေးပေ။ ကျွန်းလှေကားကြီးကို ကြည့်နေကြသည်။ လှေကားရှိပေမယ့် စံအိမ်ကြီးကသိပ်မမြင့် လှေကားငါးထစ်ပဲရှိသည်။ ယခုရောက်ရှိနေတဲ့ လှေကားအပါ အဝင်လှေကား ခုနစ်ခုရှိသည်။

"ကဲ အပေါ်တက်ကြမယ်"

စံအိမ်ကြီးသည် လွန်စွာတိတ်ဆိတ်နေသည်။ လူမနေတာ ကြာပြီမို့ ဖုန်မှုန့်များလိမ့်တတ်နေသည်။ ဝတီသည် အနောက်တွင် လိုက်တက်လာသည်။ စတုတ္ထသမီးတော်ရဲ့ရုပ်ပုံစံ အိမ်ကြီးအတွင်းမှာ ရှိနေရင်ကောင်းမှာပဲဟု ထင်မှတ်နေသည်။ သီဟပြောပြလိုက်တဲ့ စတုတ္ထသမီးကို စိတ်ဝင်စားနေသည်။ သူသာ စတုတ္ထသမီးတော်ဖြစ်ခဲ့မှ လေသလား။ စံအိမ်ကြီးအပေါ် တက်တဲ့လှေကားကို တွန်းဖွင့်လိုက်သည်။ ကျိုးဟုအသံများ ထွက်ပေါ်လာသည်။ အရာဝတ္ထုများပြေးကုန်သလို ထင်မှတ်မိသည်။ အားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မိကြသည်။ အကြည့်များမှာ လွန်စွာအဓိပ္ပါယ်ပါနေသည်။

"ဒီစံအိမ်မှာ လူရှိလားသီဟ"

"ဘယ်ကလူရှိရမှာလဲ သဇ္ဇာရာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြေသံကြားသလိုပဲ"

"ငါလဲ အဲဒီလိုပဲထင်တယ်"

"နင်တို့ကလည်းဟာ မဟုတ်တာ"

အားလုံးသည် စံအိမ်ကြီးရဲ့နေရာအနှံ့ကို ကြည့်လိုက်ကြ၏။ လွန်စွာတိတ်ဆိတ်နေ၏။ ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာသည်။ ကြက်သီးဘုများ ထလာကုန်သည်။ စိတ်ထဲတွင် အရာတစ်ခု ကြည့်နေသလို ထင်မှတ်မိကြသည်။ စံအိမ်ကြီးအတွင်း လွန်စွာ ခန့်ညားနေသည်။ နံရံတွင် ပန်းချီကားကြီးများ ချိတ်ဆွဲထားသည်။ စံအိမ်ကြီးရဲ့ တိုင်များသည် ကျွန်းလုံးတိုင်ကြီးများဖြစ်သည်။ ထိုတိုင်ကြီးများကို ကနုတ်များဖြင့် အလှဆင်ထားသည်။

"ဟဲ့ ဝတီကြည့်စမ်း တိုင်လုံးကြီးများမှာထွင်းထားတဲ့ ပန်းတွေကအလွန်ပဲ လက်ရာမြောက်တယ်နော်"

"အေးဟယ်"

"ဟဲ့ နင်တို့နှစ်ယောက် အဲဒီမှာ ဘာလုပ်နေကြတာလဲ"

သဥ္ဇာနှင့် ဝတီတို့သည် တိုင်ကြီးကိုစိတ်ဝင်စားစွာ ကြည့်နေသည်။ နန္ဒတို့ယောက်ျားလေးသုံးယောက်က ခပ်ဝေးဝေးကို ရောက်ကုန်ကြသည်။ နန္ဒခေါ်မှ သတိရလာသည်။ သဥ္ဇာတို့သည် သွက်လက်စွာ လျှောက်လှမ်းသွားကြသည်။

စံအိမ်ကြီးသည် အခန်းပေါင်းများစွာဖြင့် တည်ဆောက်ထားသည်။ ယခုရောက်ရှိနေသည်မှာ အိမ်မကြီးအခန်းဖြစ်သည်။

"ဒါက စံအိမ်သခင်ကြီးပုံ။ သူ့ဘေးက သခင်မကြီးရဲ့ ပုံပဲ"

သီဟက ပန်းပုပုံကြီးများကို ပြလိုက်သည်။ သခင်ကြီးတို့ ဇနီးမောင်နှံသည် ပဆစ်တုတ် (မိန်းကလေး) ပုံဖြင့် တိုင်နေကြသည်။ ပန်းပုရုပ် ထုများသည် လွန်စွာလက်ရာမြောက်သည်။ ကျွန်းသစ်များဖြင့် ပြုလုပ်ထားသည်။





"သခင်ကြီးက တကယ်ခန့်တယ်ဟာနော်"

"ကတော်ကြီးကရော ချောပါတယ်"

"မင်းမျိုးမင်းနွယ်တော်တွေပဲဟာ ပန်းပုဆရာကလည်း လက်ရာမြောက်ပါတယ်"

"ဟို့ ပုံက စတုဗ္ဗသမီးတော်ရဲ့ပုံပဲ"

နန္ဒကပြလိုက်သည်။

အားလုံးသည် စတုဗ္ဗသမီးတော်ရဲ့ပုံကို ကြည့်လိုက်ကြသည်။ အစပထမထည်းက စိတ်ဝင်စားနေကြတာ ယခုပြလိုက်တော့ ပိုပြီး စိတ်ဝင်စားသွားသည်။

"ဟာ တော်တော်ချောတာပဲ"

"ဟုတ်တယ်နော်။ ရာဇဝင်ထဲက ချောတယ်ဆိုတာ ဒါမျိုးတိုပြောတာလားမသိဘူး"

စတုဗ္ဗသမီးတော်သည် ထိုင်မသိမ်းကို ကိုင်ပြီးရပ်နေသည်။ ရုတ်တရက်ကြည့်လျှင် လူတစ်ယောက်ရပ်နေသလို အသက်ဝင်နေသည်။ ဝတီနှင့် သဥ္ဇာတို့သည် စတုဗ္ဗသမီးတော်ကို သေချာကြည့်နေကြသည်။ စိတ်ထဲမှာလည်း ကျေနပ်နေကြသည်။

"ဟား အမလေး"

ဝတီသည် ရုတ်တရက်အနောက်ဆုတ်လိုက်သည်။ ကြောက်စိတ်များလွှမ်းမိုးသွားသည်။ ဝတီရဲ့လုပ်ရပ်ကိုအားလုံး အံ့သြကုန်ကြသည်။

"ဝတီဘာဖြစ်တာလဲ"

"ငါ့ကို မျက်လုံးပြူးပြတယ်"

"မဟုတ်တာပဲဟာ သူကအသက်မဲ့အရုပ်တစ်ရုပ်ပဲ"

"ငါပြောတာကို ယုံပါဟာ"

"ဒါတွေထားလိုက်ပါဟာ ဟိုဘက်သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒကစကားစကို ဖြတ်လိုက်သည်။ ထိုသို့ပြောလိုက်ရသည်မှာ ထိန်လန့်ကုန်မှာကို စိုးရိမ်လို့သာဖြစ်သည်။ ၎င်းတို့သည် အရုပ်များကို ကျော်ပြီး ဘုရားခန်းဘက်ကို သွားနေကြသည်။

"ကျီး.... ကျွမ်း"

"ဟာ အမလေး"

သဇ္ဇာသည် အနီးရှိဝဏ္ဏကို အနောက်ကနေ ဖတ်ထားလိုက်သည်။

"ဟာ ဘယ်လိုဖြစ်တာလဲ"

"ဟို ဟို ဟိုမှာ"

"တံခါးပိတ်သွားတာပါ"

"မဟုတ်ဘူး မဟုတ်ဘူး သရဲ သရဲ"

"ဒီမှာဘာသရဲမှမရှိပါဘူးဟာ"

"ငါတွေ့လိုက်တယ် မည်းမည်းကြီး အောက်ကိုဆင်းသွားတယ်"

"မဟုတ်တာပဲဟာ"

သဇ္ဇာပြောတာကို လက်မခံကြပေ။ စိတ်ထဲကဖြစ်ပေါ်လာသည်ဟု ထင်မှတ်နေကြသည်။ သဇ္ဇာစကားကို ဝတီကလည်း ထောက်ခံနေသည်။ ထိုရွာမှာနေထိုင်လာသည်မှာ နှစ်အတန်ကြာခဲ့ပြီ။ စံအိမ်ကြီးမှာ သရဲရှိတယ်ဆိုတာ လက်ခံနိုင်စရာမရှိဟု ထင်မှတ်နေသည်။ ဝတီတို့ပြောသလို စိတ်ကြောင့်ဟု ထင်မှတ်နေမိသည်။

"ငါကိုလွှတ်ပါတော့ဟာ"

"အေးလေဟာ နင်ကလည်း သဲလွန်းတယ်"

ဝတီစကားကြောင့် သဇ္ဇာရှက်ရွံ့သွားသည်။ ဖက်ထားတာလေးကို လွှတ်လိုက်သည်။ နှုတ်ခမ်းလေး မသိမသာစူသွားသည်။ တကယ်တော့ သဇ္ဇာသည် ဝဏ္ဏကိုတစ်ဖက်သတ် စိတ်ဝင်စားနေသည်။

ထိုရွာကိုလာရောက်ရသည်မှာ ဝဏ္ဏကြောင့်ဖြစ်သည်။ ဝဏ္ဏသည် သဇ္ဇာကို လိုက်ခဲ့ရန်ခေါ်ခဲ့သည်။ အစကသဇ္ဇာသည် ထိုရွာကိုလိုက်ရန် ငြင်းဆန်သည်။ ဝတီကရွာကို အလယ်လိုက်ချင်၍ ဝဏ္ဏက အဆင့်သဇ္ဇာကိုခေါ်သည်။ ဝဏ္ဏသည် သဇ္ဇာကို ဂရုစိုက်သည်။ ထိုဂရုစိုက်မှုကို သာယာနေတတ်သည်။ ဝဏ္ဏက ချစ်ရေးဆိုလာမလားဟု မျှော်လင့်နေမိသည်။

၎င်းတို့သည် ဘုရားခန်းအတွင်းသို့ ရောက်ရှိလာကြသည်။ ဘုရားခန်းသည် လွန်စွာခန့်ညားသည်။ စေတီများက သပ်ပယ်လှသည်။ ဘုရားစင်တွင် ပန်းအိုးကြီးများ သောက်တော် ရေခွက်များရှိနေသည်။ ဘုရားစင်ကြီးကိုလှပအောင် ဇာပန်းလိုက်ကာကြီး ရှိသည်။ ပင့်ကူအိမ်များက ရှုပ်ထွေးနေသည်။

"ဒီပန်းအိုးတွေ စေတီတော်တွေ ဘာမှမဖြစ်ဘူးနော်"

"ဘာဖြစ်ရမှာလဲဟာ"

"မခိုးယူကြဘူးလားလို့ မေးတာမဟုတ်လား"

"အေး ဟုတ်တယ်"

"ဘယ်သူမှမခိုးကြဘူးဟ ဒီရွာမှာခိုးတဲ့သူဆိုတာမရှိဘူး"

"ကောင်းလိုက်တာနော်"

"ဟဲ့ ဟိုမှာ လိုက်ကာကြီးလှုပ်နေတယ်"

"အေး ဟုတ်တယ်"

"လေတိုက်လို့ပါဟာ"

သီဟစကားကြောင့် ပြောလက်စတွေရပ်ကုန်သည်။ ဘုရားစင်ရဲ့ လိုက်ကာသည် လှုပ်ရမ်းနေသည်။ ပင့်ကူအိမ်များလည်း လှုပ်ရမ်းနေသည်။

"လာ ဟိုဘက်ကိုသွားကြည့်ကြမယ်"

ဘုရားခန်းက ထွက်လိုက်ကြသည်။ တစ်ဖက်အခန်းကို ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်နေသည်။

"ကျို ကျို ဝိုး ဝိုး"

လင်းနို့ကောင်များသည် တစ်နေရာက ပြန်ထွက်လာသည်။ လင်းနို့များမှာ အနီကောင်အဝါကောင်များဖြစ်သည်။ ၎င်းတို့က အပေါ်ဝဲပျံနေသည်။ သဠာနှင့်ဝတီတို့ ကြောက်ရွံ့နေကြသည်။

"ဟာ ဘာကောင်တွေလဲ"

"အဲဒါ လင်းနို့ကောင်တွေ"

"အနီအဝါတွေပါလား။ တစ်ခါမှမတွေ့ဘူးဖူး"

"ဒီမှာနေတာကြာလို့ အဲဒီလိုဖြစ်ကုန်တာ"

"ထူးဆန်းတယ်နော်"

"ငါတို့က ရိုးနေပါပြီဟာ"

လင်းနို့ကောင်များသည် လေပေါ်မှာဝဲပျံနေသည်။ တစ်ချို့ လင်းနို့ကောင်များက လူများကို သုတ်ချိုကိုက်ခဲရန်ကြိုးစားနေသည်။ သီဟနှင့်နန္ဒတို့သည် ပျံသန်းနေတဲ့လင်းနို့များကို လိုက်ရိုက်နေသည်။ ထိုကဲ့သို့ ထူးဆန်းတဲ့အကောင်တွေကြောင့် ဝတီတို့အဖွဲ့ ထိတ်လန့်နေကြသည်။

"ဟာ ဟိုမှာ ဟိုမှာ"

"ဘာလဲဟာ"

"သရဲ သရဲ"

"ဟာ ဝတီကလဲ မဟုတ်တာ"

ဝတီကို အပြစ်တင်ကြသည်။ ဝတီသည် မည်းမည်းအရာ ဝတ္ထုပြတ်သန်းသွားတာကို သေချာမြင်လိုက်ရသည်။

ထိုအချိန်တွင် သခင်ကြီးနှင့်ကတော်တို့ အိပ်စက်အနားယူကြတဲ့ အခန်းကိုဝင်လိုက်ကြသည်။





# အခန်း ၊ ၁၆



အခန်းတွင်းမှ ကြောင်နက်

"ဟာ အမလေး"

"အား သေပါပြီ"

အိပ်ခန်းထဲကို ဝင်ရောက်လိုက်တာနှင့် တုန်လှုပ်ဖွယ်ဖြစ်ရပ်များဖြင့် ကြုံတွေ့လိုက်ရသည်။

ဖြစ်ရပ်မှာ အခန်းထဲရှိစောင်များ လေပေါ်လွင့်တက်သွားကြသည်။ ၎င်းတို့သည် အနောက်ကို ယိမ်းယိုင်ပြီးနံရံတွင် သွားကပ်နေကြသည်။

သီဟတို့သည် စောင်များကိုကြည့်နေသည်။ စောင်များသည်

လေပေါ်ဝဲနေသည်။ ထိုမြင်ကွင်းကို လွန်စွာထိတ်လန့် တုန်လှုပ်နေကြသည်။ ကြောက်ရွံ့မှုများ ထွက်ကျနေသည်။ စောင်များမည်သည့်အတွက်ကြောင့် ဝဲပျံနေသည်ဆိုတာ အဖြေရှာမရအောင်ဖြစ်နေသည်။

"ဂျို"

"ကွီး"

"ဟာ"

အခန်းတံခါးပိတ်သွားသည်။ တိတ်ဆိတ်နေတဲ့ အချိန်သည် ထိုအသံကြောင့် ပိုဆိုးကုန်ကြသည်။

"နင်တို့ပြောတာနဲ့ တစ်ခြားစီပဲဟာ"

"ဘာမှ မဖြစ်ပါဘူးဟာ"

"နင့်စကားကလဲဟာ ငါတို့ကို အထင်သေးလိုက်တာ"

"သဉ္ဇာကလဲဟာ ဟုတ်သားပဲ"

ဝတီက ဝင်ရောက်ပြောလိုက်သည်။ သဉ္ဇာစိတ်ထဲမှာ ထိုစံအိမ်ကြီးတွင် သရဲတွေရှိနေသည်ဟု ထင်မှတ်နေသည်။

"ဟာ အမလေး ဘာတွေလဲမသိဘူး"

ဝတီအော်လိုက်ပြီး လက်နှစ်ဖက်ရှေ့ကို ဆန့်တန်းလိုက်သည်။ လက်များတွင် အစွဲအငြိများ ပေကျံကုန်သည်။

လက်တွေ တစ်ဆတ်ဆတ် ဆတ်တုန်လှုပ်နေသည်။ မျက်နှာက ရှုံ့မဲ့နေသည်။ နန္ဒသည် ဝတီ အနားတွင်တိုးကပ်လိုက်သည်။ ပေကျံနေတာတွေကို အကျီနှင့် သုတ်ပေးလိုက်သည်။ ထိုသို့လုပ်ပေးတာကို ငြိမ်သက်နေသည်။ စိတ်ထဲတွင် ကြောက်ရွံ့နေသည်။

"ကိုသီဟ စောင်တွေလေပေါ်လွင့်နေတာ မရိုးသားဘူးနော်"

"ကျွန်တော်သိလိုစဉ်းစားတယ်။ အဲဒီစောင်တွေကို ဖမ်းကြမယ်ဗျာ"

"ကောင်းတယ်ဗျာ။ ကျွန်တော်နဲ့ကိုသီဟ အဲဒီစောင်တွေကို





ဖမ်းကြမယ်"

"အဲဒါကောင်းတယ်"

ဝဏ္ဏနဲ့သီဟတို့လေပေါ်မှာလွင့်နေတဲ့ စောင်ကိုဖမ်းရန် ကြိုးစားနေသည်။ နန္ဒနဲ့ သဉ္ဇာတို့က စိုးရိမ်စွာကြည့်နေသည်။ မလှုပ်ကြရန်အထန်တန် တားနေကြသည်။

ဝဏ္ဏတို့က လက်မခံ။ လုပ်ဖို့ကိုသာ ကြိုးစားနေသည်။

"ဖျန်း"

"ဟာ"

"ဟင်"

အားလုံးအတွက် အံ့ဩစရာဖြစ်ကုန်သည်။ လေပေါ်လွင့်နေတဲ့ စောင်ကိုကျတစ်ဖိုက်ကြည့်နေချိန်တွင် ရုတ်တရက်ရေနှင့် အပက်ခံလိုက်ရသည်။ အခန်းတစ်ခုလုံးရွှဲရွှဲစိုကုန်သည်။

ငင်းတို့ ရေစိုကြပေမယ့် သဉ္ဇာကပိုရွှဲဆိုးသွားသည်။

"ရေနဲ့ပက်တယ် ဒါကလူဖြစ်နိုင်တယ်"

"ထွက်ကြမယ်ကွာ"

"ဟုတ်တယ် ထွက်ကြမယ် လာသဉ္ဇာ"

ဝဏ္ဏသည် သဉ္ဇာလက်ကိုဆွဲလိုက်သည်။ သဉ္ဇာသည် ဝဏ္ဏနောက်ကို လိုက်ပါသွားသည်။ နန္ဒက ဝတီကိုခေါ်ထွက်လိုက်သည်။

"ဟာ ဟိုမှာ"

"အေး အေး ဟုတ်တယ်"

မည်းမည်းအကောင်ကြီးကို ရုတ်တရက် တွေ့လိုက်ရသည်။ ၎င်းသည် ဘယ်မှာပျောက်သွားမှန်းမသိအောင် ဖြစ်သွားသည်။ ဘာဆက်လုပ်မလဲ မေးကြသည်။

ရောက်တုန်း အကုန်ကြည့်မည်ဟု ဆုံးဖြတ်ကြသည်။ စံအိမ်ကြီးသည် အခန်းပေါင်းများစွာရှိနေသည်။ တစ်ယောက်ခြင်းမခွဲကြရ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ ငါးယောက်စုလိုက်ကြသည်။

အခန်းတစ်ခုအတွင်းကိုရောက်ရှိသွားသည်။

အခန်းတံခါး ကို ဖွင့်လိုက်သည်။

"ဟာ"

"အမလေး"

"ဝုန်း"

အထိတ်တလန့် ထွက်ပြေးကုန်ကြသည်။

အခန်းကို ဖွင့်လိုက်သည်။ ကြောက်စရာကောင်းတဲ့ အကောင်ကြီးကို တွေ့လိုက်သည်။ အကောင်ကြီးသည် အခန်းတွင်းမှာ မတ်တပ်အနေအထား ဖြစ်နေသည်။ အကောင်ကြီးကို တွေ့လိုက်ရပြီး ထိုကဲ့သို့ အော်လိုက်ခြင်းသာဖြစ်သည်။

ခြေလှမ်းများ တုန့်ဆိုင်းရပ်ကုန်ကြသည်။ အကောင်ကြီးကို နောက်ကျောက တွေ့လိုက်သည်။ မျက်နှာကိုသာ မြင်တွေ့ရလျှင် ထိုနေရာမှာ အသက်သေဆုံးနိုင်သည်။

"ဟဲ့ ငါတို့ဘာလုပ်ကြမလဲ"

"နေစမ်းပါဦးဟာ ငါအထင်တော့ ရုပ်ထုကြီးဖြစ်မယ်။ နင်တို့ ဒီမှာနေဦး ငါအထဲဝင်ကြည့်လိုက်ဦးမယ်"

"သီလ အတင့်မရဲနဲ့"

"အေးပါဟာ နင်တို့အသာနေစမ်းပါ ငါသွားကြည့်မယ်"

"သီဟ ငါ လိုက်မယ်"

"ဝဏ္ဏ မလိုက်သွားနဲ့"

သဥ္ဇာကဝဏ္ဏလက်ကို စိုးရိမ်စွာဖြင့် လှမ်းဆွဲလိုက်သည်။ ဝဏ္ဏခြေတစ်လှမ်းအနောက်ကို ယိမ်းယိုင်သွားသည်။ တစ်ခြားလူ တွေက သဥ္ဇာရဲ့လုပ်ရပ်ကို အံ့ဩကုန်ကြသည်။

"မင်းတို့ အဲဒီမှာနေခဲ့ကြ"





သီဟအခန်းတွင်းကို ဝင်လိုက်သည်။

သူငယ်ချင်းများက သတိထားရန်ပြောလိုက်ကြသည်။

သဥ္ဇာသည် ဝဏ္ဏလက်ကိုဆွဲထားပြီး ထွက်ပြေးရန်ပြောလိုက် ပေမဲ့လက်မခံသလို ဝတီကနန္ဒကို အားကိုးတကြီးဆုတ်ကိုင်ထားသည်။

သီဟကတော့ အခန်းအတွင်းက မည်းမည်းအကောင်ကြီး ရှိရာကို သွားနေသည်။ အခန်းအပြင်မှာရပ်နေသူတွေက ရင်ဗိုနေသည် အခန်းတွင်းက တစ်ခုခုလုပ်လိုက်လျှင် အခက်ကြုံနိုင်သည်။ သတိကြီး စွာ အကောင်ကြီးအနား တစ်ဖြည်းဖြည်းချည်း ကပ်နေသည်။

"ဝေါင်း"

"အား"

"အမလေး"

ထွက်ပေါ်လာတဲ့အသံကြောင့် အထိတ်တလန့်ဖြစ်ပြီး ဝဏ္ဏနှင့် သဥ္ဇာတို့ထွက်ပြေးသွားသည်။ သီဟသည် ထိုနေရာတွင်လဲကျ သွားသည်။ နန္ဒသည် အခန်းတွင်းမှသီဟရှိရာကိုပြေးဝင်သွားသည်။

သီဟသည် အကောင်ကြီးကို တိုက်ရန်ကြိုးစားသည်။ ရုတ် တရက် ကြောင်အနက်တစ်ကောင်ပြေးထွက်လာပြီး သီဟအား ကုတ် လိုက်သည်။

ကြောင်ရဲ့ကုတ်ခဲတိုက်ခိုက်မှု မခံရပေ။ ကြောင်နက်သည် ရုတ်တရက်ထွက်ပြေးသွားသည်။

နန္ဒသည် သီဟကိုထူလိုက်သည်။

"မင်း ဘာဖြစ်သွားလဲသီဟ"

"ငါဘာမှမဖြစ်ပါဘူးကွာ၊ ဒါနဲ့ ဝဏ္ဏတို့ရော"

"ဟာ မရှိကြတော့ဘူး"

စိုးရိမ်သွားကြသည်။ အခန်းအပြင်ဘက်တွင် တစ်ယောက်မှ မရှိကြတော့။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏနှင့် သဥ္စာတို့က ထွက်ပြေးသွားကြသည်။ အဲဒါကို နန္ဒတို့မသိကြသလို ဝတီဘယ်ရောက်သွားသည်ကိုလဲ မသိကြပေ။

''ဟာ ဘယ်လိုဖြစ်တာလဲ ထူးဆန်းလိုက်တာ''

''ငါတို့ဘာဆက်လုပ်မလဲသီဟ''

''လိုက်ရှာရမှာပေါ့ကွာ''

''ခက်တာပဲကွာ၊ သူတို့ကလည်း နယ်မြေမကျွမ်းဘဲနဲ့ ဒီကွ ရောက်ကုန်တော့မှာပဲ''

''ပြောမနေပါနဲ့ကွာ လိုက်ကြမယ်''





# အခန်း ၊ ၁၅



**စာန်တုန်ထင်းနေတော် စိတ်များ**

အချိန်သည် ညနေခြောက်နာရီ ထိုးခါနီးအချိန်ဖြစ်၍ နေလုံးကြီးကလည်း အနောက်ရပ်တွင်ဝင်ရောက်ပျောက်ကွယ်ရန် ဆဲဆဲဖြစ်နေသည်။ စံအိမ်ကြီးသည် အမှောင်ထုကိုစတင်နေသည်မှာ တစ်ခြားမဟုတ်၊ ခြံအတွင်းမှာရှိတဲ့အပင်ကြီးများကြောင့်ဖြစ်သည်။

''ဝဏ္ဏရေ''

''ဝဏ္ဏရေ''

''နင်တို့ဘယ်မှာလဲ''

အသံများက တိတ်ဆိတ်မှုကိုလွှမ်းမိုးထားသည်။ ပျောက်ဆုံးနေတဲ့ သူငယ်ချင်းညီသည်များကို ခေါ်နေသည်။ ဘယ်လိုမင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေမယ့် ပြန်လည်ထူးတဲ့အသံကို ကြားရခြင်းမရှိ၊ စိုးရိမ်ကြသည်။ ရှေ့မှာတဲ့အခန်းများကို ဝင်ထွက်ရှာဖွေနေသည်။

"နွဲ့"

"ဝေါင်း"

"ဘာလဲဟ"

ခြေလှမ်းများ ရုတ်တရက်ရပ်တန့်ကုန်သည်။ အသံလာရာ ကိုကြည့်လိုက်သည်။ စောစောကတွေ့လိုက်ရတဲ့ ကြောင်နက်က အခန်းထောင့်နားကနေပြီး မန်ဖီနေသည်။ နန္ဒတို့သည် ဓါးသများ ထွက်သွားသည်။ ထို့ကြောင့်ကြောင့် သူငယ်ချင်းများလူစုကွဲသွား သည်။ နန္ဒသည် အခန်းကိုဝေ့ပြီးကြည့်လိုက်သည်။ အခန်းနောက် တွင် ဝါးလုံးတစ်ပိုင်းတွေ့လိုက်သည်။ ဝါးလုံးပိုင်းကို ယူလိုက်သည်။

"ဒီတစ်ခါတော့ မင်းကိုအရှင်မထားတော့ဘူး"

"ဟော့ကောင် နန္ဒ သတိထား"

"စိတ်ချပါသီဟ မင်းသာအဲဒီကပိတ်ထား"

သီဟသည် စကားကိုလက်ခံပြီး အခန်းတံခါးကိုပိတ်လိုက် သည်။ နန္ဒသည် ဝါးရင်းတုတ်ကို တင်းကြပ်စွာဆုတ်ကိုင်ပြီး ကြောင် နက်ကြီးရှိရာဦးတည်နေသည်။ ဓါးသများလှုပ်မိုးနေသည်။

ဝတီနှင့် သူငယ်ချင်းတွေပျောက်သွားတာ ဒီအကောင်ကြောင့် ဟု သတ်မှတ်ထားသည်။ နန္ဒသည် အခန်းဒေါက်နားမှာ ရှိနေတဲ့ ကြောင်ကြီးကို ရိုက်ရန်ဦးတည်နေသည်။ သီဟသည် အခန်းတံခါး မှာရပ်ပြီး ရိုက်စရာတုတ်ရှာဖွေနေသည်။

"ဖျောင်း" "ဝုန်း" "ဝေါင်း"

ပြင်းထန်တဲ့ရိုက်ချက်ကြောင့် ကြောင်နက်ကြီး နာကျင်းစွာ ထအော်ပြီး ခြေဦးတည့်ရာပြေးနေသည်။ ကြောင်နက်ကြီးသည် တံခါးဝမှာ ရပ်နေတဲ့သီဟထံဦးတည်နေသည်။ သီဟသည် အနားကို





ရောက်လာတဲ့ကြောင်နက်ကို ဖြတ်ကန်လိုက်သည်။

"ကဲကွာ"

"ဝုန်း"

ကန်ချက်ကလွန်စွာပြင်းထန်သွားသည်။

လေပေါ်မှာလွင့်ပြီးတစ်ဖက်နံရံကို ဦးတဲ့ည့်နေသည်။ နန္ဒ သည် လေပေါ်လွှင့်နေတဲ့ ကြောင်ကိုတုတ်ဖြင့် ဖြတ်ရိုက်လိုက်သည်။ ရိုက်ချက်ကပြင်းထန်သည်။ မထိမိတာ ကံကောင်းသားဟုဆိုရပေ မယ့် ကန်ချက်ကြောင့် အထိနာသွားသည်။

"ရိုက် ရိုက်"ဟု သီဟသတိပေးလိုက်သည်။ကြမ်းပြင်ပေါ်ပြန်ကျ သည်နှင့် ရိုက်ချလိုက်သည်။ ကျယ်လောင်တဲ့အသံကြီး ထွက်ပေါ် လာသည် ကြောင်နက်ကြီးရဲ့ဦးခေါင်းကို ရိုက်မိသည်။

"အဲဒါ ဒုက္ခပေဦး"

"ကဲ နန္ဒ ဝဏ္ဏတို့ကို လိုက်ရှာကြမယ်"

ကြောင်ကြီးသည် ရိုက်ချက်ကြောင့် ထိုနေရာတွင် ပြီးပြတ် သွားသည်။ လက်ထဲမှာကိုင်ထားတဲ့ တုတ်ကိုပစ်ချပြီးအခန်းအပြင် ဘက်ကိုထွက်လာကြသည်။ စိတ်ထဲတွင် ဝဏ္ဏတို့ကိုစိုးရိမ်နေသည်။

ဝဏ္ဏနှင့် သဥ္ဇာတို့သည် အထိတ်တလန့်ပြေးရင်း လှေကား သစ်တစ်ခုအနားကို ရောက်ရှိသွားသည်။ သဥ္ဇာသည် ဝဏ္ဏလက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

"ဝဏ္ဏ ဖြည်းဖြည်းဆင်းပါဟာ ငါလိမ့်ကျတော့မယ်"

"အေးပါဟာ နင်ငါ့လက်ကို ဆွဲထားတယ်မဟုတ်လား"

"ငါ့ကြောက်လို့ပါ ဝဏ္ဏရယ်"

ဝဏ္ဏရဲ့လက်ကိုသာ တင်းကြပ်စွာဆွဲထားပေမယ့် ကြောက် စိတ်များက လှုပ်ခိုးနေသည်။ အသားများ တစ်ဆတ်ဆတ်တုန်နေ သည်။ ဝဏ္ဏသည် ရှေ့ကနေဆင်းနေပေမယ့် အနောက်မှာတော့ရှုလိုက်

www.burmeseclassic.com



လာမှာစိုးရိမ်နေသည်။ သီဟတို့က မည်သည့်အတွက်ကြောင့် လိုက်မလာရတာလဲဟု တွေးနေမိသည်။ ထို့အတူ ဝတီကလည်း ဝဏ္ဏတို့ တို့ပျော်နေသည်။ သီဟတို့ နှစ်ယောက်က ဝတီတို့ကိုစိုးရိမ်နေသည်။ အပြန်အလှန်စိုးရိမ်မှုများက လတ်တလောအရာမထင်သေးပေ။

တစ်ယောက်ကိုတစ်ယောက် ရှာဖွေနေကြသည်။

အခန်းပေါင်းများစွာနှင့် ဖွဲ့စည်းထားတဲ့အိမ်ကြီးမှာ တစ်ယောက်နှင့်တစ်ယောက် လွယ်ကူစွာရှာမတွေ့နိုင်ပေ။

"ဟီး"

"အမလေး"

ရုတ်တရက် အော်လိုက်မိသည်။ လှမ်းထားတဲ့ခြေလှမ်းများကို ရုတ်သိမ်းရာ နှစ်ယောက်လုံး ထိုင်လျက်လဲကျသွားသည်။ မည်သည့်အချိန်က ရောက်ရှိလာမှန်းမသိတဲ့ ခွေးဖြူကြီးတစ်ကောင်ဖြစ်နေသည်။ ခွေးဖြူသည် မီးဟုန်းဟုန်းတောက်လောင်နေတဲ့ အကြည့်ဖြင့်ကြည့်နေသည်။ နှစ်ယောက်သားအပေါ်ကို ပြန်ပြေးတက်နေသည်။

ခွေးဖြူကြီးက မာန်ဟုန်တင်းနေသည်။ ထိုအချိန်ဝတီသည် အခန်းတစ်ခုအတွင်းကို ရောက်ရှိနေသည်။ အသားများ တစ်ဆတ်ဆတ်တုန်နေသည်။ သူငယ်ချင်းများကို အသံပေးခေါ်ရန်ဟန်ပြင်နေသည့်အချိန်မှာ ကြီးမားတဲ့ခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရ၍ နေစရာနေရာမရှိအောင် ဖြစ်နေသည်။

"အမလေး"

ကုတင်ပေါ်ကို တက်လိုက်သည်။

"အား"





# အခန်း ၊ ၁၈



အားထိုးရထူးကြီးရယ်

ထွက်ပေါ်လာတဲ့အသံသည် ဝန်းကျင်ကိုလွှမ်းမိုးသွားသည်။

"သတိထားစမ်းပါ သီဟရာ"

"ငါလည်း သတိထားပါတယ် နန္ဒရာ"

ပျောက်ဆုံးနေတဲ့ သူငယ်ချင်းကိုရှာဖွေနေချိန်မှာ မည်းမည်းအကောင်ကြီးနှင့် မျက်နှာခြင်းဆိုင်တွေ့လိုက်ရသည်။ ငင်းကြောင့်လဲကျသွားသည်။

သီလအား ဆွဲထူပြီးအကောင်ကြီးအား ကြည့်လိုက်သည်။ ရည်သည့်နေရာမှာ ပျောက်ကွယ်သွားမှန်းမသိပေ။

"မင်းကြောင့် ဘယ်ရောက်သွားမှန်းမသိတော့ဘူး"

www.burmeseclassic.com



"ဒါလည်း ဘယ်ဖြစ်ချင်ပါ့မလဲနန္ဒရာ ငါတို့ အဲဒီအကောင်ကြီးတို့ တွေ့အောင်ရှာမှုဖြစ်မယ်။ ဝဏ္ဏတို့အတွက် စိုးရိမ်ရတယ်"

"ဟာ ဘာလဲကွာ"

"ဘာဖြစ်တာလဲနန္ဒ"

"ငါတို့အနားက တစ်ခုခုဖြတ်သွားသလိုပဲ"

"ဟာ မဟုတ်တာပဲ"

"ငါတကယ်မနောက်ဘူးသီဟ ဒီအချိန်မှာနောက်စရာလား"

"ကျိုး ဂျိမ်း"

ထွက်ပေါ်လာတဲ့အသံက ဝန်းကျင်ကိုလွှမ်းမိသွားသည်။ နန္ဒတို့နှစ်ယောက်တုန်လှုပ်သွား၏။

အနားမှာရှိတဲ့အခန်းတံခါး ရုတ်တရက် ပိတ်သွားသည်။ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။ အဘိုးစောပြောတဲ့ လရောင်ချိုသရဲဆိုတာများလား။ ၎င်းသရဲကြီးက လွန်စွာဆိုးသည်ဟုပြောပြီး အရာဝတ္ထုများကို လှုပ်ရှားအောင်လုပ်ပြနိုင်သည်။ အကောင်လုံးပြသနိုင်သည်။

အခန်းကိုကြည့်နေကြသည်။

"သီဟ ဒီလိုနေလို့မဖြစ်ဘူး လိုက်ရှာကြရအောင်ကွာ"

"ငါတို့လိုက်ရှာကြရင် ကောင်းမလားဝဏ္ဏ"

အခန်းတစ်ခုထဲကိုရောက်ရှိနေတဲ့ သဥ္ဇာရဲ့အသံဖြစ်သည်။ သဥ္ဇာတို့သည် ခွေးဖြူကြီးကိုကြောက်ပြီးပြေးနေတာ အခန်းတစ်ခုအတွင်းကို ရောက်ရှိနေကြသည်။

"လိုက်ရှာချင်တာပေါ့ဟာ နင့်ကိုစိုးရိမ်လို့စဉ်းစားနေရတာ"

"နင်ရှိနေရင် ငါ့ဘဝလုံခြုံတယ်လို့ သဘောထားပါတယ်။ ဘာဖြစ်လဲ အန္တရာယ်တွေ့တော့လည်း နှစ်ယောက်လုံးအသေခံလိုက်တာပေါ့။ နင်တစ်ယောက်တည်းကိုတော့ အဖြစ်မခံနိုင်ပါ





ဘူးနော်"

"နင်တကယ်ပြောတာလားသဥ္ဇာ"

"တကယ်ပြောတာပေါ့ဟာ ဘာလဲမယုံလို့လား"

"ယုံပါတယ်သဥ္ဇာရာ"

ဝဏ္ဏသည် သဥ္ဇာရဲ့နုနယ်တဲ့မျက်နှာလေးကို သေချာကြည့်လိုက်သည်။ စိတ်ထည်းမှာလည်း ကျေနပ်လာသည်။ အကြည့်များသည် သာမာန်အကြည့်များထက် အဆင့်များကျော်လွန်နေသည်။ ရင်ခုန်သံများစွာ ဆူညံနေသည်။

"ဝဏ္ဏ"

"ဘာလဲပြောလေ"

"တကယ်လို့ အန္တရာယ်နဲ့ကြုံတွေ့ရင် ငါ့ကိုမထားခဲ့ပါနဲ့ဟာနော်"

"စိတ်ချပါ သဥ္ဇာ ငါအသက်အသေခံသွားမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် နင့်ကိုမထားခဲ့ဘူး"

"အမလေး"

သဥ္ဇာသည် ဝဏ္ဏကိုအထိတ်တလန့် ဖက်လိုက်သည်။

ဝဏ္ဏသည် ရင်ခွင်ထဲဝင်ရောက်လာတဲ့ သဥ္ဇာအားဖက်ထားလိုက်သည်။ ပတ်ဝန်းကျင်ကို တစ်ချက်လှေ့လာလိုက်သည်။

ကြီးမားတဲ့မြေကြွက်ကြီးတစ်ကောင် ထွက်လာသည်။ ကြွက်ကြီးသည် ၎င်းတို့အားကြည့်နေသည်။

ဝဏ္ဏသည် သဥ္ဇာကိုထိန်းထားပြီး ကြွက်ကြီးကို မောင်းထုတ်နေသည်။ ကြွက်ကြီးသည် တစ်နေရာကိုထွက်သွားသည်။

သဥ္ဇာကိုပြောပြလိုက်သည် ရင်ခွင်ထဲရောက်နေတဲ့ ကိုယ်လုံးလေးကို အသာခွာပြီး ဝဏ္ဏကိုအားကိုးတကြီးနှင့်ကြည့်နေသည်။

"ကျေးဇူးတင်လိုက်တာ ဝဏ္ဏရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတို့က သူစိမ်းတွေမှမဟုတ်ပဲဟာ"

"ဟင်"

"လာ သဉ္ဇာ သီဟတို့ကိုသွားရှာမယ်"

ဝဏ္ဏသည် သဉ္ဇာရဲ့ကိုယ်လုံးလေးကို ပွေ့ဖက်ထူပေးလိုက်၏။ သဉ္ဇာသည် တိုက်မိထား၍ ရုတ်တရက်မထနိုင်။ ထိတ်လန့်မှုတွေက ဆက်တိုက်ကြုံနေရသည်။ ၎င်းတို့သည် ရောက်ရှိနေတဲ့ အခန်းအပြင်ဘက်ကို ထွက်လိုက်ကြသည်။

"အား"

✿✿✿✿✿





# ၁၂ နာရီ အခန်း ၊ ၁၉



ထယ်ထူဝေးလို့အထယ်ထေနိုင်

ကျယ်လောင်တဲ့အသံတစ်ခု ထွက်ပေါ်လာသည်။

အသံပိုင်ရှင်မှာ ဝတီဖြစ်နေသည်။ တစ်ယောက်ထဲဖြစ် နေ၍ စိတ်အားငယ်နေချိန်မှာ တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် အခက်ကြုံရသည်။ ဝတီသည် ခြေဦးတည့်ရာကိုပြေးနေသည်။ မည်းမည်း အကောင်ကြီးသည် အနောက်မှလိုက်နေသည်။ မျက်နှာကို မမြင်ရတာကြောင့် အကြောက်အရွံ့ဆုံးဖြစ်နေ၏။ ဝတီသည် အထိတ်တလန့်ထွက်ပြေးသည်။ နောက်ဆုံးအခန်းတစ်ခုအတွင်းကို ပင်ရောက်ပြေးသည်။ အခန်းတံခါးကိုပိတ်ရန် ကြိုးစားပေမယ့် နောက်ကျသွားသည်။ အကောင်ကြီးသည် ဝတီအနားကို ရောက်ရှိရန်



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်နေသည်။

"ဟား ဟား ဟား"

ရယ်သံသည် ကြောက်စရာကောင်းနေသည်။

"မလာနဲ့ မလာနဲ့"

ဘယ်လိုပင်ပြောဆိုအော်ပေမယ့် အကောင်ကြီးက ဂရုမစိုက်။ သွားဖြဲသာသွားနေသည်။ အနောက်ကိုဆုတ်ရင်း ထွက်ပြေးရန် ကြိုးစားသည်။ အခန်းတံခါးတစ်ပေါက်တည်းရှိ၍ အခက်ကြုံနေသည်။ တဖြည်းဖြည်းအနားကိုရောက်ရှိလာသည်။ လက်မည်းကြီး ထွက်လာသည်။ မြင်ကွင်းသည် လွန်စွာကြောက်ရွံ့စရာဖြစ်နေသည်။ မျက်လုံးများကို တင်းကြပ်စွာမှိတ်ထားလိုက်မိသည်။ လက်မည်းကြီးများသည် ဝတီထံဦးတည်ရွေ့လျားနေသည်။ ဝတီသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

"အား အမလေး"

"ဝုန်း ဝုန်း ဝုန်း"





# အခန်း ၂၀



## ထွန်းစိတ်ကိုနှင့် ထူးဆန်းတဲ့အထောင်ကြီး

"အဲဒါဝတီရဲ့အသံပဲသိဟ"

နန္ဒသည် စိုးရိမ်တကြီးပြောလိုက်သည်။ ရုတ်တရက်အဖြေထုတ်ရန် မလွယ်ကူအောင်ဖြစ်နေသည်။ အသံကြားရာကို နားထောင်နေကြသည်။ ဘယ်ဆီကိုရောက်နေမှန်းမသိအောင် ဖြစ်နေသည်။ အခန်းများကို ရှာဖွေနေကြသည်။

"နန္ဒ ဘာလုပ်ကြမလဲ"

"တစ်ခုခုများဖြစ်နေပြီလားမသိဘူးကွာ"

"ငါလဲ အဲဒီလိုပဲထင်မိတယ်ကွာ"

"စောစောက ဒီဘက်ကကြားတယ်ဆိုတော့ ဒီဘက်မှာ ရှာ

www.burmeseclassic.com



ကြည့်တာပေါ့ကွာ''

"ဗိုး..." "ဟာ"

အသံနှင့်အတူအကောင်ကြီးသည် သီဟတို့ကို တိုက်ခိုက်ရန် ဦးတည်လာနေသည်။ သီဟတို့သည် ထိုအိမ်ကြီးကို စတင်ရောက်ရှိလာထဲက မည်းမည်းအကောင်များနှင့် ရင်ဆိုင်တွေ့နေရသည်။ အကောင်များရဲ့ပုံစံသည် လူပုံစံများဖြစ်ပေမယ့် မျက်နှာများကို တွေ့ရှိရခြင်းမရှိ။ စံအိမ်ကြီးမှာ အကောင်များရှိနေသည်ဆိုတာ ရွာသားများ ပြောဆိုခဲ့ခြင်းမရှိ။ တွေ့နေရတဲ့အကောင်များကို သံသယဖြစ်နေသည်။ အခန်းတွင်းမှာပိတ်မိနေ၍ ရင်ဆိုင်တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်ကြ၏။

"ယား" "အား အမလေးဗျာ"

အကောင်ကြီးကိုလက်သီးနှင့် ပြေးထိုးကြသည်။ အကောင်လက်သီးများသည် အကောင်ကြီးရဲ့လက်ထဲကို ရောက်ရှိသွားသည်။ လက်သီးများ အညှစ်ခံလိုက်ရသည်။

"ဟီး ဟီး ဟီး" "ဝုန်း" "ဝုန်း" "အု"

နှစ်ယောက်လုံး လွင့်သွားကြသည်။ အကောင်ကြီးသည် ကျေနပ်စွာရယ်မောနေသည်။ ထွက်ပြေးရန်စိတ်ကူးမိကြသည်။ ခွန်အားခြင်း ရင်ဆိုင်ရန် မဖြစ်နိုင်ကြောင်း သိလိုက်ရသည်။

"သီဟ ငါတို့ထွက်ပြေးကြမယ်"

"ငါလဲအဲဒီလိုပဲ စဉ်းစားမိတယ်"

အကောင်ကြီးအနားကို ရောက်လာသည်။

"ဟား ဟား"

နှစ်ယောက်သား ထွက်ပြေးကြသည်။ အကောင်ကြီးသည် ကျယ်လောင်စွာရယ်မောရင်း လိုက်လာသည်။





# အခန်း ၂၁



ဖိမ်ရွှေထိုတ်တော်နှင့် ဝတီ

"ဟား ဟား ဟား"

ကြောက်စရာကောင်းတဲ့ ရယ်သံကြီးဖြစ်သည်။ အသံပိုင်ရှင်ကြီးသည် ကုတင်ပေါ်ရောက်ရှိနေတဲ့ ဝတီထံဦးတည်နေသည်။ ဝတီသည် အထိတ်တလန့်ထွက်ပြေးသည်။ အကောင်ကြီးသည် ရန်ပြုပြီး ဖမ်းဆီးလိုက်သည်။ ဘယ်လိုပင်ရုန်းကန်နေပေမယ့် ခွန်အားခြင်းမမျှတတာကြောင့် အကောင်ကြီးကိုတော့ ရင်ဆိုင်ရန် ခွန်အားမရှိ။

ယခုတော့ မြေအောက်အခန်းထဲမှာ ရောက်ရှိနေသည်။ အနံ့များ ညှီစို့ပြီးတစ်ခန်းလုံးကိုလွှမ်းမိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မင်းကိုတွေ့ချင်လို့စောင့်နေတာ နှစ်ပေါင်းများစွာကြာ ခဲ့ပြီ မင်းလေးလာပါ့မလားလို့ ကျုပ်မှာ စိုးရိမ်လိုက်ရတာ။ မင်း သာရောက်မလာရင် ကျုပ်ဘယ်လောက် သံသရာလည်မယ်ဆိုတာ မသိဘူး။ အခုရောက်ရှိလာတဲ့အတွက် မင်းကိုကျေးဇူးတင်ပါတယ်"

"ရှင်ဘယ်သူလဲ၊ ကျွန်မကိုဘာဖြစ်လို့ စောင့်နေရတာလဲ"

"ကျုပ်ဟာ ဒီစံအိမ်ကြီးရဲ့ အိမ်ရှေ့စံကိုယ်တော်လေး။ မင်း ဟာ ကျုပ်ရဲ့ဘဝဟောင်းက ချစ်သူပဲ။ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ဆုံ တွေ့ရပါစေလို့ပဲ ဆုတောင်းခဲ့ကြတယ်"

"မဖြစ်နိုင်ဘူး ရှင့်စကားက အခြေအမြစ်မရှိဘူး"

"ဘာပြောတယ်"

"အမလေး"

အနားတိုးပြီးအော်လိုက်တာကြောင့် ဝတီ ထိတ်လန့်တုန်လှုပ် သွားသည်။ မျက်နှာကိုမမြင်ရတဲ့ ဒီအကောင်ကြီးက ဘဝဟောင်းက ချစ်သူတဲ့။ လက်မည်းကြီးများဖြင့် ဝတီရဲ့ပခုံးလေးတွေကို ဆုပ်ကိုင် ထားသည်။

စိုးရွံ့ထိတ်လန့်စွာဖြင့် ကြုံတွေ့နေရသည်။

လက်ရှိအခန်းတွင် ထိုအကောင်ကြီးရဲ့ပြုသမျှကို နေရတော့ မလိုဖြစ်နေသည်။ ကြေကွဲမှုများဖြစ်နေပေါ်နေသည်။ ၎င်းသည် ဘာလုပ်မလည်း။ စံအိမ်ကိုရောက်ရှိလာခြင်းသည် ဝတီအတွက် ငရဲခန်းကိုတွေ့ရှိသလားဟု ထင်မှတ်နေသည်။

မိဘများက ထိုခရီးကိုမသွားရန် အကြိမ်ပေါင်းများစွာ တား မြစ်ကြသည်။ သူငယ်ချင်းတွေရဲ့အဆွယ်ကောင်းလို့ လိုက်ပါလာ ခဲ့ရသည်။ ယခုတော့ ပြန်လမ်းမရှိအောင် ဖြစ်နေသည်။ အကောင်ကြီး သည် သူမအနားကမခွာအောင် ဖြစ်နေသည်။ ရမ္မက်များထကြွနေ သည်ဟု ဝတီထင်မှတ်နေသည်။ အကြံတစ်ခုရသွားသည်။





"စိတ်မဆိုးပါနဲ့ အိမ်ရှေ့စံကိုယ်တော်လေးရယ်"

"အဲဒီလိုမှပေါ့"

"ဘဝဟောင်းတုန်းက ကျွန်မကဘာလဲ"

"ဘဝဟောင်းတုန်းက မင်းဟာ စတုတ္ထသမီးတော်လေးပဲ။ သိပ်ချစ်ကြတဲ့ချစ်သူတွေပဲ စတုတ္ထသမီးတော်က ကျုပ်ကိုဘယ်ဘဝ ရောက်ရောက်အသက်နဲ့ ပေးပြီးချစ်ကြမယ်လို့ ပြောခဲ့တယ်"

"စတုတ္ထသမီးတော်က ဘယ်ရောက်သွားလို့လဲ"

"ကျုပ်ကိုချစ်ရဲ့သားနဲ့ စံအိမ်တော်ကထွက်သွားတယ်။ ကျုပ် ကို စံအိမ်မှာပဲစောင့်နေပါ ပြန်လာခဲ့မယ်တဲ့။ အခုသူ့ကိုစောင့်နေတာ နှစ်ပေါင်းခြောက်ဆယ်ကျော်သွားပြီ"

"ကျွန်မကစတုတ္ထသမီးတော်ဆိုတာ ရှင်ဘယ်လိုလုပ်သိလဲ"

"ခန်းမရှေ့မှာ ရုပ်ထုကိုမင်းတွေ့ခဲ့တယ်မဟုတ်လား။ အဲဒီပုံ ဟာ မင်းနဲ့တူတယ်လေ"

လက်ခံမှုလား ထင်မိသည်။ စတုတ္ထသမီးတော်နှင့် တူနေ သည်ဆိုတာကို ဘယ်လိုငြင်းချက်ထုတ်ရမှာလဲ။ ဝတီပြောစရာမရှိ အောင်ဖြစ်နေသည်။ ဝတီသည် အကောင်ကြီးကို သေချာကြည့် နေသည်။

သူဟာ လူလိုစကားပြောပြီး မျက်နှာကိုဘာဖြစ်လို့ ဖုံးပြား တစ်ခုလိုပြားကပ်နေလည်း လွန်စွာထူးဆန်းတဲ့ဖြစ်ရပ် တစ်ခုလိုဖြစ် နေသည်။

"ကျွန်မတစ်ခုမေးပါရစေ"

"ဘာမေးမှာလဲ"

"ရှင်က လူဖြစ်ပြီးမျက်နှာဘာလို့မပေါ်တာလဲ"

"ကျုပ်မျက်နှာမမြင်ရအောင် မင်း မျက်လုံးမကောင်းဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာတဲ့အသံကို နားထောင်ပြီး မျက်နှာကိုသေချာကြည့်လိုက်သည်။

"ရှင်ဟာ အိမ်ရှေ့စံကိုယ်တော်လေးဆိုရင် မျက်နှာဖုံးချွတ်လိုက်ပါလား ဒါမှကျွန်မလက်ခံနိုင်မှာ"

"ကျုပ်မျက်နှာဖုံး မစွပ်ထားပါဘူး"

"ကျွန်မကြားဘူးတဲ့ကိုယ်တော်လေးက မလိမ်ညာတတ်ဘူး"

"ဟာကွာ"

♛♛♛♛♛





# အခန်း ၂၂



## အခန်းတွင်း၌ အစေတော်များ

"သဉ္ဇာစသကားပြောသံကြားသလိုပဲ"

ဝဏ္ဏသည် သဉ္ဇာလက်ကိုကိုင်ဆွဲပြီး ပြောလိုက်သည်။ နှစ်ယောက်သား ပြေးလွှားရင်း တစ်ဖက်ကအသံများကို နားထောင်နေသည်။

စကားပြောနေသည်မှာ သီဟနှင့်နန္ဒတို့ဖြစ်သည်။

ပျောက်ဆုံး နေတဲ့သူငယ်ချင်းများကို လိုက်ရှာနေခြင်း ထိုစကားကိုပြောခြင်း သာဖြစ်သည်။ ၎င်းတို့သည် အနောက်က လိုက်ပါလာတဲ့ အကောင် ကြီးကို ရှောင်တိမ်းရင်း အခန်းတစ်ခုအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာသည်။

စံအိမ်ကြီးသည် အသံပေါင်းများစွာဖြင့် လွှမ်းမိုးနေသည်။ ညနေစောင်းလာသည် အမှောင်ထုများကြီးစိုးစပြုလာသည်။

"ဟုတ်တယ် ငါလည်းအဲဒီလိုပဲကြားတယ်"

"ဟော ခြေသံကြားတယ်"

နှစ်ယောက်သား ထွက်ကြည့်ကြသည်။

"အား အမလေး"

ဝဏ္ဏသည် သဥ္ဇာပါးစပ်ကို ရုတ်တရက် ပိတ်ထားသည်။ အနောက်ကိုလည်း ပြန်ပြီးဖက်ထားလိုက်သည်။

အကြည့်ခြင်းဆုံမိ ကြသည်။

အချစ်ဆိုတဲ့အရာလေး ထွက်ပေါ်လာသည်။

ရင်ခုန်သံများ ဆူညံနေသည်။

ဝဏ္ဏနှင့်သဥ္ဇာသည် တစ်ယောက်အပေါ် တစ်ယောက်က စိတ်ဝင်တစား ချစ်ကြိုက်နေသည်။ အခက်အခဲတွေဘယ်လောက်ပဲ တွေ့ကြုံနေပါစေ အချစ်နှင့်ပေါင်းစပ်လိုက်တာ ခက်ခဲမှုတွေဟာ မြူနှင်းများ ကဲ့သို့ပင် ဖြစ်နေသည်။

"ငါ့ကို ထားပြီးမသွားပါနဲ့ ဝဏ္ဏရယ်"

"စိတ်ချပါသဥ္ဇာ ငါနှင်နဲ့အတူ မနေရသေးပဲမသေဘူး။ အဲဒီလိုပဲ နင့်ကိုလဲထားပြီးမသွားနိုင်ဘူး။ အဲဒီလိုပြောတာကို စိတ်ဆိုးလား သဥ္ဇာ"

"အဲဒီစကားကိုစောင့်နေရတာ စက္ကန့် ကုဋေမကတော့ဘူး ဟာ"

"ဝမ်းသာလိုက်တာ သဥ္ဇာရယ်"

နှစ်ယောက်သား ပျော်ရွှင်စွာ ဖက်ထားလိုက်ကြသည်။ ကြည်နူးနေကြသည်။ အသက်သေးနှင့်ကြုံတွေ့နေရတာကို သတိမေ့





နေသည်။

"ဟို အနောက်မှာ"

"ဟိုတ်"

"ဝုန်း"

ဝဏ္ဏသည် သဥ္ဇာကိုပွေ့ဖက်ပြီး တစ်ခြားဘက်ကိုရှောင်လိုက်သည်။ အကောင်များသည် ၎င်းတို့ကို တိုက်ခိုက်နေသည်။ မည်းမည်း အကောင်ကြီးသည် တိုက်ခိုက်မှုမအောင်မြင်၍ ဒေါသများထွက်လာသည်။ အခန်းထဲတွင် ယခင်ရှိနေတဲ့ လင်းနို့အနီကောင်များ။ လိပ်ပြာအနီကောင်များက ခန်းလုံးပြည့် ပျံဝဲနေသည်။

လင်းနို့များ၊ လိပ်ပြာနီကောင်များက မည်းမည်းအကောင်ကြီးနှင့် ဝဏ္ဏတို့ကို တိုက်ခိုက်နေသည်။

"ဟီး"

ဒေါသနှင့် ဝဏ္ဏကိုဝင်ရောက်တိုက်ခိုက်သည်။

"ရော"

"အု"

ခွန်အားခြင်းမမျှ၍ ဝဏ္ဏသည်အနောက်ကို လွင့်စင်ထွက်သွားသည်။ ထိုဖြစ်ရပ်ကြောင့် သဥ္ဇာမှာဝဏ္ဏကို စိုးရိမ်သွားသည် ဝဏ္ဏနှင့်အတူ တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်သည်။

အကောင်ကြီးသည် ဝဏ္ဏကိုအပြတ်ရှင်းရန် ဦးတည်နေသည်။ ၎င်းသည် နံရံကိုကျောမှီပြီး အကောင်ကြီးအားကြည့်နေသည်။

"ကို ရော့"

အနားမှာရှိတဲ့ သစ်သားချောင်းကို ပစ်ပေးလိုက်သည်။ ဝဏ္ဏသည် ယူပြီးဆွဲရိုက်လိုက်သည်။

"ကဲကွာ"

ခြေထောက်ကို ဖြတ်ရိုက်လိုက်သည်။ ပြင်းထန်တဲ့ရိုက်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခွေသွားသည်။ အဆက်မပြတ်ရိုက်သည်။

"ဝုန်း ဝုန်း"

"ဖြောင်း ဖြောင်း"

ရိုက်ချက်များကြောင့် ခုခံရန်ခက်ခဲနေသည်။

ဒီကြားထဲ သဍ္ဍာကပါဝင်ရောက်ရိုက်နေသည်။ ခြေလက်ကိုယ်ခန္ဓာများကို ထိမှန်နေသည်။

"ဟိုး"

"ဝုန်း ဝုန်း"


အကောင်ကြီးသည် နာကျဉ်းစွာဖြင့် ထွက်ပြေးသွားသည်။





# ၁၂နာရီ

# အခန်း ၊ ၂၄



ဆယ့်နှစ်နာရီ

သီဟနှင့်နန္ဒတို့သည် မည်းမည်းအကောင်ကြီး သုံးကောင်လိုက်နေ၍ ထွက်ပြေးနေကြရသည်။ ခုခံရန်လက်နက်များ ကင်းမဲ့နေသည်။

"ဟား ဟား ဟား"

ရယ်သံများက ဆူညံနေသည်။ ပြေးရလွန်းလို့မောနေသည်။ အခန်းထဲရောက်ရှိနေ၍ ထွက်ပေါက်များ ရှာဖွေမတွေ့ဖြစ်နေသည်။

"သီဟ ငါတို့ရင်ဆိုင်ကြရင်ကောင်မလား"

"မဖြစ်သေးဘူး အင်အားခြင်းကကွာနေတယ်"

"ငါတို့လက်နက်ရှာပြီး ပြေးကြကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီအစီအစဉ်ကောင်းတယ်"

"ဗို.ဗို.ဗို"　　"ဟာ"

ကျယ်လောင်တဲ့အသံနှင့်အတူ တုတ်တိုများက လေပေါ်ဝဲပြီး ရောက်လာကြသည်။ နှစ်ယောက်သား ခေါင်းငုံ့ရှောင်လိုက်သည်။ အပေါ်ကိုကျော်တတ်သွားကြသည်။ တုတ်ပိုင်းများသည် တိုင်များကို ထိမှန်ပြီး အနောက်ကိုပြန်လာသည်။ အကောင်ကြီးများက ပြန်လာတဲ့တုတ်ပိုင်းများကို ဖမ်းယူလိုက်သည်။ သီဟတို့က ပြေးနေသည်။

"အား"　　"ဝုန်း"　　"ဖြောင်း ဖြောင်း"

အပေါက်တစ်ခုကို နင်းမိပြီး နှစ်ယောက်သားအောက်ကို ကျသွားသည်။ ၎င်းအသံကို ဝဏ္ဏတို့ကြားသွားသည်။ သီဟတို့သည် အမှိုက်များပုံထားတဲ့အပေါ် ကျသွားသည်။ ရုတ်တရက်ထပြီး မြင်တွင်းကိုကြည့်လိုက်သည်။ လွန်စွာအံ့သြသွားသည်။ တိုင်တစ်ခုတွင် ဝတီကိုကြိုးနဲ့တုတ်ထားသည်။ ၎င်းရှေ့တွင် အကောင်ကြီးနှစ်ကောင် ထိုင်နေသည်။

"ဟား ဟား ဟား"

"နောက်ဆုံးတော့ ဒီကိုရောက်လာတာပဲ၊ ဟေ့ သူတို့ကို ဖမ်းချုပ်လိုက်ကြ"

ဘယ်နေရာကထွက်လာမှန်းမသိတဲ့ အကောင်လေးကောင် ထွက်လာသည်။ သီဟတို့ကိုချုပ်လိုက်သည်။ အင်အားမမျှတ၍ ခုခံ ရုန်းကန်ခဲ့နေသည်။ ၎င်းတို့ကို ကြိုးချည်ထားလိုက်ကြသည်။

"ဟန်ကျတယ်ဟေ့၊ ဒီနေ့တော့ ငါ့ရဲ့ရည်မှန်းချက်အားလုံး ပြည့်စုံနေတဲ့နေပဲ"

အခန်းအတွင်းကို ဝင်ရောက်လာသည်။ အသံပိုင်ရှင်သည် မိန်းမကြီးတစ်ယောက် အသံဖြစ်သည်။ အသံပိုင်ရှင်သည် သီဟထံ ဦးတည်နေသည်။





"အနှစ်နှစ်အလလက စောင့်မျှော်ခဲ့ရတာ အခုမှပဲ စောင့်ရကြိုးနပ်တော့တယ်"

"ခင်ဗျားက ဘယ်သူလဲ၊ ကျွန်တော်တို့ကို ဘာဖြစ်လို့ ဖမ်းထားရတာလဲ၊ ကျွန်တော်တို့ကို စောင့်နေရတာလဲ"

မည်းမည်းအကောင်ကြီးသည် သီဟအနားကို ရပ်ပြီးအပေါ်က အဝတ်မည်းကိုချွတ်လိုက်သည်။

"အရီးကြီး ဒေါ်ခင်လှ"

"သိပ်ကိုအံ့သြသွားသလား မောင်သီဟ"

"ကျွန်တော်တို့ကို ဘာဖြစ်လို့ဖမ်းတာလဲ အရီးဒေါ်ခင်လှ"

"ခပ်တိုတိုပဲပြောမယ်။ မင်းတို့ကို သတ်ပစ်ဖို့"

"ဗျာ"

ဒေါ်ခင်လှစကားကြောင့် နန္ဒ၊ သီဟ၊ ဝတီတို့ တုန်လှုပ် အံ့သြသွားကြသည်။

ဒေါ်ခင်လှကိုကြည့်လိုက်ကြသည်။ ဒေါ်ခင်လှကတော့ ခက်ထန်တဲ့မျက်နှာကြီးနှင့် ထိုင်နေသည်။ အနားမှာတပည့်ငါးယောက် ပါရပ်နေကြသည်။ ၎င်းတို့သည် လူသားအစစ်တွေဆိုတာ သိလိုက်ကြသည်။ ဂုံနီအိပ်များကို အင်္ကျီဘောင်းဘီချုပ်ထားသည်။ မျက်နှာကို မမြင်ရအောင် ခေါင်းစွတ်ချုပ်ထားသည်။

"ဟုတ်တယ် မင်းတို့အားလုံးကို သတ်ပစ်ရမှာပဲ။ အခု လောလောဆယ် မသတ်သေးဘူး။ ညဆယ့်နှစ်နာရီထိုးမှသတ်မှာ"

"ကျွန်တော်တို့မှာ ဘာအပြစ်ရှိလို့လဲအရီးခင်လှ"

"မင်းတို့မှာ အပြစ်မရှိဘူး။ မင်းအစ်ကိုအုန်းသန်းမှာ အပြစ်ရှိတာ"

"အစ်ကိုကြီးအုန်းသန်းက မရှိတော့ဘူး။ သေသလား ရှင်သလားဆိုတာကို ဘာမှမသိရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အုန်းသန်းသေသွားပြီ သူ့ကိုငါသတ်လိုက်တာ"

"ဗျာ ဘယ်လို"

"ဟုတ်တယ် သူ့ကိုငါသတ်လိုက်တာ အုန်းသန်းဟာ ငါ့ အချစ်ဆုံးသားကို ဦးပုခြံထဲမှာသတ်လိုက်တယ်။ သူကြီးကိုသွား တိုင်တော့ ငါ့ကိုရှုးနေတယ်လို့ပြောတယ် အုန်းသန်းမသတ်ဘူးတဲ့"

"ဟုတ်တယ် ကျွန်တော့်အစ်ကိုကြီးက လူသတ်သမား မဟုတ်ဘူး"

"မင်းပါးစပ်ပိတ်ထားစမ်း ငါ့စကားကို နားမထောင်ရင် ဒီမှာ တွေ့လား။ ဓါးနဲ့မင်းရဲ့လျှာကို ဖြတ်လိုက်မယ်"

ဒေါ်ခင်လှသည် ပြောသလိုလုပ်နိုင်သည်ဟု ထင်မှတ်ရသည်။ အနောက်နားမှာ ရပ်နေသူများက ကြောက်စရာအကြည့်များဖြင့် ကြည့်နေကြ၏။ သီဟတို့သည် တိတ်ဆိတ်စွာနေထိုင်မိကြသည်။

"ငါသားသေသွားတော့ ငါဟာ အရူးမကြီးတစ်ယောက်လို ခံစားနေရတယ်။ ရွာသားတွေက အရူးမကြီးလို့သတ်မှတ်ထားတယ်။ စုန်းကဝေမကြီးတဲ့။ ဒီလောက်ရိုင်းစိုင်းတဲ့ရွာသားတွေကို ထုန့်ပြန်တဲ့ နည်းလမ်းက ညဆယ့်နှစ်နာရီထိုးရင် ရွာသားတွေ တိုသတ်ပစ်ဖို့ပဲ။ ဒါကြောင့် ရွာသားတွေကို ငါသတ်နေတာ။ တကယ်တော့ ငါဟာ မင်းကိုပဲသတ်ချင်တာ။ မင်းသေသွားရင် မင်းရဲ့အမေငါ့လိုပဲ အရူး မီးဝိုင်းခံစားရမှာ။ တစ်ခြားလူတွေကို ပြန်လွှတ်ပေးလို့တော့မဖြစ်ဘူး။ တစ်နေ့ညက မင်းကိုသတ်ဖို့ကြိုးစားတယ်၊ ငါလွှတ်ဆဲ့လူက ဟို တုတ်ကောက်နဲ့အောင်စိုးကြီးကို လူမှားပြီးသွားဆွဲမိတော့ သူ့လက် ချက်နဲ့သေသွားတယ်။ ငါ သေချာမှာထားရဲ့သားနဲ့ ဖြစ်သွားတာ စိတ်မကောင်းတာကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ အောင်စိုးကြီးဟာ တကယ်တော်တဲ့လူ။ ဘယ်လိုလူမှ ရင်ဆိုင်လို့မရဘူး။ သူ့အဘိုးက သိုင်းပညာရှင်တစ်ယောက်ပဲ။ အဲဒီညက မင်းကိုသတ်နိုင်ရင် သူတို့





အသက်သေမှာ မဟုတ်ဘူး။ အခု အားလုံးသေကြပြီ။ ဟဲ့ တချို့တဲ့ နှစ်ယောက်ရော"

"လိုက်ရှာနေတုန်းပဲ အမေကြီး"

"အေး သူတို့ကို မလွှတ်စေနဲ့ ဟဲ့ မြင့်ဇော် ဟိုအခန်း တံခါးကိုဖွင့်လိုက်စမ်း"

"ဟုတ်ကဲ့"

အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ထွက်လာတဲ့အနံ့များက စူးရှလွန်းလှသည်။ အော့အံကုန်ကြသည်။

"အဲဒါ မင်းတို့ရွာသားတွေပဲ၊ သူတို့ကိုသတ်ပြီး အဲဒီအခန်း ထဲကို ပစ်ထားတာ မင်းအစ်ကိုတွေနဲ့ ရွာသားအားလုံးရှိတယ်"

"အရီးဒေါ်ခင်လှ ခင်ဗျားလူယုတ်မာ။ လူသတ်သမား ခင်ဗျား ကို ကျုပ်သတ်မယ်"

"ဖျောင်း ဖျောင်း" "အား"

"အဲဒါငါ့ကို ရိုင်းရိုင်းစိုင်းစိုင်းပြောတဲ့အတွက် စိတ်ချပါ ဒီည မင်းအစ်ကိုတွေလိုပဲ မင်းလည်းသေရမှာ"

သီဟ ပါးစပ်မှသွေးများထွက်ကျလာသည်။ ထင်းမီးတွေကို မီးဖိုးထားသည် မီးအလင်းရောင်က အခန်းကို လင်းထိန်နေသည်။

ဒေါ်ခင်လှသည် သူပိုင်လယ်ယာများကို လုပ်ကိုင်နေသူများ ကို အယုံသွင်းပြီးခိုင်းထားသည်။ လူယုံတွေက နိုင်သမျှကိုလုပ်ဆောင်နေ သည်။ ထိုအချိန် တွင် ဝဏ္ဏနှင့်သဉ္ဇာတို့ကို ဖမ်းဆီလာကြသည်။

"မင်းတို့တော်ကြတယ်။ ငါကောင်းကောင်းပြု စုမယ်"

"ဝတီ သီဟ နန္ဒ"

"ဝဏ္ဏ သဉ္ဇာ"

"ဟေး သေမယ့်သူတွေတိတ်ကြစမ်း။ ငါနားမညည်းချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လူ့ပုတ်မာ စုန်းကဝေမကြီး ကျွန်မတို့ကို အခုပြန် လွှတ်ပေးစမ်းပါ"

"မြို့သူကလေးက တယ်စွာပါလား"

"ရော့" "ဖြန်း" "အု"

ဒေါ်ခင်လှလက်ချက်ကြောင့် လဲကျသွားသည်။

"ဟော့ မြဖော်၊ ဝါးတွေကို မီးကင်ထား။ ညဆယ့်နှစ်နာရီ ထိုးတာနဲ့ အဲဒီငါးယောက်လုံးကို ရှင်းပစ်ရမယ်"

"ဟုတ်ကဲ့ပါ မေမေကြီး"

"ငါ့ရဲ့အစ်ကိုကြီးကိုလဲ ဒီနေ့ကစပြီး လူသတ်တဲ့အလုပ်ကို မလုပ်နိုင်းတော့ဘူး"

ဒေါ်ခင်လှသည် အစ်ကိုအရင်းဖြစ်သူကို ပြောလိုက်သည်။

နှမကိုချစ်တဲ့စိတ်နှင့် လာလုပ်နေရသည်။ အသက်ကကြီး နေသည်။ ညီမဖြစ်သူကို အကြိမ်ပေါင်းများစွာပြောသည်။ ဒေါ်ခင်လှ က ဘယ်လိုပြောပြောလက်မခံ သားအတွက်နာကျည်းမှုက မပြေနိုင် အောင်ဖြစ်နေသည်။ ယခုသီဟာတို့ကို သတ်ရန်ကြံစည်နေသည်။

"မေမေကြီး ကျွန်တော်တို့ဘာဆက်လုပ်ရမလဲ"

"ဒီည ဆယ့်နှစ်နာရီမှာ သူတို့ကိုသတ်ရမယ်။ အောင်မြင်မှု အထိန်းအမှတ်နဲ့ မင်းတို့ကိုဂုဏ်ပြုတဲ့အနေနဲ့ ယမကာနဲ့ ကြက် သားဟင်းနဲ့ ညှော်ခံမယ်၊ ရွာကိုပြန်ပြီး အဲဒါတွေစီစဉ်ပေတော့"

"ကောင်းပါပြီ မေမေကြီး"

ဒေါ်ခင်လှစကားကို လက်ခံပြီး ထိုလူသည် မြေအောက် အခန်းကို ကျော်နိုင်းပြီး ထွက်သွားပေတော့သည်။





# ၁၂နာရီ အခန်း ၊ ၂၄



ထရဲဂိုတော်ဗြိ ထတိထား

"ဖြောင်း"

"အမလေးဗျ"

"ဝုန်း"

မြေအောက်အခန်းမှ ထွက်လာတဲ့လူသည် အော်သံနှင့် အတူလဲကျသွားသည်။ ထိုလူသည် မြေအောက်ခန်းမှထွက်ပြီး စံအိမ်ကြီးရဲ့ ရှေ့လှေကားထိပ်ကိုအရောက်တွင် တုတ်တစ်ချောင်း ဖြင့်အရိုက်ခံလိုက်ရသည်။ ပြင်းထန်တဲ့ရိုက်ချက်ကြောင့် လဲကျသွား သည်။ ရုတ်တရက် တုန်လှုပ်အံ့ဩသွားသည်။

"ကျွန်တော့်ကိုမသတ်ပါနဲ့ တောင်းပန်ပါတယ်"

www.burmeseclassic.com



"သီဟတို့အဖွဲ့ ဘယ်မှာလဲ"

"ဟို ဟို ဟို"

"ဘာဖြစ်နေတာလဲ မှန်မှန်ပြောနော်။ ငါ့လက်ထဲက တုတ်ပိုင်းက မင်းရဲ့အသက်ကိုအလွယ်တကူနှုတ်ယူနိုင်တယ်"

"ကျွန်တော့်ကို ချမ်းသာပေးပါဗျာ မှန်မှန်ဖြေပါ့မယ်ဗျာ"

"ဒါဆိုပြော သူတို့အနားမှာ ဘယ်သူတွေရှိလဲ"

"ဒေါ်ခင်လှနဲ့ သူ့အစ်ကို၊ ပြီးတော့ သူ့အလုပ်သမားလေးယောက်ရှိပါတယ်။ သူတို့ကို မြေအောက်အခန်းမှာ ကြိုးနဲ့ချည်ထားပါတယ်။ ဒီညဆယ့်နှစ်နာရီမှာ သတ်လိမ့်မယ်"

"ကောင်းပြီ မင်းရွာသားတွေသွားခေါ် မခေါ်ပဲပြန်လာရင်တော့ မင်းကိုငါကိုယ်တိုင် အရှင်လတ်လတ်မီးရှို့သတ်မယ် ကြားလား"

"ဟုတ် ဟုတ်ကဲ့ ကြားပါတယ်"

ထိုသူသည် အောင်စိုးကြီးရဲ့စကားကိုနားထောင်ပြီး ရွာကိုပြန်သွားသည်။ အောင်စိုးကြီးသည် မြေအောက်ခန်းကိုထွက်လာသည်။


တကယ်တော့ အောင်စိုးကြီးသည် ကျွဲတစ်ကောင်ကိုလိုက်ရှာရင်း ထိုလူကိုတွေ့လိုက်ရ၍ မသင်္ကာတာနှင့် ယခုကဲ့သို့ ဝင်ရောက်ကြည့်လိုက်သည်။ အောင်စိုးကြီးသည် သတိများစွာဖြင့် မြေအောက်အခန်းကို ဦးတည်လာနေသည်။ မြေအောက်အခန်းကို ဆင်းတဲ့လှေကားသုံးစင်းရှိသည်။ ဒေါ်ခင်လှတို့ သည် လျှို့ဝှက်လှေကားနှင့် နီးကပ်တဲ့အခန်းနာမှာရှိနေကြသည်။ ဘုရားစင်ရှေ့ထောင့်မှာရှိတဲ့ လှေကားကိုဦးတည်နေသည်။ လှေကားကိုပိတ်ထားတဲ့အပိတ်ကိုဖွင့်လိုက်သည်။

"ဝေါင်း" "ဝုန်း" "သေပေတော့"

ကြောင်တစ်ကောင်သည် ၎င်းရဲ့အပေါ်ခုန်ချလာရာ ရှောင်ပြီး ဓါးလုံးပိုင်းနှင့် ဖြတ်ရိုက်လိုက်သည်။ ဓါးကိုဖြတ်ထိပြီး အဝေးကို လွင့်စင်သွားသည်။







# အခန်း ၂၅

အမိုက်ဇာတ် ထိမ်းထွားသူများ

"ဟော့ ဘာသံလဲဟ"

ဒေါ်ခင်လှသည် အပေါ်ကကြားလိုက်ရတဲ့အသံကြောင့် တုန်လှုပ်သွားသည်။ အနားမှာရှိနေသူများလည်း ထိုကဲ့သို့ဖြစ်သွားသည်။ ထိုင်နေသူများသည် ရုတ်တရက်ထလိုက်ကြသည်။

ဓါးများကို ဆွဲယူလိုက်ကြသည်။

အပေါ်ထပ်တွင် ဝုန်းဒိုင်းကြဲနေသည်။ ကြောင်သည် ပြင်းထန်တဲ့ဒဏ်ရာရရှိသွားသည်။ ကြောက်ရွံ့ပြီး ပြေးနေတာကြောင့် ဆူညံနေခြင်းဖြစ်သည်။

"ဟော့ အပေါ်ထပ်မှာလူရှိတယ် သွားကြည့်ကြစမ်း တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



မသတ်နဲ့ အရှင်ဖမ်းခဲ့ကြားလား"

"ဟုတ်ကဲ့"

ဒေါ်ခင်လှသည် ၎င်းအလုပ်သမားများကို ယုံကြည်အားကိုးနေသည်။ တပည့်လေးယောက်သည် အပေါ်ထပ်ကိုတက်ရောက်ခြေသည်။ အောင်စိုးကြီးသည် အောက်ထပ်ကို ရောက်ရှိသွားသည်။ ဒေါ်ခင်လှတို့ရှိနေတဲ့အခန်းကို ဦးတည်နေသည်။ ဒေါ်ခင်လှရဲ့အနားမှာ အစ်ကိုနှင့် သီဟတို့ ငါးယောက်သာရှိနေကြသည်။ သီဟတို့က ကယ်သူရောက်ရှိလာပါစေဟု။ အောင်စိုးကြီးသည် အခန်းများတိုင်များကို အကွယ်ယူပြီး ပတ်ဝန်းကျင်အခြေအနေကိုကြည့်နေသည်။

မီးအလင်းရောင်ကို တွေ့လိုက်ရသည်။ သီဟတို့နှင့် ဒေါ်ခင်လှတို့မောင်နှမကို တွေ့လိုက်သည်။ တစ်ခြားလူများကို ကြည့်နေသည်။ ဒေါ်ခင်လှသည် ဒေါသဖြင့်သီဟတို့အား ပြောနေသည်။

တပည့်များ အနားမှာမရှိကြတာကို အခွင့်ကောင်းယူလိုက်သည်။ အောင်စိုးကြီးသည် ရုတ်တရက်ပြေးထွက်သွားသည်။

"ရော့"

"ဖြောင်း"

"အု"

ရိုက်လိုက်တဲ့အသံနှင့်အတူ လဲကျသွားသူက ဒေါ်ခင်လှရဲ့အစ်ကိုဖြစ်နေသည်။ ရုတ်တရက်တွေ့လိုက်ရ၍ အံ့သြသွားသည်။ ဒေါ်ခင်လှသည် တိုက်ခိုက်လာသူအား ကြည့်လိုက်သည်။

"အော် ဘယ်သူများလဲလို့ မင်းကို"

"ကျုပ်ပဲ အရီးဒေါ်ခင်လှ။ ခင်ဗျားဖမ်းထားသူတွေကို လွှတ်ပေးပါ"

"သူတို့ကို သတ်ဖို့ဖမ်းထားတာပဲ"

"ခင်ဗျားသေမှာ မကြောက်ဘူးလား"





ဒေါ်ခင်လှသည် လုံ့ကိုဆွဲကိုင်လိုက်သည်။

"မင်းပါသေချင်လို့လား"

"ခင်ဗျားလူတွေသေကုန်တာရော မေ့နေပြီလား"

ကြားလိုက်ရတဲ့အစကားကြောင့် တုန်လှုပ်သွားသည်။ အောင်စိုးကြီးအတွက် အခွင့်ကောင်းရသွားသည်။ အနီးရှိဓါးတိုကို ခြေထောက်နှင့်ကန်ပြီး သီဟထံပစ်ပေးလိုက်သည်။ သီဟသည် အနားကိုရောက်ရှိလာတဲ့ဓါးကို ခြေထောက်ဖြင့်ညှပ်ယူလိုက်သည်။ ချည်ထားတဲ့ကြိုးကို ဖြတ်နေသည်။

"အေး ငါ့လူတွေသေသလို နင်လည်းသေစေရမယ်"

"သေမယ့်အချိန်ကို စောင့်နေရတဲ့အဖွားကြီးက မဟုတ်တာတွေပြောနေပြန်ပြီ"

"မင်းကိုကိုယ် တယ်အထင်ကြီးနေတာကိုး"

"ဟော့ ကြိုးတွေကိုမဖြေနဲ့"

ထိုသို့ပြောပြီး သီဟတို့ထံ လုံ့ကိုင်ပြီးသွားနေသည်။ ဒေါသများလည်း ထွက်နေသည်။ စိုးရိမ်စိတ်များထွက်ပေါ်လာသည်။

"ဖြောင်း"

"အမလေး"

"ဝုန်း"

ပြင်းထန်တဲ့ရိုက်ချက်ကြောင့် လဲကျသွားသည်။ ဒေါ်ခင်လှသည် ကမ္ဘာလောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားသည်။ သီဟတို့အဖွဲ့သည် ချည်ထားတဲ့ကြိုးများဖြတ်နေကြသည်။ အောင်စိုးကြီးသည် တစ်ခြားလူများမှာ ချည်ထားတဲ့ကြိုးများကို ဖြတ်ပေးလိုက်သည်။

"ကျုပ် စကားကိုနားထောင်ကြပါ။ ခင်ဗျားတို့ သတိကြပါဦး။ ဟိုအကောင်တွေကို ဖမ်းဖို့ရှိသေးတယ်။ သူတို့ပြန်ရောက်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်များတို့ထကြပါ။ သူတို့ကို ကွယ်ရာကခြောင်းပြီးတိုက်မယ် သဘော ပေါက်ကြလားမသိဘူး''

''သဘောပေါက်ပါတယ်''

''ဟာ ခြေသံတွေကြားတယ် မထကြနဲ့''

အောင်စိုးကြီးသည် ဝါးလုံးပိုင်းကိုယူပြီး ကွယ်ရာကိုကပ် နေလိုက်သည်။ သီဟတို့သည် ထိုနေရာမှာ ထိုင်နေကြသည်။ ဒေါ် ခင်လှတပည့်လေးယောက်သည် စကားပြောပြီးလာနေကြသည်။

သီဟတို့သည် မသိမသာနေလိုက်ကြသည်။ အောင်စိုးကြီး သည် ကွယ်ရာမှာနေပြီးအခြေအနေကိုကြည့်နေသည်။

''ဟာ မေမေကြီးတို့ ဘယ်လိုဖြစ်တာပါလိမ့်''

လဲကျနေတဲ့ ဒေါ်ခင်လှတို့မောင်နှမတို့ကို ထူလိုက်သည်။ ပြင်းထန်တဲ့ဒဏ်ရာကြောင့် သတိမေ့နေသည်။ သီဟတို့ကိုရော မျက်လုံးများဖြင့် ကြည့်နေကြသည်။

''ဟေ့ကောင်တွေ မေမေကြီးတို့ကို ဘယ်သူတိုက်ခိုက်လဲ''

''ကျုပ်တို့မသိဘူး''

''ဘာမသိတာလဲ''

''ဒီအကောင်တွေကို ရှင်းပစ်တာပဲကောင်းပါတယ်ကွာ''

''ဟေ့ကောင်တွေ အဲဒီလောက်စိတ်မမြန်နဲ့ကွာ''

''ပြော မေမေကြီးတို့ကို ဘယ်သူတိုက်ခိုက်သွားလဲ''

''အောင်စိုးကြီးတိုက်ခိုက်သွားတာ''

သီဟပြောလိုက်သည်။

အောင်စိုးကြီးဆိုတာကြောင့် တုန်လှုပ်သွားသည်။ ၎င်းတို့ သည် အောင်စိုးကြီးဆိုတဲ့အသံကြောင့် ရုတ်တရက်ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွားသည်။

အောင်စိုးကြီးဆိုတဲ့အသံကိုသာ ကြားဖူးသည်။ လူကိုတော့





တစ်ခါမှမတွေ့ကြုံဘူးပေ။ ဒေါ်ခင်လှကိုယ်တိုင်တောင် ကြောက်ရွံ့ သည်။ ဒေါ်ခင်လှသည်သွက်လက်ပြီး သတ္တိရှိတယ်ပြောပေမယ့် ၎င်းနှင့်တွေ့တော့ ဘာမှမတတ်နိုင်အောင်ဖြစ်သွားသည်။

''အဲဒီကောင် အခုဘယ်မှာလဲ''

''ခင်ဗျားတို့ကိုတိုက်ခိုက်ဖို့ အပေါ်ထပ်ကိုတက်သွားတယ်''

''ငါတို့ ဘာဆက်လုပ်မလဲ''

''ဒီကောင်ကို ရှင်းပစ်ရမှာပေါ့''

''သိပ်ကောင်းတဲ့ အစီအစဉ်ပဲ''

''မင်းတို့အပေါ်ကိုလိုက်သွား ငါတို့ ဒီကစောင့်နေမယ်''

နှစ်ယောက်အပေါ်ကို တက်သွားကြသည်။

''ရော့''

''ဖျောင်း''

''အု''

''အမလေးဗျ''

လဲကျသွားသည်။ ကျန်သူတစ်ယောက်သည် အောင်စိုးကြီး ကိုဒေါသနှင့် ကြည့်နေသည်။ နှစ်ယောက်မှတစ်ယောက်လဲကျသွား သည်။ ကျန်သူသည် ဓါးရှည်ကိုကျစ်လစ်စွာ ဆုတ်ကိုင်လိုက်သည်။

''ဒီတစ်ခါတော့ မင်းအလှည့်ပဲ''

''အဲဒီလိုလူကိုပဲ ငါကမျှော်နေတာ''

''ဟေ့ သီဟတို့သတိနဲ့နေကြ။ ထိုင်မနေကြနဲ့တော့။ တွေ့ လား မိတ်ဆွေ သူကိုယ်မှာချည်ထားတဲ့ကြိုးတွေမရှိတော့ဘူး''

''ယုတ်မာတဲ့အကောင်သေပေတော့''

''ဗိုး ဗိုး''

တစ်ဖက်မှာ ခုတ်နေတာကို ရှောင်တိမ်းနေသည်။ ဓါးချက် လုံ့ထိုးကျွမ်းကျင်တဲ့သူတစ်ယောက်အနေနှင့် အသားအရာရှောင်



www.burmeseclassic.com

www.burmeseclassic.com



တိမ်းနေသည်။ တစ်ဖက်ကအမှားကိုစောင့်ဆိုင်းနေသည်။

''ဖျောင်း''

''အား''

အောင်စိုးကြီးသည် မြေပေါ်ပြန်ကျသည်နှင့် ထိုလူကိုဖြတ်ရိုက်လိုက်သည်။ ပိုင်နိုင်စွာ ထိမှန်သွား၍ လဲကျသွားသည်။

''အဲဒီလူတွေကို ကြိုးနဲ့တုတ်ပြီး တိုင်မှာချည်ထားလိုက်ကြဗျာ''

သီဟတို့သည် လဲကျနေသူများကို ကြိုးချည်လိုက်ကြသည်။ စိတ်ထဲမှာပျော်ရွှင်နေကြသည်။ ခြေသံတွေကြားနေရသည်။ အောင်စိုးကြီးသည် သီဟတို့ကို ကွယ်နေကြရန်ပြောလိုက်သည်။ သီဟတို့အဖွဲ့သည် ကွယ်နေကြသည်။ ခေါင်းလုခင်တပည့်များသည် အပေါ်ထပ်မှဆင်းလာခဲ့ကြသည်။ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် အံ့သြကုန်ကြသည်။ ၎င်းလူတွေ သတိလစ်လဲကျနေပြီး ကြိုးများဖြင့် ချည်နှောင်ခြင်း ခံစားရသည်။

သီဟတို့အဖွဲ့တစ်ယောက်မှ မရှိတော့၍ ပို၍တုန်လှုပ်ကုန်ကြသည်။

''ဟာ ဘယ်လိုဖြစ်ကုန်တာလဲ''

''ငါတို့ဘာဆက်လုပ်ကြရင်ကောင်းမလဲ''

''ဘာမှမလုပ်ကြနဲ့ လုပ်လို့မရတော့ဘူး''

''ဟာ အောင်စိုးကြီး''

''ဟုတ်တယ်ငါပဲ။ ဒီနေ့တော့ မင်းတို့သေရမယ့်အလှည့်ပဲ။ မင်းတို့လက်ထဲက ဟာတွေချလိုက်ပါ''

ပြင်းထန်တဲ့ အမိန့်သံကြောင့် လက်ထဲမှာ ကိုင်ထားတာတွေ ချလိုက်ကြသည်။ ၎င်းတို့အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့အားလုံး ကြိုးအတုတ်ခံထားရသလို လောကကြီးနှင့်အဆက်အသွယ်ပြတ် နေကြ





သည်။

''အေး အဲဒီလို လိမ္မာမှပေါ့''

''ချလေကွာ ပြောမရဘူးလား။ ခုခံလို့မရတော့ဘူး ရွာသားတွေလည်း ရောက်နေကြပြီ။ သီဟရေသူတို့ကိုကြိုးတုတ်လိုက်ကြဟေ့''

''ဟုတ်ကဲ့''

မကျေနပ်တဲ့ အကြည့်များစွာဖြင့် ကြည့်နေကြသည်။ ခုခံ ရန်ကြိုးစားရင်လည်း အင်အားချင်းက များစွာကွာခြားနေသည်။

သီဟတို့အဖွဲ့သည် ကွယ်ရာမှထွက်လာကြသည်။ ထိုလူနှစ်ယောက်ကိုကြိုးတုတ်နေသည်။ ရွာလူကြီးများ ရောက်ရှိလာကြသည်။ အားလုံးသည် ခေါ်ခင်လုနှင့်အပေါင်းအပါများကို ချုပ်နှောင်ပြီး ခေါ်သွားကြသည်။

ရွာကိုပေးနေတဲ့ အန္တရာယ်တွေချုပ်ငြိမ်းသွား၍ ပျော်ရွှင်နေကုန်ကြ၏။

အောင်စိုးကြီးကိုလည်း တစ်ရွာလုံးက ကျေးဇူးတင်မဆုံး အောင်ဖြစ်နေသည်။ ။

ဝရဇောတထားများထို စူးစမ်းရှာဖွေနေသော

မင်းမှူး



www.burmeseclassic.com